# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နယုန်လပြည့်ကျော် (၇) ရက် ၊ သောကြာနေ့ ၊ (9-6-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၀၄၀)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး( ကြည်း၊ ရေ၊ လေ ) မိသားစုများ၏ ၂၀၂၃ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပပြုလုပ်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ ရပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။**

**နေပြည်တော် ဇွန် ၈** သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူပြုစေရန်၊ အရိပ်အာဝါသရရှိစေရန်နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ် အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ်မိုးရာသီ တစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။

ယနေ့တွင် ၂၀၂၃ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ **စာမျက်နှာ ၁၆ ကော်လံ ၁** ☞




ရတနာပုံ
၂၀၂၃ ခုနှစ် ဇွန် ၉ ရက်
အယ်ဒီတာ့အာဘော်

# မြန်မာစာပေအကျိုးပြု ပခုက္ကူစာပေဆု

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုပ်ဝတ္ထုပိုင်းများ ခေတ်မီရေးသည် အရေးပါသကဲ့သို့ နိုင်ငံသားများ၏ ဉာဏစွမ်းရည်များ မြင့်မားရေးသည်လည်း ထပ်တူအရေးကြီးသည်။ နိုင်ငံတစ်နိုင်ငံ၏ စာပေနှင့် အနုသုခုမပညာရပ်များသည် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုအဆင့်အတန်း အကဲဖြတ်ရာတွင် အဓိကအခြေခံထား အကဲဖြတ်ကြသည်။

မြန်မာစာပေလောက ရှင်သန်ဖွံ့ဖြိုးရေးကြိုးပမ်းကြရာတွင် စာပေကို ပြုစုရေးသားကြသည့် စာဆိုတော်ကြီးများ၏ အခန်းကဏ္ဍသည် အရေးပါသကဲ့သို့ စာပေပညာရှင်၊ စာဆိုတော်များကို အားပေးချီးမြှောက်ပေးသည့် စာပေဆုနှင်းသဘင်များ၊ စာပေဆိုင်ရာ လှုပ်ရှားမှုများသည်လည်း ယနေ့တိုင်အရေးပါလျက်ရှိသည်။ မြန်မာစာပေအကျိုးကို အားထုတ်ကြိုးပမ်းပြုစုရေးသားခဲ့ကြသည့် စာပေပညာရှင်၊ စာဆိုတော်များကို အသိအမှတ်ပြု ချီးမြှောက်သည့်အနေဖြင့် နိုင်ငံတော်အပိုင်းက အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုတို့ကို နှစ်စဉ်ချီးမြှင့်ပေးသကဲ့သို့ **"စာပတ်ပရိသတ်ပြည်သူများအတွက် အကျိုးပြုစာပေများ ရှင်သန်ထွန်းကားရေးနှင့် မြန်မာစာပေဖွံ့ဖြိုးရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရန်"**ဟူသော ရည်ရွယ်ချက်ဖြင့် ပခုက္ကူမြို့ ဗိုလ်ချုပ်လမ်းနေ သိန်းတစ်ရာဆေးပေါင်းရုံပိုင်ရှင် ဦးအုံးဖေက သူ၏ စာပေဒါန မတည်လှူဒါန်းငွေများဖြင့် ၁၉၉၄ ခုနှစ်မှစ၍ ပခုက္ကူစာပေဆုကို နှစ်စဉ်ချီးမြှင့်ခဲ့ရာ ယခုနှစ်တွင် (၂၉) ကြိမ်မြောက် ပခုက္ကူစာပေဆု ချီးမြှင့်ပွဲကို ဇွန်လ ၉ ရက်တွင် နေပြည်တော်၌ ခမ်းခမ်းနားနား ကျင်းပမည်ဖြစ်ပါသည်။

ပခုက္ကူ ဦးအုံးဖေသည် သူ၏ ရည်ရွယ်ချက်အတိုင်း စာပေဒါနဆောင်ရွက်လိုသောကြောင့် ၁၉၉၁ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌထံသို့ နှုတ်ဖြင့်ရော စာဖြင့်ပါ ကမ်းလှမ်းခဲ့ရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကလည်း လိုအပ်သည်များ ပံ့ပိုးကူညီပေးခဲ့သည်။ ဦးအုံးဖေက ပခုက္ကူစာပေဆုမတည်ရန် ငွေကျပ် ၇၆၀၁၂၇၉ ကို ၁၉၉၂ ခုနှစ်တွင် လှူအပ်လှူဒါန်းပြီးနောက် ၁၉၉၃ ခုနှစ်တွင် ပခုက္ကူစာပေဆုပြိုင်ပွဲ စတင်ဖိတ်ခေါ်ကာ စာပေဆုချီးမြှင့်ခြင်းကို ၁၉၉၄ ခုနှစ်တွင် စတင်ကျင်းပနိုင်ခဲ့ပါသည်။ ယခု (၂၉)ကြိမ်မြောက် ပခုက္ကူစာပေဆုချီးမြှင့်ပွဲတွင် ပခုက္ကူစာပေတစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ ပညာရည်ချွန်ဆု၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆုတို့ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပါသည်။

လူသားများတွင် အဖိုးတန်ဆုံးသောအရာသည် အသိပညာဖြစ်ပါသည်။ အသိပညာကို အတွေ့အကြုံနှင့်စာပေက ရရှိနိုင်သည့်အတွက် စာကောင်းပေမွန် စာအုပ်စာပေများသည် လူသားတို့၏ ထာဝရမိတ်ဆွေများဖြစ်ပါသည်။ လူတိုင်းသည် ကိုယ်တွေ့ဖြင့် မည်သည့်အရာမှ နှံ့စပ်ကုန်စင်အောင်မသိနိုင်ဘဲ လူပေါင်းများစွာ၏ အတွေ့အကြုံ၊ အသိ၊ အတွေး၊ အမြင်များစုစည်းထားသည့် စာအုပ်စာပေများကို မိမိအကျိုးအတွက် ဖတ်ရှုအသုံးချနိုင်ရပါမည်။

နိုင်ငံနှင့်ပြည်သူ့အကျိုး၊ မြန်မာစာပေဖွံ့ဖြိုးရေးအကျိုးပြုသော စာကောင်းပေမွန်များကို ကလောင်စွမ်းဖြင့် ဆတက်ထမ်းပိုး သယ်ပိုးခဲ့သော စာပေပညာရှင်များ၊ စာဆိုတော်များ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်စွမ်းသရွေ့ အားပေးချီးမြှောက်သည့်၊ စာပေတာဝန်များကို စိတ်ကောင်းစေတနာဖြင့် ကျေပွန်အောင် ကြိုးစားထမ်းဆောင်မှုများကို ဂုဏ်ပြုသည့် ပခုက္ကူစာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ဝမ်းမြောက်ကြည်နူးစွာ ဂုဏ်ပြုရေးသားလိုက်ရပါသည်။

# ယခုဘဏ္ဍာနှစ်အတွင်း အောင်မြေသာစံမြို့နယ်ရှိ အာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်များအတွက် ငွေကျပ်သိန်း ၁၃၀၀ ကျော် ခွင့်ပြုထုတ်ပေးထား



**မန္တလေး ဇွန် ၈**

ယခုဘဏ္ဍာနှစ်အတွင်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် လူမှုဖူလုံရေးရုံးမှ အာမခံအလုပ်သမားများ၏ အကျိုးခံစားခွင့်များအတွက် ငွေကျပ်သိန်း ၁၃၀၀ ကျော် ခွင့်ပြုထုတ်ပေးထားကြောင်း အဆိုပါ လူမှုဖူလုံရေးရုံးမှ သိရသည်။

အဆိုပါ ခွင့်ပြုပေးသည့် လူမှုဖူလုံရေးအာမခံများအတွက် အကျိုးခံစားခွင့်ရှိသည့် ဧပြီလမှ ယနေ့ထိ အလုပ်သမား အမှုတွဲပေါင်း ၁၆၂ မှုရှိပြီး အများစုမှာ မမာမကျန်းမှုများနှင့် အမျိုးသမီး မီးဖွားမှုများအတွက် အများဆုံးတောင်းခံကြကြောင်း၊ ၎င်းအကျိုးခံစားခွင့်များရှိသည့် အမှုတွဲများအတွက် ငွေကျပ်သိန်း ၁၃၀၀ ကျော်ကို ခွင့်ပြုထုတ်ပေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် လူမှုဖူလုံရေးရုံးမှ ဦးစီးအရာရှိ ဒေါ်မိုးမိုးသွယ်က ပြောပြသည်။

"ရုံးကနေ မမာမကျန်းတာတွေ၊ မီးဖွားတာတွေ၊ အလုပ်ခွင်ထိခိုက်ဒဏ်ရာရတာတွေ၊ သေဆုံးတာတွေ ဖြစ်တဲ့အခါမှာ အာမခံအလုပ်သမားတွေကို ဆေးကုပေးမယ်၊ ငွေကြေးအကျိုးခံစားခွင့်တွေ ပေးမယ်ဆိုပြီး ထည့်ဝင်ကြေးတွေ ကောက်ခံထားတာဖြစ်တယ်။ သူတို့ဖော်ပြထားတဲ့ လစာအတိုင်း အကျိုးခံစားခွင့်တွေကို သတ်မှတ်ထားတဲ့ ရာခိုင်နှုန်းတွေအတိုင်း မှန်မှန်ကန်ကန် သူတို့လာတောင်းခံတာနဲ့ အနည်းဆုံး တစ်လအတွင်းမှာ ခွင့်ပြုထုတ်ပေးနိုင်အောင် ဆောင်ရွက်ပေးပါတယ်။ နာမကျန်းဖြစ်လို့ ဆေးဝါးကုသခွင့်ယူနေတဲ့ကာလအတွင်းမှာ လုပ်ခလစာ လျော့နည်းသွားတာကို အာမခံထားတဲ့အတိုင်း ပြန်လည်ဖြည့်ဆည်းပေးတာပါ"ဟု ဒေါ်မိုးမိုးသွယ်က ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်တွင် ပဲတီစိမ်း အရောင်းအဝယ်ကောင်းလာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၂၅၀၀ ပေါက်ဈေးရှိနေ

**မန္တလေး ဇွန် ၈**

မန္တလေးဈေးကွက်တွင် ပဲတီစိမ်း အရောင်းအဝယ်ကောင်းလာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၂၅၀၀ ပေါက်ဈေးရှိနေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ မန္တလေးဈေးကွက်အတွင်း ပဲတီစိမ်းဝယ်ယူမှု များပြားလာကြောင်း၊ ယခုလတ်တလောတွင် ပဲတီစိမ်း အရောင်းအဝယ်ကောင်းလာခြင်းကြောင့် မန္တလေး ဈေးကွက်အတွင်း ဈေးကောင်းရရှိလာကြောင်း သိရသည်။

"ပဲတီစိမ်းက မန္တလေးဈေးကွက်အတွင်းမှာတော့ အဝယ်လိုက်တဲ့ကုန်စည်ထဲမှာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ အခုလတ်တလော ကြိုက်ရောင်းကြိုက်ဝယ်တွေ ပြန်များလာပြီး အရောင်းအဝယ်ကလဲ တော်တော်လေး ပြန်ကောင်းလာတော့ မန္တလေးဈေးကွက်ထဲမှာ ဈေးကောင်းပြန်ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်တွင် မေလ နောက်ဆုံးပတ်အတွင်းက ပဲတီစိမ်းဈေးနှုန်းမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၇၀၀၀၀ သာရှိခဲ့သော်လည်း ယနေ့တွင် ပဲတီစိမ်းသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၂၅၀၀ ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

"ပဲတီစိမ်းက ပြည်တွင်းဈေးကွက်ထဲမှာလဲ အခု အရောင်းအဝယ်ကောင်းနေတယ်။ နောက်ပိုင်း ပဲတီစိမ်းအရောင်းအဝယ် ဒီထက်ပိုပြီး ကောင်းလာမဲ့အနေအထားမှာရှိနေပြီး ဈေးတွေလဲ ပိုပြီးကောင်းနိုင်တယ်"ဟု ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေး ဆိုင်ကယ်ဈေးကွက်၊ ကားဈေးကွက်

**မန္တလေး ဇွန် ၈**

မန္တလေးဆိုင်ကယ်ဈေးကွက်တွင် ထိုင်းနိုင်ငံထုတ် အော်တိုဂီယာဘီးများနှင့် တရုတ်ဘီးတစ်ပတ်ရစ်များ အရောင်းအဝယ်ကောင်းလျက်ရှိပြီး အသစ်ဘီးများလည်း ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လာကြောင်း မန္တလေးမြို့ ၅၉ လမ်း ဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click (ပုံပြောင်း) ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ ၄၄ သိန်း၊ နောက်ဆုံးမော်ဒယ်မဟုတ်သည့် အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ သိန်း ၂၀ ခန့်ဈေးရှိကြောင်း၊ Scoopy i အမျိုးအစား ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၄ သိန်းမှ ၁၇ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် Click (ဒလက်)မှာ ငွေကျပ် ၁၅ သိန်း၊ Click (စပုတ်)မှာ ငွေကျပ် ၁၃ သိန်း ၅ သောင်းခန့် ဈေးပေါက်လျက်ရှိပြီး Scoopy i အမျိုးအစားဘီးများမှာ ငွေကျပ် ၁၃ သိန်း ၅ သောင်းမှ ၁၅ သိန်းခန့် ဈေးရှိသော်လည်း အရောင်းအဝယ်ဖြစ်မှု အလွန်နည်းပါးကြောင်း၊ အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၆ သိန်း ၅ သောင်း မှ ၁၂ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၃ သိန်းခန့်၊ CZI နောက်ဆုံးထုတ် အသစ်တစ်စီးလျှင် ငွေကျပ် ၁၃ သိန်းခန့်၊ ဆိုင်ကလုန်းမှာ ငွေကျပ် ၁၇ သိန်းမှ ၁၉ သိန်း ၈ သောင်း ရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးမင်းနိုင်ထံမှ သိရသည်။

ကားဈေးကွက်တွင် ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီ ပစ်ကပ်ကားလေးများ အရောင်းအဝယ်အနည်းငယ်ရှိနေကာ နံပါတ်ထွက်ပြီး တစ်ပတ်ရစ်ညာမောင်းကားများမှ အင်ဂျင်ပါဝါမြင့်ကားများ အရောင်းအဝယ်အေးနေကြောင်း မန္တလေးကားဈေးကွက်အတွင်းမှ သိရသည်။

အရောင်းအဝယ်ဖြစ်နေသည့် ပွိုင့်သရီးကားလေးများနှင့် ၆၆၀ စီစီပစ်ကပ်ကားလေးများအနက် ငွေကျပ်သိန်း ၂၅၀ မှ သိန်း ၃၅၀ ကြား ကားများ အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

ပွိုင့်သရီးကားအမျိုးအစားများမှ ဟွန်ဒါဖစ်၊ တိုယိုတာဗစ်၍ စသည့် ကားအမျိုးအစားများ အရောင်းအဝယ်ရှိပြီး အမြင့်ကားများမှ တိုယိုတာအယ်လ်ဖတ်၊ တိုယိုတာကလူဂါ စသည့်ကားများ အရောင်းအဝယ်ဖြစ်မှု အလွန်နည်းကြောင်း သိရသည်။

၆၆၀ စီစီ ပစ်ကပ်ကားလေးများတွင်လည်း ဟိုက်ဂျက်အော်တို ငွေကျပ် သိန်း ၁၅၀ ခန့်၊ Manual ငွေကျပ်သိန်း ၁၃၀ ခန့်ဈေးပေါက်နေပြီး အခြားသောခွေးဘီလူးကားများတွင်လည်း Manual ငွေကျပ်သိန်း ၁၀၀၊ အော်တို ငွေကျပ်သိန်း ၁၂၀ ခန့်ဖြင့် အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ်၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ် သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သိုးရာဇာလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဟိုပုံးမြို့နယ် တောင်စိန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ ဖွဲ့စည်း

**ဟိုပုံး ဇွန် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မောက်မွန်းကျေးရွာအုပ်စု တောင်စိန်ကျေးရွာနှင့် ထီဖူးကျေးရွာတို့အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက တောင်စိန်ကျေးရွာ၌ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟိုပုံးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က တောင်စိန်ကျေးရွာနှင့် ထီဖူးကျေးရွာတို့ရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ သုံးနှစ်တစ်ကြိမ် လုပ်ငန်းအဖွဲ့ဝင်များ ရွေးချယ်ဖွဲ့စည်းရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့် ကျေးရွာအတွက် အမှန်တကယ် ဆောင်ရွက်နိုင်သူများကိုသာ ရွေးချယ်ဖွဲ့စည်းရန် ပြောကြားသည်။

ထို့နောက် ဟိုပုံးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်နှင့် တာဝန်ရှိသူများ၊ တောင်စိန်ကျေးရွာနှင့် ထီဖူးကျေးရွာတို့ရှိ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ ရွေးချယ်ရာတွင် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**မောင်နိုင်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ တမ္ပဝတီ ကြေးသွန်းမြောက်ရပ်နေ ဦးမြင့်ဦး(ကြေးကုန်သည်) မောင်နှမတို့က ဆွမ်း၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ပြည်ပသို့ ယခုနှစ် မေလတွင် ပြည်တွင်းကုမ္ပဏီ ၄၁ ခုက ဆန်နှင့်ဆန်ကွဲတန်ချိန် ၁၁၀၀၀၀ ကျော် တင်ပို့ရောင်းချခဲ့



**ရန်ကုန် ဇွန် ၈**

ပြည်ပသို့ ယခုနှစ် မေလတွင် ပြည်တွင်းကုမ္ပဏီ ၄၁ ခုက ဆန်နှင့် ဆန်ကွဲတန်ချိန် ၁၁၀၀၀၀ ကျော် တင်ပို့ရောင်းချခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ သတင်းများအရ သိရသည်။

ယခုနှစ် မေလတွင် ဆန်နှင့် ဆန်ကွဲများကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ပြည်တွင်းကုမ္ပဏီ ၄၁ ခုက တင်ပို့ရောင်းချပေးခဲ့ရာ ဆန်ကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံ ၂၆ နိုင်ငံနှင့် ဆန်ကွဲကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံ ၁၀ နိုင်ငံသို့တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းက ဆန်နှင့် ဆန်ကွဲ ၁၀၂၈၀၁ တန်နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများက ဆန်နှင့်ဆန်ကွဲ ၇၉၀၅ တန် စုစုပေါင်း ဆန်နှင့်ဆန်ကွဲ ၁၁၀၇၀၆ တန် တင်ပို့ရောင်းချပေးခဲ့ကြောင်း သိရသည်။

ဆန်နှင့်ဆန်ကွဲတင်ပို့ရောင်းချရာတွင် ဆန်အများဆုံးဝယ်ယူခဲ့သည့် နိုင်ငံငါးနိုင်ငံတွင် တူရကီနိုင်ငံက ဆန် ၁၁၃၇၆ တန်ဖြင့် အများဆုံးဝယ်ယူခဲ့ခြင်းဖြစ်ပြီး စပိန်နိုင်ငံက ဆန် ၄၄၄၉ တန်ဖြင့် ဒုတိယ၊ ဘူဂေးရီးယားနိုင်ငံက ဆန် ၄၁၂၅ တန်ဖြင့် တတိယ၊ ပိုလန်နိုင်ငံက ဆန် ၃၇၄၇ တန်ဖြင့် စတုတ္ထနှင့် ပေါ်တူဂီနိုင်ငံက ဆန်တန်ချိန် ၂၇၅၀ ဖြင့် ပဉ္စမအများဆုံး ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ ဆန်ကွဲအများဆုံးဝယ်ယူခဲ့သည့် ဖောက်သည်ဈေးကွက် နိုင်ငံငါးနိုင်ငံတွင် ဘယ်လ်ဂျီယံနိုင်ငံက ဆန်ကွဲ ၂၅၉၂၅ တန်ဖြင့် ပထမ၊ နယ်သာလန်နိုင်ငံက ဆန် ကွဲတန်ချိန် ၁၃၅၀၀ တန်ဖြင့် ဒုတိယဝယ်ယူခဲ့ကာ တရုတ်နိုင်ငံက ဆန်ကွဲ ၁၂၀၃၅ တန်ဖြင့် တတိယ၊ ပိုလန်နိုင်ငံက ဆန်ကွဲတန်ချိန် ၄၀၅၀ ဖြင့် စတုတ္ထနှင့် စပိန်နိုင်ငံက ဆန်ကွဲတန်ချိန် ၄၀၀၀ ဖြင့် ပဉ္စမအများဆုံးဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ သတင်းများအရ သိရသည်။

(၃၃၆)

# မြင်းခြံ... 

# ပြင်ဦးလွင်မြို့နယ် ပင်လိုန်(အရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပြင်ဦးလွင် ဇွန် ၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ပင်လိုန်(အရှေ့)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ တတိယအကြိမ်ထုတ်ချေးခြင်းကို ဇွန် ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာညိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများကို ပြောကြားသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်က မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၆၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပင်လိုန်(အရှေ့)ကျေးရွာရှိ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်မည့် အသင်းသား၊ အသင်းသူ စုစုပေါင်း ၁၂၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၆၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးသူ**

# ဝေါမြို့နယ် နောင်ဂျမ်းကျေးရွာ၌ ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ဝေါ ဇွန် ၈**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးကိစ္စရပ်များအတွက် သွားလာမှုလွယ်ကူစေရန်ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် နောင်ဂျမ်းကျေးရွာ၌ ကျေးရွာတွင်း ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ နောင်ဂျမ်းကျေးရွာ၌ ကျေးရွာတွင်း ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ဝေါမြို့နယ် နောင်ဂျမ်းကျေးရွာ၌ လမ်းအရှည်ပေ ၁၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၃ ဒသမ ၅ သန်း အသုံးပြု၍ ဝေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏နည်းပညာကူညီမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် မေ ၃ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါဂဝံမြေနီလမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် နောင်ဂျမ်းကျေးရွာနေ ပြည်သူများ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်ပြီး လူမှုစီးပွားဘဝများ ယခင်ကထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဝေါမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက ပြောပြ၍ သိရသည်။

**ကိုညို**



# သာသနာ့တိုက်စစ်မှူးကောင်းတွေ၊ ခံစစ်မှူးကောင်းတွေ ပွားများကြပါစေ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့ရှိ **"လောကမာရ်အောင်ဘုရားနှင့် ပိဋကတ်ကျောက်စာတော်များသမိုင်း"**ကို ဖတ်ရှုစေ့ငုကြည့်သောအခါ ကမ္ဘာချဉ်းအောင် တည်ဆောက်လှူဒါန်းထားသော **"သံတန်ဆောင်းတော်ကြီး"**အကြောင်းကိုပါ စိတ်ပါဝင်စားသွားသည်။

ပို၍စိတ်ဝင်စားစေသူများမှာ **"ဘုရားဒါယကာကြီး ဦးပွနှင့် ဘုရားဒါယိကာမကြီး ဒေါ်မမတို့ အလှူရှင်ဇနီးမောင်နှံ"**ဖြစ်ကြသည်။ ထပ်မံပြီး ပို၍စိတ်ဝင်စားစေသူများလည်းရှိသည်။ အလှူရှင်အဘိုး၊ အဘွားတို့၏ လှူဒါန်းမှုအစုစုကို လက်ဆင့်ကမ်းခံယူထိန်းသိမ်းစောင့်ရှောက်ခဲ့ကြပြီး နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့တိုင်း ဗုဒ္ဓပူဇနိယပွဲတော်ကို ကျင်းပနေကြသော သားသမီးများနှင့် မြေးများပင်ဖြစ်ကြသည်။

မြတ်ဗုဒ္ဓ၏သာသနာတော်သုံးရပ် စဉ်ဆက်မပြတ်တည်တံ့နေစေရေးနှင့် ထွန်းလင်းတောက်ပနေစေရေးအတွက် ဗုဒ္ဓဘာသာဝင်တိုင်းတွင် ဘာသာရေးတာဝန်ကျေပွန်ကြရန်လိုသည်။

ဘာသာရေးတာဝန်ကျေပွန်ကြသည့်အပြင် ထူးချွန်ပြောင်မြောက်လွန်းကြသော ဘုရားဒါယကာကြီးဦးပွနှင့်ဘုရားဒါယိကာမကြီးဒေါ်မမတို့သည် **"သာသနာ့တိုက်စစ်မှူးကောင်းများ"** ဖြစ်ခဲ့ကြသကဲ့သို့ သားသမီးများနှင့် မြေးများကလည်း **"သာသနာ့ခံစစ်မှူးကောင်းများ"**ဖြစ်နေကြသည်။

ကမ္ဘာ့လူဦးရေ အချိုးအစားအရ ကမ္ဘာပေါ်တွင် ခရစ်ယာန်ဘာသာ ၃၃ ရာခိုင်နှုန်း၊ အစ္စလာမ်ဘာသာ ၂၂ ရာခိုင်နှုန်း၊ ဟိန္ဒူဘာသာ ၁၅ ရာခိုင်နှုန်း၊ ဗုဒ္ဓဘာသာ ခြောက်ရာခိုင်နှုန်း၊ ကမ္ဘာ့ဘာသာကြီးလေးမျိုးထဲတွင် ဗုဒ္ဓဘာသာဝင်လူဦးရေသည် အနည်းဆုံးဖြစ်နေသည်။ ထိုသို့ အနည်းဆုံးဖြစ်နေကြသည့်ကြားမှ **"ရှင်နည်းရာ အဂ္ဂ လူထွက်"**ဆိုသကဲ့သို့ ဗုဒ္ဓဘာသာမှ အခြားဘာသာသို့ ကူးပြောင်းသွားသူများ၊ အဓမ္မဝါဒီများကြောင့် အယူဝါဒပြောင်းလဲသွားကြသူများရှိနေကြလေရာ ကြိုတင်ကာကွယ်ကြသင့်သည်။

**မိရိုးဖလာဗုဒ္ဓဘာသာဝင်အဖြစ်မှ အခြားဘာသာသို့ ကူးပြောင်းသွားကြသူများ**

နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရစဉ်က ဗုဒ္ဓဘာသာဘုရားစင်(ကျောင်းဆောင်)တချို့ ပျောက်ကွယ်သွားခဲ့ကြသည်ဟု ဧရာဝတီတိုင်းဒေသကြီးအတွင်းတွင် ပြောစမှတ်ဖြစ်ကျန်ခဲ့သည်။ နာဂစ်မုန်တိုင်းတိုက်ခတ်သွားသောကြောင့် ဘုရားစင်များ ပြုတ်ကျလွင့်စဉ်သွားခြင်းမဟုတ်။ မုန်တိုင်းကိုအကြောင်းပြုပြီး ဘာသာရေးခုတုံးလုပ်သွားကြသောကြောင့်ပင်တည်း။

လေဘေးဒဏ်ခံကြရသူများကို မြန်မာလူမျိုးအချင်းချင်းကူညီခဲ့ကြသည်က မဖြစ်စလောက် မထိရောက်၊ အချိန်ယူပြီး ရေးကြီးခွင်ကျယ်လုပ်နေကြလေသောအခါ ဘာသာခြားတချို့က မက်မောဖွယ်ရာများဖြင့် ချက်ချင်းလက်ငင်းကူညီခဲ့ကြသည်။ ငွေအား၊ လူအား၊ ပစ္စည်းအား အားမျိုးစုံကို အချိန်ကိုက်အသုံးချခဲ့ကြသည်။ ကျွဲကူးရေပါ ဘာသာရေးဘက်ကိုစည်းရုံးခဲ့ကြရာ ဘေးဒုက္ခကြုံတွေ့နေကြသူတချို့ ဗုဒ္ဓဘာသာဝင်အဖြစ်မှ အခြားဘာသာသို့ ခပ်လွယ်လွယ်ပဲ ကူးပြောင်းသွားခဲ့ကြသည်။ ထို့ကြောင့် ဗုဒ္ဓဘုရားစင်များပျောက်ကွယ်သွားခဲ့ကြပြီး အခြားဘာသာဝင်များ နေရာယူလာခဲ့ကြသည်။

လွန်ခဲ့သော ၁၀ နှစ်ကျော်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့သစ်တစ်မြို့နယ်ထဲမှ လမ်းတစ်လမ်း၌ ဆယ်အိမ်မှူးမိသားစုတစ်စု ဆင်းရဲကျပ်တည်းစွာနေထိုင်ခဲ့ကြသည်။ တစ်နေ့တွင် ဆယ်အိမ်မှူးအဖြစ်မှ နုတ်ထွက်ခွင့်တင်ခဲ့ရာ ဘာကြောင့်နုတ်ထွက်ခွင့်တင်ရသလဲဆိုသည်ကို လေ့လာစုံစမ်းခဲ့ကြသည်။ ဆင်းရဲသောသူတို့မိသားစုကို အခြားဘာသာဝင်များက ပံ့ပိုးကူညီနေကြသောကြောင့် သူတို့မိသားစုဝင်အားလုံး ဗုဒ္ဓဘာသာဝင်များအဖြစ်မှ အခြားဘာသာသို့ ကူးပြောင်းသွားခဲ့ကြောင်း၊ ထို့ကြောင့် လိပ်ပြာမလုံ၊ လူတောမတိုးဝံ့တော့ဘဲ အားလုံးကို ရှောင်လွှဲလိုသောသဘောဖြင့် နုတ်ထွက်ရခြင်းဖြစ်ကြောင်း သိရသည်။

ထိုရပ်ကွက်ထဲရှိ လမ်းတစ်လမ်းမှ အိမ်ရှင်ဆရာဝန်မိသားစုမနေဘဲ ပိတ်ထားသောတိုက်အိမ်သို့ အာရှတိုက်သားထဲက အသားဖြူလူမျိုး အသက် ၅၀ ခန့်အရွယ် ဇနီးမောင်နှံ အိမ်ငှားအဖြစ်ပြောင်းရွှေ့ရောက်ရှိလာခဲ့ကြသည်။ ရွှံ့ဗွက်ထူပြီး သွားလာရေးခက်ခဲသောနေရာမျိုးတွင် ထိုအချိန်က အိမ်ငှားခဈေးနှုန်းထက် မတန်တဆပိုပေးပြီး လာရောက်ငှားရမ်းနေထိုင်ကြခြင်းဖြစ်သည်။

သူတို့က ခြံဝင်းအတွင်းရှိ အဝီစိရေတွင်းမှရေကို လှူသည်။ မြန်မာဆရာဝန်တစ်ဦးကိုငှားရမ်းပြီး အခမဲ့စေတနာဆေးကုသခန်းဖွင့်လှစ်ပေးသည်။ အသက် ၈၀ အရွယ် အဘွားတစ်ဦး၏မျက်စိကို စမ်းသပ်ပေးပြီး "သူတို့မှာ မျက်ကြည်လွှာ ၁၂ ခုပါတယ်။ မျက်ကြည်လွှာတွေထဲက အဘွားကို တစ်ခုလှူဒါန်းပါမယ်။ ဒါပေမဲ့ ဗုဒ္ဓဘာသာကနေ သူတို့ဘာသာကို ကူးပြောင်းရမယ်"ဟု စည်းရုံးသိမ်းသွင်းခဲ့ကြသည်။

သည်တော့အဘွားက **"ငါ့မျက်စိ ကန်းချင်ကန်းသွားပါစေ၊ သရဏဂုံကိုပစ်ပယ်ပြီး ဗုဒ္ဓဘာသာကနေဘယ်ဘာသာကိုမှမပြောင်းဘူး၊ လုံးဝမပြောင်းဘူး"** ဟု ခပ်ဆတ်ဆတ်ပြန်ပြောခဲ့သည်။ ထိုသို့ ဆေးခန်းကိုဖွင့်ပြီး ဘာသာရေးနယ်ချဲ့နေသောကြောင့် မြန်မာဆရာဝန်ကလုံးဝမကျေနပ်တော့ဘဲ အလုပ်မှနုတ်ထွက်သွားခဲ့သည့်အပြင် ထိုဆေးခန်းသို့ မသွားကြရန်လှုံ့ဆော်သတိပေးခဲ့သည်။

အဘွားကြီး၏ ဗုဒ္ဓဘာသာဝင်ပီသပြီး သရဏဂုံတည်သောစကားကို ကြားရသူတိုင်းက ကျမ်းဂန်လာ **"သုပ္ပဗုဒ္ဓကုဋ္ဌိနာရောဂါသည်ကြီး"** အကြောင်းကို သတိရစေခဲ့သည်။ သိကြားမင်းက သုပ္ပဗုဒ္ဓ၏ သရဏဂုံတည်၊ မတည်ကို စမ်းသပ်စစ်ဆေးချင်သောကြောင့် သွေးတိုးစမ်းပြီး မေးမြန်းခဲ့သည်။

**"အို အသင်သုပ္ပဗုဒ္ဓ ကုဋ္ဌိနာရောဂါသည်ကြီး ဘုရားကို ဘုရားမဟုတ်ပါ၊ တရားကို တရားမဟုတ်ပါ၊ သံဃာကို သံဃာမဟုတ်ပါဘူးရယ်လို့ ပြောမယ်ဆိုရင် သင့်ရဲ့ကုဋ္ဌိနာကြီးပျောက်ကင်းအောင် ကုသပေးမယ်"**ဟု ပြောဆိုခဲ့သည်။

သုပ္ပဗုဒ္ဓနူနာရောဂါသည်ကြီးက **"နူနာရောဂါ မပျောက်ကင်းရင်နေပါစေ၊ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကိုတော့ မဟုတ်ဘူးလို့ ငါဘယ်တော့မှမပြောဘူး၊ ရတနာသုံးပါးသည်သာ ငါ၏အားထားရာ၊ မှီခိုရာ၊ ကိုးကွယ်ဆည်းကပ်ရာ ဖြစ်ပါတယ်"**ဟု ပြန်လည်ဖြေကြားခဲ့သည်။ အသက် ၈၀ အရွယ်အဘွားအိုကြီးကလည်း သုပ္ပဗုဒ္ဓကဲ့သို့ပင် သရဏဂုံသစ္စာတည်ခဲ့ရာ အံ့မခန်းဂုဏ်ယူလေးစားခဲ့ကြရသည်။

လူမျိုးခြားလင်မယားနှစ်ဦးက လက်မလျှော့သေးဘဲ ဆက်လက်၍လှုပ်ရှားခဲ့ကြသေးသည်။ ရပ်ကွက်ဥက္ကဋ္ဌထံ နည်းလမ်းပေါင်းစုံဖြင့်ချဉ်းကပ်ပြီး ရပ်ကွက်ထဲရှိ အဆင်းရဲဆုံးမိသားစုဝင်များစာရင်းကို ပြုစုပေးရန်တောင်းခဲ့ရာ ရပ်ကွက်ဥက္ကဋ္ဌက မသင်္ကာသောကြောင့် ငြင်းဆန်ခဲ့သည်။ သူတို့ဘာသာထဲဝင်လျှင် လောလောဆယ် ငွေကျပ် တစ်သိန်းပေးပါမည်ဟု ချဉ်းကပ်ခဲ့သည်။ ရပ်ကွက်ထဲရှိ ကလေးများကို မုန့်ပဲသရေစာများပေးဝေသည်။ သူတို့ဘာသာတူမိသားစုကို အဝီစိတွင်းတူးပေးသည်။ ဆင်းရဲသူများကို အဝတ်အထည်များ ဝေငှပေးသည်။ ရပ်ကွက်ထဲမှ တာဝန်ရှိသူများက အထက်အဖွဲ့အစည်းသို့ တင်ပြအကူအညီတောင်းခံတော့မှ လူမျိုးခြားလင်မယားနှစ်ဦး အခြားမြို့နယ်ထဲသို့ပြောင်းရွှေ့သွားတော့သည်။ ငွေကြေးမက်လုံးဖြင့် ကျုံးသွင်းပြီး ဘာသာရေးနယ်ချဲ့နေကြသော လူမျိုးခြားများသည် ငွေကျပ် ၁၀ သိန်းအကုန်အကျခံပြီး စေခိုင်းသူများထံမှ ငွေကျပ် သိန်း ၁၀၀ ပြန်ယူနေကြခြင်းဖြစ်သည်။ ညီ့သည်လိုမနေကြဘဲ အတင်းအဓမ္မ ကျုံးကျော်စော်ကားနေကြခြင်းဖြစ်သည်။

> ❖ "အမှားကြာလျှင် အမှန်ထင်၊ ပြန်ပြင်မရ လူ့လောက"ဟူသော ဆရာကြီးဦးသုခ ဆိုဆုံးမခဲ့သကဲ့သို့ အမှားများကို နာကြားဖတ်ရှုဖန်များလာလျှင် အမှန်ထင်သွားကြပါက မြတ်ဗုဒ္ဓ၏ တရားစစ်၊ တရားမှန်များကို ထိခိုက်စေသည်။ ထိုအမှားများကို အမှန်ထင်ပြီး ကျင့်ကြံနေပါက အပါယ်ငရဲသို့ လားကြပေလိမ့်မည်။ ထို့ကြောင့် အဓမ္မဝါဒီတိုက်ဖျက်ရေး အဖွဲ့ဝင်များက အဓမ္မဝါဒီများ၏အမှားများကို ရဲရဲဝံ့ဝံ့ထောက်ပြနေကြခြင်းဖြစ်သည်။ ❖

၁၉၉၈ ခုနှစ် မေလထုတ် ရတနာမွန်မဂ္ဂဇင်း စာမျက်နှာ ၂၁ ၌ **"ဓမ္မဒူတ အရှင်ပညာဇောတ"**၏ ဩဝါဒကို ဖော်ပြထားရာတွင် **"သာသနာပြုတယ်ဆိုတာ စံစစ်နဲ့ တိုက်စစ်နှစ်မျိုးရှိတယ်၊ တပည့်တော်တို့ ဓာသင်တိုက်ကြီးတွေ တည်ထောင်ထားတာဟာ သာသနာ့ခံစစ်နောက်တန်းမှူးကောင်းမှ ခံစစ်ကောင်းမယ်၊ တရားဟော၊ တရားပြ၊ စာရေးတယ်ဆိုတာ တိုက်စစ်ဆင်နွှဲနေတာ၊ ရှေ့တန်းတိုက်စစ်မှူးတွေ အရည်အချင်းပြည့်ဝမှ အောင်မြင်မယ်၊ သာသနာအတွက် စံစစ်ရော တိုက်စစ်ပါ အားကောင်းအောင် ကြိုးစားကြစမ်းပါ"**ဟူ၍ဖြစ်သည်။

အသက် ၈၀ အရွယ်အဘွားကြီးနှင့် ရပ်ကွက်ဥက္ကဋ္ဌသည် သာသနာ့ခံစစ်မှူးများဆိုလျှင်မမှားပေ။ သူတို့ကဲ့သို့ သာသနာ့ခံစစ်မှူးကောင်းများ များစွာတိုးပွားလာစေရေးအတွက် နည်းလမ်းမျိုးစုံဖြင့် လေ့ကျင့်ပျိုးထောင်နေကြရပေမည်။ မိသားစုအလိုက် သရဏဂုံသစ္စာတည်အောင်ကျင့်သုံးနေကြရပေမည်။ မိသားစုလိုက် သာသနာပြုနေကြရပေမည်။

**အဓမ္မဝါဒီများကြောင့် အယူဝါဒပြောင်းလဲသွားကြသူများ**

**"ဓမ္မနှင့်မညီကြသူများသည် အဓမ္မဝါဒီများဖြစ်ကြပါသည်။"** အဓမ္မဝါဒီဆိုသည့်နေရာတွင် လူပုဂ္ဂိုလ်တချို့ ပါဝင်ကြသကဲ့သို့ ကိုယ့်ကိုယ်ကိုယ် ငါသိ၊ ငါတတ်၊ ငါသာမြတ်သည်၊ ငါလုပ်သမျှဟုတ်၊ ငါကြံသမျှမှန်၊ ငါပြောသမျှချော၊ နေရာတကာမှာ ငါ့သဘောချည်းပဲဆိုသော အချို့သင်္ကန်းအရေခြုံများလည်းပါဝင်ကြသည်။ အဓမ္မကို ဓမ္မဟုကြွေးကြော်ပြီး တတ်ယောင်ကားလှည့်စားလိမ်ညာနေကြသူများ၏ ဓမ္မန္တရာယ်ကလည်း စိုးရိမ်ဖွယ်ရာကောင်းလှသည်။

တချို့က ကိုယ့်ပြောစကားကို မြတ်ဗုဒ္ဓ၏ပြောစကားလုပ်ပြီး ဖြီးဖြန်းဟောပြောရေးသားနေကြသည်။ တချို့ဆိုပါမူ ရုပ်ရှင်၊ ဂီတအနုပညာရှင်များ၏ ဟန်ပန်အမူအရာမျိုးဖြင့်ဟောပြောသီဆိုနေကြသည်။ တချို့က ဟိန်းဟောက်ဟောပြောနေကြသည်။ မြတ်ဗုဒ္ဓက သတ္တဝါများကို ရင်ဝယ်သားကဲ့သို့ ကရုဏာထားကာ သိမ်မွေ့ညင်သာစွာ ဟောပြောခဲ့သော်လည်း အဓမ္မဝါဒီများက ဓမ္မနှင့်ဆန့်ကျင်ပြီး ထင်ပေါ်အောင်၊ လူပေါ်လူဇော်လုပ်နေကြသည်။ လူပြိန်းကြိုက်စကားလုံးများဖြင့် အဓမ္မကို ဓမ္မအဖြစ် အတင်းရိုက်သွင်းနေကြသည်။

ထို့ကြောင့် အဓမ္မဝါဒီတိုက်ဖျက်ရေးအဖွဲ့က ဘုရားဟော ပိဋကသုံးပုံကျမ်းဂန်လာများဖြင့် ထောက်ပြပြီး အဓမ္မဝါဒီများကို တားဆီးဖယ်ရှားပေးရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကိုတင်ပြပေးနေခဲ့သည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကလည်း အဓမ္မဝါဒီများကို တားဆီးဖယ်ရှားပေးနေခဲ့သည်။ **"ဓမ္မကထိကများ နယ်လှည့်တရားဟောရာတွင် လိုက်နာရန်စည်းကမ်းချက်များ"**ထုတ်ပြန်ခဲ့ရသည်။

ဆဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပန္နရသမအစည်းအဝေးတွင် အချက်ကိုးချက်ပါသော နယ်လှည့်ဓမ္မကထိကဂုဏ်အင်္ဂါအရည်အချင်းများကို ဆုံးဖြတ်ချမှတ်ခဲ့သည်။ တရားဟောပြောနေကြသော ရဟန်းသံဃာ၊ သီလရှင်၊ လူပုဂ္ဂိုလ်များအနေဖြင့် ဓမ္မာစရိယအောင်မြင်ထားကြရမည်။ ထေရဝါဒပိဋကတ်တော်နှင့်ဆန့်ကျင်သော နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး စသည့် လောကီလူမှုရေးများကို ထည့်သွင်းဟောပြောခြင်းမပြုလုပ်ရ။ မိမိကိုယ်ကိုပဲဖြစ်စေ၊ သူတစ်ပါးကိုပဲဖြစ်စေ မထိပါးမပုတ်ခတ်သောဟောပြောခြင်း၊ သင်္ဂါယနာခြောက်တန်တင်၊ ထေရဝါဒပိဋကတ်တော်လာတရားတော်များကိုသာ ဟောပြောခြင်း၊ အနည်းဆုံး သိက္ခာဝါ(၁၀)ဝါရှိရပြီး ကိုယ်ကျင့်သီလနှင့်ပြည့်စုံသော သီလဝန္တပုဂ္ဂိုလ်ဖြစ်ခြင်းဟူသော ဂုဏ်အင်္ဂါအရည်အချင်းများ သတ်မှတ်ထားသည်။

တရားဟောဓမ္မကထိကပုဂ္ဂိုလ်များသည် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို ဆက်စပ်ကြည့်ရှုနိုင်ကြမှသာ သင်္ဂါယနာခြောက်တန်တင် ပိဋကတ်တော်နှင့်အညီ တရားဟောပြောနိုင်စွမ်းရှိမည်ဖြစ်သောကြောင့် ဓမ္မာစရိယအောင်မြင်ရမည်ဟု အရည်အချင်းသတ်မှတ်ထားခြင်းဖြစ်သည်။ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ကျမ်းများကို မကြည့်ရှုနိုင်သူများက ထေရဝါဒပိဋကတ်တော်နှင့်မညီညွတ်သည့်အပြင် ဆန့်ကျင်သောအကြောင်းခြင်းရာထွေလီကာလီများကို လုပ်ကြံဟောပြောမိကြပါက တရားနာပရိသတ်များ အမြင်မှား၊ အယူမှားဖြစ်သွားနိုင်ကြသည်။ ထို့ကြောင့် ပရိယတ္တိစာပေမကျွမ်းကျင်သူများကို တရားဟောပြောခွင့် တားမြစ်ပိတ်ပင်နေရခြင်းဖြစ်သည်။

**"အမှားကြာလျှင် အမှန်ထင်၊ ပြန်ပြင်မရ လူ့လောက"**ဟူသော ဆရာကြီးဦးသုခ ဆိုဆုံးမခဲ့သကဲ့သို့ အမှားများကို နာကြားဖတ်ရှုဖန်များလာလျှင် အမှန်ထင်သွားကြပါက မြတ်ဗုဒ္ဓ၏ တရားစစ်၊ တရားမှန်များကို ထိခိုက်စေသည်။ ထိုအမှားများကို အမှန်ထင်ပြီး ကျင့်ကြံနေပါက အပါယ်ငရဲသို့လားကြပေလိမ့်မည်။ ထို့ကြောင့် အဓမ္မ ဝါဒီတိုက်ဖျက်ရေးအဖွဲ့ဝင်များက အဓမ္မဝါဒီများ၏အမှားများကို ရဲရဲဝံ့ဝံ့ထောက်ပြနေကြခြင်းဖြစ်သည်။ သာသနာ့အာဇာနည်သူရဲကောင်း၊ သာသနာ့တိုက်စစ်မှူးကောင်းများအဖြစ် ရပ်တည်နေကြခြင်းဖြစ်သည်။


အဓမ္မဝါဒီများနှင့် တတ်ယောင်ကားလုပ်စားနေကြသူများသည် သူတို့၏လုပ်ကြံပြောစကားများကို မြတ်ဗုဒ္ဓ၏ပြောစကားလုပ်နေကြသောကြောင့် **"လယ်တီဆရာတော်ကြီး"**က **"ဇော်ပါလု သဘောဉာဏ်"**တေးထပ်ကို ရေးသားကာဆုံးမဩဝါဒပေးခဲ့သည်။ ထိုတေးထပ်ကို နဝမတန်းတွင် ပြဋ္ဌာန်းခဲ့ဖူးပါသည်။

**"ဇော်ပါလုသဘောဉာဏ်"**

**တစ်မိုင်းကြောင်း ကျက်စာရရုံနှင့်**
**ဇော်ပါလု သဘောဉာဏ်**
**ထက်မာန အပြောသန်တယ်**
**ဒေါသမာန် ထူပွား။**
**စာဒက တဖက်လာလျှင်**
**သူ့ထက်ငါ ငြင်းတဲ့လူစား၊**
**ဘုရားဟော မြတ်ဓမ္မကွန်ကို**

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကို ပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# မင်းဘူးခရိုင်အတွင်း ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် GAP စနစ်ဖြင့် မိုးစပါးဧက ၃၁၀၀ စိုက်ပျိုးမည်

**မင်းဘူး ဇွန် ၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်း ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် GAP စနစ်ဖြင့် မိုးစပါးဧက ၃၁၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးလှမိုးက ပြောပြ၍ သိရသည်။

မင်းဘူးခရိုင်အတွင်း ပွင့်ဖြူမြို့နယ်၊ စလင်းမြို့နယ်၊ စေတုတ္တရာမြို့နယ်တို့ရှိ ကျေးရွာ ၁၃ ရွာတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ GAP စနစ်ဖြင့် မိုးစပါးကို စိုက်ပျိုးမည်ဖြစ်ကြောင်း၊ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးကို GAP စနစ်ဖြင့် ပွင့်ဖြူမြို့နယ်တွင် ဧက ၃၀၀၀၊ စေတုတ္တရာမြို့နယ်တွင် ဧက ၅၀ နှင့် စလင်းမြို့နယ်တွင် ဧက ၅၀ စုစုပေါင်း ဧက ၃၁၀၀ လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"GAP စနစ်နဲ့ သီးနှံတွေစိုက်ပျိုးထုတ်လုပ်ရတဲ့ ရည်ရွယ်ချက်မှာ အစားအစာတွေဘေးအန္တရာယ်ကင်းရှင်းဖို့၊ ထုတ်ကုန်သီးနှံတွေ အရည်အသွေးကောင်းမွန်ဖို့၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေဖို့၊ လုပ်သားတွေရဲ့ ကျန်းမာရေးနဲ့ လူမှုဘဝသာယာဖို့အတွက် ဖြစ်ပါတယ်။ ဒါကြောင့် GAP စနစ်နဲ့ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းတွေကိုလိုက်နာပြီး စိုက်ပျိုးထုတ်လုပ်ကြဖို့ ဆောင်ရွက်နေတာဖြစ်ပါတယ်"ဟု ခရိုင်ဦးစီးမှူး ဦးလှမိုးက ပြောပြသည်။

ပြီးခဲ့သည့် မိုးရာသီက မိုးစပါးကို GAP စနစ်ဖြင့် ပွင့်ဖြူမြို့နယ်တွင် ကျေးရွာအုပ်စု ခုနစ်အုပ်စု၊ အစုအဖွဲ့ပေါင်း ၄၀၊ တောင်သူ ၉၂၇ ဦးက ဧက ၃၀၁၀ စိုက်ပျိုးနိုင်ခဲ့ပြီး စပါးတစ်ဧကလျှင် ၉၂ ဒသမ ၃ တင်းနှုန်းထွက်ရှိခဲ့ကြောင်း သိရသည်။ **မိုးထက်(မင်းဘူး)**



ယခင်နှစ်က GAP စနစ်ဖြင့် စိုက်ပျိုးခဲ့သည့် မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

➤ စာမျက်နှာ ၄ မှအဆက်

**တတ်လေဟန် ယောင်ဝါး။**
**ပရမတ်ပြန် အကြောင်းသမားတွေတို့**
**ထောင်လွှားကြ သူ့ထက်ငါ။**
**အသိဉာဏ် တစ်ထွာလောက်ကယ်နှင့်**
**ညှာမထောက် ဟောတတ်လုပါ။**
**ပရိသတ် ထောမနာအောင်**
**ဓာဒနာ ဉာဏ်အကောက်တွေနှင့်**
**ကန့်အကျောက် အတင်းမရှောင်**
**ငြင်းကြလူ့ဘောင်၊**
**ပိဋကတ် အစွယ်ထောင်လျှင်**
**အပါယ်ဘောင် ဆင်းရလိမ့်လေး။ ။**

လိုရင်းအချုပ်ကို ထုတ်နုတ်ပြရလျှင် **"တစ်ပိုင်းကြောင်"**ဆိုသော တစ်စွန်းတစ်စမျှ၊ တစ်စိတ်တစ်ပိုင်းလောက်ကိုသာ ကျက်မှတ်၍ သိသမျှ တတ်သမျှဖြင့် ကြွားဝါဟောပြောနေကြမည်ဆိုပါက၊ အပြစ်တင်စောဒကတက်မေးမြန်းဖြီးဖြန်းနေကြပါက၊ တတ်ယောင်ကားလုပ်ပြီး ကြွားဝါဟန်ရေးပြနေကြပါက မကောင်းမှုဒုစရိုက်ကြောင့် အပါယ်ဘုံသို့ကျရောက်ကုန်ကြလိမ့်မည်ဟု လယ်တီဆရာတော်ကြီးက ဆုံးမဩဝါဒပေးခဲ့ခြင်းဖြစ်သည်။ သာသနာ့ခံစစ် ဂန္ထဝင်တေးထပ်ပင်ဖြစ်သည်။

တကယ်တော့ သာသနာတော်ကို ညှိုးနွမ်းမှေးမှိန်သေးသိမ်စေသူအမျိုးအစားများထဲတွင် အချို့သက်နန်းအရှေ့ ဖြုံ သံယာအတုအယောင်များ၊ သီလရှင်အတုအယောင်များ၊ တံလျှပ်ရေထင် ရွှေသမင်အလိုက်မှားသကဲ့သို့ အပါယ်လားကြမည့် ဘာသာကူးပြောင်းသွားကြသည့်သူများထက် ကြောက်စရာအကောင်းဆုံး သာသနာဖျက်များမှာ **"အဓမ္မဝါဒီများ"**ပင် ဖြစ်ကြသည်။ ဆေးဆရာမှားလျှင် တစ်ဦးသာသေဆုံးနိုင်သော်လည်း တရားဟောဓမ္မကထိကတစ်ပါး၊ ပုဂ္ဂိုလ်တစ်ဦး၊ အဟောအပြော၊ အရေးအသားမှားလျှင် တရားနာမိသူအမြောက်အမြား လမ်းမှားသို့ရောက်ကုန်ကြပြီး ချောက်ထဲကျဒုက္ခရောက်သွားကြပေလိမ့်မည်။ ထို့ကြောင့် တာဝန်ရှိသူများက ဓမ္မစက်၊ အာဏာစက်များဖြင့် တားဆီးအရေးယူနေကြခြင်း ဖြစ်ပါသည်။

**သာသနာတော် တည်တံ့ခိုင်မြဲတိုးပွားရေး**

သာသနာတော်တည်တံ့ခိုင်မြဲရေးနှင့် တိုးတက်ထွန်းကားပြန့်ပွားရေးအတွက် ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာဟူသော သာသနာတော်သုံးရပ် စဉ်ဆက်မပြတ်တည်တံ့နေရေးနှင့် ပြန့်ပွားရေးသည် အဓိကကျလှသည်။ သာသနာတော်သုံးရပ်တည်တံ့ပြန့်ပွားထွန်းကားရေးအတွက် ပစ္စည်းလေးပါးဒါယကာ၊ ဒါယိကာမ များစွာလိုအပ်နေသည်။ စေတီ၊ ဘုရား၊ ကျောင်းကန်၊ သိမ်ဇရပ်၊ တန်ဆောင်းအလှူရှင်များ များစွာလိုအပ်နေသည်။ မြတ်ဗုဒ္ဓ၏တရားတော်နှင့်အညီ ဟောကြားနိုင်ကြသော ဓမ္မဝါဒီများ၏ တရားပွဲများကို အဆက်မပြတ်ကျင်းပနေကြပြီး အမြတ်ဆုံးအလှူရှင်များအဖြစ် ရပ်တည်ကြစေချင်သည်။

သာသနာ့တိုက်စစ်မှူးကောင်းများ၊ သာသနာ့ခံစစ်မှူးကောင်းများ တိုးပွားများပြားလာပါက ဘာသာရေးနယ်ချဲ့မှုအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ကြမည့်အပြင် ဗုဒ္ဓသာသနာ တည်တံ့ထွန်းကားပွားများလာမည်မှာ အမှန်ဧကန်ပင်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

# လှပမြန်ပြည် သုံးရာသီ

\- နွေနေပူပူ လေပူပူမှာ
ကြည်ဖြူနှလုံး အပြုံးအေးအေး
မပုန်းဆေးများ လက်ဆောင်ပါးလျှင်။

\- သူမောငါမော ကန္တာတောက
ရှာသောဝမ်းစာ တစ်ထွာကိုယ်စီ
သာကြည်ဖေးမ စာနာကြလျှင်။

\- ထိုးနှက်နှုတ်လှံ့ အမုန်းဒဏ်ကြား
စိတ်ထားရင်းဖြူ ညီတူနောင်ရင်း
မိတ်ရင်းဆွေသား မေတ္တာပွားလျှင်။

\- မြင်မြင်သမျှ ကြင်လှဆွေမျိုး
တော်စပ်ရိုးမှန် မေတ္တာပြန်မျှ
မေတ္တာရပေ ယုံကြည်လေလျှင်။

\- သူစိမ်းမဆန် အဖိုးတန်သော
မနောဆွေရင်း သွေးချင်းပမာ
မြန်မာစိတ်ထား လိုက်နာပွားလျှင်။

\- သြော်. . .
ချစ်ခြင်းတူပြိုင် ကိုယ်စီပိုင်၍
ဖြိုင်ဖြိုင်မေတ္တာ ကရုဏာဖြင့်
မုဒိတာ ဥပေက္ခာ
အကြင်နာတရား ရင်မှာပွားက
စွမ်းအားခိုင်မာ ပြည်မြန်မာသည်
နွေအခါလည်း သာယာဆဲ။
မိုးအခါလည်း အေးမြမြဲ။
ဆောင်းမှာဆိုလည်း နွေးထွေးဆဲ။
သုံးရာသီအမြဲ လှနေဆဲ။ ။

**အကျော်ပင်**

# နောင်ချိုမြို့နယ် နောင်သခေါ်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ရှင်းလင်း

**နောင်ချို ဇွန် ၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အနောက်ကြူအင်းကျေးရွာအုပ်စု နောင်သခေါ်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် စီမံကိန်းလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ဇွန် ၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးမြင့်ထွေးဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ပေးရခြင်းရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းဆောင်ရွက်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့် စီမံကိန်း လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော ကျေးရွာပြည်သူလူထုက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်ဦးစီးမှူး ဦးမြင့်ထွေးဝင်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးမြင့်ထွေးဝင်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ကျေးရွာပြည်သူလူထု၏ အများသဘောဆန္ဒဖြင့် ကျေးရွာကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းတာဝန်ပေးအပ်ပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များ လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

## နိုင်ငံတကာ သတင်းများ

# တရုတ်နှင့်အိန္ဒိယနယ်စပ် ပဋိပက္ခဖြစ်နိုင်ခြေကို ရှောင်ရှားရေးနည်းလမ်းရှာရန်လိုဟု အိန္ဒိယ ပြောကြား

**ဒေလီ ဇွန် ၈**

ဟိမဝန္တာအနောက်ပိုင်းနယ်စပ်တစ်လျှောက်၌ နှစ်နိုင်ငံအကြား စစ်ရေးအရ ထိပ်တိုက်တွေ့ဆုံနိုင်ခြေကို ရှောင်ရှားရေးအတွက် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့အနေဖြင့် နည်းလမ်းတစ်ရပ် ရှာဖွေရလိမ့်မည်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး အက်စ်ဂျိုင်ရှန်ကာက ဇွန် ၇ ရက်တွင် ပြောကြားခဲ့သည်။

ပိုင်ဆိုင်ခွင့် အငြင်းပွားနယ်စပ်တစ်လျှောက်၌ နှစ်ဖက်တပ်များ ရင်ဆိုင် နေရာယူထားမှုကြောင့် စစ်ရေးပဋိပက္ခတစ်ခုဆီသို့ ဦးတည်သွားနိုင်မည့်အရေး စိုးရိမ်နေရချိန်တွင် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးက အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပိုင်ဆိုင်ခွင့်အငြင်းပွား လာဒက်ခ်နယ်မြေ၌ ၂၀၂၀ ပြည့်နှစ်အတွင်း နှစ်ဖက်တပ်များအကြား ရန်ပွဲဖြစ်ပွားခဲ့ပြီးနောက် တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် နယ်စပ်တစ်လျှောက်၌ စစ်ရေးအရအခိုင်အမာနေရာယူ၍ စစ်လက်နက်ပစ္စည်းများဖြည့်တင်းထားခဲ့ကြသည်။

ပိုင်ဆိုင်ခွင့်အငြင်းပွားဟိမဝန္တာနယ်စပ်တစ်လျှောက် လက်ရှိအခြေအနေမှာ တရုတ်နှင့်အိန္ဒိယနှစ်နိုင်ငံစလုံးအတွက် အကျိုးမရှိကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဂျိုင်ရှန်ကာက နယူးဒေလီမြို့၌ သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

သို့သော် ဟိမဝန္တာနယ်စပ်၌ နှစ်နိုင်ငံအကြား စစ်ရေးပဋိပက္ခပေါ်ပေါက်လာနိုင်မည့် အရေးကိုရှောင်ရှားရေးအတွက် တရုတ်နှင့် အိန္ဒိယနှစ်နိုင်ငံစလုံး နည်းလမ်းရှာရမည်ဖြစ်ကြောင်း ဂျိုင်ရှန်ကာက သုံးသပ်ခဲ့သည်။

တရုတ်နှင့် အိန္ဒိယနိုင်ငံတို့အနေဖြင့် နယ်စပ်တင်းမာမှုများလျှော့ချရေးအတွက် စစ်ရေးဆွေးနွေးပွဲ၊ သံတမန်ဆွေးနွေးပွဲများ အကြိမ်ကြိမ် ကျင်းပခဲ့သော်လည်း နယ်စပ်အခြေအနေမှာ အန္တရာယ်ကြီးမားနေဆဲဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး၏ အဆိုအရ သိရသည်။

KKO

# လက်တင်အမေရိက နိုင်ငံ သုံးနိုင်ငံသို့ အီရန်သမ္မတ ရိုင်စီ သွားရောက်မည်



**တီဟီရန် ဇွန် ၈**

အီရန်သမ္မတ အက်ဘရာဟင် ရိုင်စီသည် လာမည့်ရက်သတ္တပတ်အတွင်း ကျူးဘား၊ နီကာရာဂွါနှင့် ဗင်နီဇွဲလားနိုင်ငံများသို့သွားရောက်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဇွန် ၇ ရက်တွင် ဖော်ပြခဲ့သည်။

သမ္မတရိုင်စီအနေဖြင့် အဆိုပါလက်တင်အမေရိကနိုင်ငံ သုံးနိုင်ငံတို့မှ ခေါင်းဆောင်များ၏ဖိတ်ကြားချက်အရ ယင်းနိုင်ငံများသို့ သွားရောက်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း အီရန်ပြည်တွင်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

သမ္မတရိုင်စီ၏ ခရီးစဉ်အတွင်း အီရန်နှင့်လက်တင်အမေရိကနိုင်ငံသုံးနိုင်ငံတို့သည် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များ လက်မှတ်ရေးထိုးကြမည်ဖြစ်ကြောင်း သိရသည်။

အီရန်သမ္မတရိုင်စီ အနေဖြင့် လက်တင်အမေရိက သုံးနိုင်ငံခရီးစဉ်ကို ဇွန် ၁၁ ရက်တွင် စတင်မည်ဖြစ်ကြောင်း အီရန်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ကျူးဘား၊ နီကာရာဂွါနှင့် ဗင်နီဇွဲလားနိုင်ငံတို့သည် အီရန်နိုင်ငံ၏ လက်တင်အမေရိကဒေသ အဓိကမဟာမိတ်နိုင်ငံများဖြစ်ကြသည်။

ထို့ပြင် အီရန်နိုင်ငံကိုယ်တိုင်နှင့် ဗင်နီဇွဲလားနိုင်ငံတို့သည် ရေနံထုတ်လုပ်တင်ပို့သူ နိုင်ငံများအသင်း (အိုပက်)အဖွဲ့ဝင်များလည်းဖြစ်ကြကြောင်း သိရသည်။ KKO

# နှစ်နိုင်ငံရေကြောင်းနယ်နိမိတ် သဘောတူညီချက်များ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့ လက်မှတ်ရေးထိုး



**ကွာလာလမ်ပူ ဇွန် ၈**

ကာလ ကြာမြင့်နေပြီဖြစ်သည့် ပင်လယ်ရေကြောင်း နယ်နိမိတ်စည်းအငြင်းပွားမှုများကိုအဆုံးသတ်ပေးထားသည့် သဘောတူစာချုပ်နှစ်ခုကို မလေးရှားနှင့်အင်ဒိုနီးရှားနိုင်ငံတို့က ယနေ့တွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

နှစ်နိုင်ငံအကြား နယ်နိမိတ်ပင်လယ်များ နယ်စည်းသတ်မှတ်မှုဆိုင်ရာစာချုပ်နှစ်ရပ်ကို အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် မလေးရှားဝန်ကြီးချုပ် အန်ဝါအီဘရာဟင်တို့က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

အဆိုပါ စာချုပ်နှစ်ခုတွင် မလက္ကာရေလက်ကြားနှင့် ဆူလာဝေစီပင်လယ်ဒေသများရှိ နှစ်နိုင်ငံပင်လယ်ရေကြောင်း နယ်နိမိတ်စည်းများကို ပိုင်းခြားသတ်မှတ်ပေးထားသည်။

၁၈ နှစ်ကြာ ဆွေးနွေးညှိနှိုင်းခဲ့ရပြီးနောက် မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံတို့အနေဖြင့် နှစ်နိုင်ငံပင်လယ်ရေကြောင်း နယ်နိမိတ်စည်းအငြင်းပွားမှုပြဿနာကိုအဆုံးသတ်နိုင်ခဲ့ပြီဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတဂျိုကိုဝီဒိုဒိုက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

သမ္မတ ဂျိုကိုဝီဒိုဒို ဦးဆောင်သည့် အင်ဒိုနီးရှားကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၇ ရက်တွင် မလေးရှားနိုင်ငံသို့ ရောက်ရှိခဲ့သည်။

အဆိုပါခရီးစဉ်အတွင်း အင်ဒိုနီးရှားသမ္မတနှင့် မလေးရှားဝန်ကြီးချုပ်တို့သည် ဆီအုန်းထုတ်လုပ်မှုလုပ်ငန်းအပေါ် ဥရောပသမဂ္ဂက မတရားချမှတ်ထားသည့် စည်းမျဉ်းများကို ပူးပေါင်းဆန့်ကျင်ကြရန်လည်း သဘောတူခဲ့ကြကြောင်း သိရသည်။ KKO

# လွှတ်တော်အမတ်အရေအတွက် လျှော့ချရေးဥပဒေကြမ်းကို ဥပဒေအဖြစ် အယ်လ်ဆာဗေဒိုးသမ္မတ လက်မှတ်ရေးထိုး

**ဆန်ဆာဗေဒိုး ဇွန် ၈**

အယ်လ်ဆာဗေဒိုးနိုင်ငံ သမ္မတနာယစ်ဘူကီလီသည် ဇွန် ၇ ရက်တွင် ရွေးကောက်ပွဲပြုပြင်ပြောင်းလဲရေးဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်ကို ဥပဒေအဖြစ် လက်မှတ်ရေးထိုးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါဥပဒေအရ အယ်လ်ဆာဗေဒိုး လွှတ်တော်၏ အမတ်နေရာအရေအတွက်ကို သုံးပုံတစ်ပုံနီးပါးလျှော့ချမည်ဖြစ်သည်။

လွှတ်တော်အမတ်နေရာအရေအတွက်လျှော့ချခြင်းဖြင့် ကုန်ကျစရိတ်သက်သာလာမည်ဖြစ်ကြောင်း အဆိုပါဥပဒေကို တင်သွင်းခဲ့သည့် လက်ရှိအာဏာရပါတီက ပြောကြားထားသည်။

သမ္မတဘူကီလီသည် လက်ရှိတွင် အမတ်နေရာ ၈၄ နေရာရှိသည့်လွှတ်တော်၌ အမတ်နေရာ ၆၀သာထားရှိရန် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက အဆိုပြုထားသည်။

သို့ရာတွင် ယင်းဥပဒေကို ရွေးကောက်ပွဲများမတိုင်မီ နိုင်ငံရေးအာဏာကို ပို၍ခိုင်မာဆုပ်ကိုင်ထားနိုင်ရန် ရည်ရွယ်ချက်ဖြင့် အတည်ပြုခဲ့သည့် ဥပဒေအဖြစ် အတိုက်အခံပါတီများက ဝေဖန်ထားသည်။

အယ်လ်ဆာဗေဒိုး နိုင်ငံသည် လာမည့်နှစ် ဖေဖော်ဝါရီလတွင် သမ္မတရွေးကောက်ပွဲနှင့်လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပရန်စီစဉ်ထားကြောင်း သိရသည်။ KKO

# ဩစတြီးယားနိုင်ငံ၌ ခရီးသည်တင်ရထားမီးလောင်မှုဖြစ်ပွား ခရီးသည်ဦးရေ ၁၇၀ ကျော်ကို ဘေးလွတ်ရာသို့ကယ်ထုတ်ခဲ့ရ

**ဗီယင်နာ ဇွန် ၈**

ဩစတြီးယားနိုင်ငံ၌ ဇွန် ၇ ရက်က ဥမင်လိုဏ်အတွင်း ခုတ်မောင်းနေသည့် ရထားတစ်စီးပေါ်၌ မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

မီးလောင်ကျွမ်းမှု ဖြစ်ပွားနေစဉ် ခရီးသည်ဦးရေ ၁၇၀ ကျော်ကို ဩစတြီးယားတာဝန်ရှိသူများက ဘေးလွတ်ရာသို့ ခေါ်ထုတ်ပေးခဲ့ရသည်။



အဆိုပါခရီးသည်တင် ညရထားသည် ဖရစ်ဇန်မြို့အနီးရှိ ဥမင်လိုဏ်တစ်ခုကို ဖြတ်သန်းခုတ်မောင်းနေစဉ်မှာပင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရထားမီးလောင်မှုကြောင့် ခရီးသည် ဦးရေ ၅၀ နှင့် ထိခိုက်ဒဏ်ရာ အနည်းအကျဉ်းစီ ရခဲ့ကြကြောင်း ဩစတြီးယား တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါဖြစ်စဉ်သည် ရထားတွဲတစ်တွဲ၏ အမိုးလျှပ်စစ်ဝိုင်ယာကြိုးစနစ် ပျက်စီးမှုကြောင့် မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရခြင်း ဖြစ်ဖွယ်ရှိကြောင်း ဩစတြီးယား တာဝန်ရှိသူများက သုံးသပ်ထားသည်။

ရထားတွဲမီးလောင်မှုကို နယ်ခံမီးသတ်တပ်ဖွဲ့ အဖွဲ့ ၂၀ ခန့်တို့က ဝိုင်းဝန်းထိန်းချုပ်၍ ခရီးသည်များကို ကယ်ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## နာဆာအနေဖြင့် ဆိုက်ခီအာကာသယာဉ်ကို လက်ရှိအစီအစဉ်အတိုင်း ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် လွှတ်တင်နိုင်ဖွယ်ရှိ



**ဝါရှင်တန် ဇွန် ၈**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)အနေဖြင့် ဆိုက်ခီအာကာသယာဉ်ကို လက်ရှိအစီအစဉ်အတိုင်း ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် လွှတ်တင်နိုင်ဖွယ်ရှိကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၇ ရက်တွင် ရေးသားတင်ပြထားသည်။

နာဆာအဖွဲ့သည် မူလက ဆိုက်ခီအာကာသယာဉ်ကို Space-X အာကာသနည်းပညာကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ရန် စီစဉ်ထားသည်။

သို့ရာတွင် အာကာသကွန်ပျူတာဆော့ဖ်ဝဲ ပြဿနာတစ်ရပ်ကြောင့် နာဆာအဖွဲ့သည် ယခုနှစ် အောက်တိုဘာလမှသာ လွှတ်တင်ရန် အစီအစဉ်ပြောင်းခဲ့ရကြောင်း သိရသည်။

သို့ရာတွင် နာဆာသိပ္ပံပညာရှင်များပြုလုပ်ခဲ့သည့် သီးခြားစစ်ဆေးသုံးသပ်ချက်အရ ဆိုက်ခီအာကာသယာဉ်ကို လက်ရှိအစီအစဉ်အတိုင်း အောက်တိုဘာလအတွင်း လွှတ်တင်၍ရနိုင်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်ကြား ဂြိုဟ်သိမ်ခါးပတ်ကွင်းနယ်မြေအတွင်းရှိ ဆိုက်ခီအမည်ရှိ ဂြိုဟ်သိမ်ကိုလေ့လာရေးအတွက် ဆိုက်ခီအာကာသယာဉ်ကို လွှတ်တင်ရန်စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။

အချင်းမိုင် ၁၄၀ ရှိသည့် ဆိုက်ခီဂြိုဟ်သိမ်ကို သတ္တုဓာတ်များဖြင့် ဖွဲ့စည်းထားသောဂြိုဟ်သိမ်အဖြစ် သိပ္ပံပညာရှင်များက ယုံကြည်ထားကြောင်း သိရသည်။

KKO


## ကြယ်စုတစ်ခု၏ ခါးပတ်ကွင်းနယ်မြေများအတွင်း စကြဝဠာမီးခိုးမှိုင်းများ တည်ရှိနေမှုကို အမေရိကန် သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဇွန် ၈**

ကြယ်စုတစ်ခု၏ ခါးပတ်ကွင်းနယ်မြေများအတွင်း စကြဝဠာမီးခိုးမှိုင်းများတည်ရှိနေမှုကို အမေရိကန်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း The Daily Mail သတင်းစာက ဇွန် ၇ ရက်တွင် ရေးသားတင်ပြထားသည်။

SPT 0418-47 အမည်ရှိ အဆိုပါကြယ်စု၏ ခါးပတ်ကွင်းများအတွင်း မီးခိုးနှင့်ကျပ်ခိုးမှိုင်းတို့တွင် ပါဝင်သည့် ဓာတုမော်လီကျူးများ တည်ရှိနေကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

သိပ္ပံပညာရှင်များသည် အထက်မီးခိုးနှင့်ကျပ်ခိုးမှိုင်းမော်လီကျူးများကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) ဂျိမ်းစ်ဝက် အာကာသရေဒီယိုတယ်လီစကုပ်အကူအညီဖြင့် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါမီးခိုးနှင့်ကျပ်ခိုးမော်လီကျူးများကို လေ့လာခြင်းဖြင့် ကြယ်များ ဖွဲ့စည်းဖြစ်ပေါ်လာပုံကို ပိုမိုနားလည်နိုင်ရေးအတွက် အထောက်အကူ ပြုနိုင်သည်ဟု သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

SPT 0418-47 ကြယ်စုသည် ကမ္ဘာမြေနှင့်အလင်းနှစ် ၁၂ ဘီလီယံအကွာတွင် တည်ရှိသည်။

ဂျိမ်းစ်ဝက် အာကာသရေဒီယိုတယ်လီစကုပ်သည် အဆိုပါကြယ်စုကို ကြယ်စုသက်တမ်း ၁ ဒသမ ၅ ဘီလီယံ သို့မဟုတ် လက်ရှိသက်တမ်း၏ ၁၀ ရာခိုင်နှုန်းသာ ရှိနေသေးချိန်ကို လေ့လာနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

KKO

## Space-X ကုမ္ပဏီ၏ ဒရာဂွန်အာကာသကုန်တင်ယာဉ်က နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့

**ဝါရှင်တန် ဇွန် ၈**

Space-X ကုမ္ပဏီ၏ ဒရာဂွန်အာကာသကုန်တင်ယာဉ်သည် ဇွန် ၆ ရက် နံနက်ပိုင်းတွင် နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇွန် ၇ ရက်တွင် ရေးသားတင်ပြထားသည်။

Space-X ကုမ္ပဏီသည် ဒရာဂွန် အာကာသကုန်တင်ယာဉ်ကို ဇွန် ၅ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ဒရာဂွန် အာကာသကုန်တင်ယာဉ်သည် လွှတ်တင်ပြီး ၁၈ နာရီအကြာတွင် နိုင်ငံတကာအာကာသစခန်းနှင့် အောင်မြင်စွာချိတ်ဆက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဒရာဂွန် အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းအတွက် စားရေရိက္ခာနှင့် အခြား သိပ္ပံစမ်းသပ်ပစ္စည်း စုစုပေါင်း အလေးချိန် ၃၃၇၅ ကီလိုဂရမ် တင်ဆောင်ထားသည်။

အဆိုပါ အာကာသကုန်တင်ယာဉ်မစ်ရှင်သည် Space-X ကုမ္ပဏီက အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) အတွက် လွှတ်တင်ပေးခဲ့သည့် ၂၈ ကြိမ်မြောက် နိုင်ငံတကာအာကာသစခန်း ထောက်ပံ့မစ်ရှင်ဖြစ်သည်။

ဒရာဂွန် အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်း၌ ၂၁ ရက်ကြာ ဆိုက်ကပ်ပြီးနောက် ကမ္ဘာမြေပေါ်သို့ ပြန်လည် ဆင်းသက်မည်ဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## စမ်းသပ်ဆဲကုထုံးသစ်က ဦးနှောက်ကင်ဆာရောဂါ တိုးလာမှုအရှိန်ကို လျှော့ချပေးနိုင်ဖွယ်ရှိ

**နယူးယောက် ဇွန် ၈**

စမ်းသပ်ဆဲကုထုံးသစ်တစ်မျိုးသည် Grade 2 Gliomas ခေါ် ဦးနှောက်ကင်ဆာရောဂါ တိုးလာမှုအရှိန်ကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဇွန် ၇ ရက်တွင် ရေးသားတင်ပြထားသည်။

Vorasidenib အမည်ရှိ အဆိုပါဆေးသစ်သည် Grade 2 Gliomas ဦးနှောက်ကင်ဆာလူနာများ၏ ရောဂါတိုးလာခြင်းမရှိဘဲ အသက်ရှင်နိုင်သည့်ကာလကို သုံးဆခန့် မြှင့်တင်ပေးနိုင်ကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် Glioma ဦးနှောက်ကင်ဆာလူနာ ၃၃၁ ဦးတို့ကို နှစ်စုခွဲ၍ Vorasidenib ဆေး၏အာနိသင်ကို လက်တွေ့စမ်းသပ်ခဲ့ကြကြောင်း သိရသည်။

စမ်းသပ်မှုမှ ထွက်ပေါ်လာသည့်ရလဒ်များအရ Vorasidenib ဆေးသုံးစွဲသူလူနာများ၏ ရောဂါမတိုးဘဲရှင်သန်နိုင်ခြေမှာ ဆေးယောင် (Placebo) သုံးစွဲသူလူနာများထက် ၆၁ ရာခိုင်နှုန်းပိုမြင့်မားသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Vorasidenib ဆေးသည် ဖောက်ပြန်နေသည့် IDH1 နှင့် IDH2 မျိုးဗီဇများကိုပိတ်ပင်ခြင်းဖြင့် ဦးနှောက်ကင်ဆာရောဂါတိုးလာမှုကို ထိန်းပေးသည့်ဆေးဖြစ်ကြောင်း သိရသည်။

အထက်ပါ ဖောက်ပြန်နေသည့် မျိုးဗီဇနှစ်မျိုးကို Grade 2 Glioma ဦးနှောက်ကင်ဆာလူနာများအားလုံး၌ တွေ့ရတတ်ကြောင်း သိရသည်။

KKO

## စမ်းသပ်နေဆဲဆေးတစ်မျိုးကြောင့် ဆီးအိတ်ကင်ဆာလူနာများ ဘဝဖြတ်သန်းချိန် ဖြည့်တင်းပေးလာနိုင်

**လန်ဒန် ဇွန် ၈**

လက်ရှိစမ်းသပ်နေဆဲဆေးဝါးတစ်မျိုးကြောင့် အခြားကိုယ်တွင်းအင်္ဂါများသို့ ကင်ဆာဆဲလ်များပျံ့နှံ့နေသော ဆီးအိတ်ကင်ဆာလူနာများ ကျန်းမာစွာ ဘဝဖြတ်သန်းနိုင်ချိန်ကို ဖြည့်တင်းပေးလာနိုင်ဖွယ်ရှိကြောင်း The Daily Mail သတင်းစာက ဇွန် ၇ ရက်တွင် ရေးသားတင်ပြထားသည်။


Erdafitinib အမည်ရှိ အဆိုပါဆေးသစ်သည် ၁၀ နှစ်ကျော်ကြာကာလအတွင်း ပေါ်ထွက်ခဲ့သည့် ပထမဆုံး ဆီးအိတ်ကင်ဆာဆေးသစ်ဖြစ်သည်။

ဗြိတိန်သုတေသနပညာရှင်များ၏ လေ့လာချက်အရ Erdafitinib ဆေးဖြင့် ကုသမှုခံယူထားသည့် လူနာများအနက် အချို့လူနာများ၏ ဘဝသက်တမ်းမှာ လအတန်ကြာပိုရှည်လာတတ်ပြီး အချို့လူနာများမှာ နှစ်အနည်းငယ်ကြာထိ ဘဝသက်တမ်း ပိုရှည်လာခဲ့ကြကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Erdafitinib ဆေးကို ဓာတုကုထုံးဖြင့်တွဲ၍ ခံယူခဲ့ကြသော ဆီးအိတ်ကင်ဆာလူနာများ၏ ဘဝသက်တမ်းမှာ မသုံးစွဲသူလူနာများထက် ၃၀ ရာခိုင်နှုန်းပို၍ ရှည်လျားလာတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဆီးအိတ်ကင်ဆာသည် ရောဂါဖြစ်စတွင် ဖော်ထုတ်တွေ့ရှိခဲ့ပါက ခွဲစိတ်ခြင်း သို့မဟုတ် ဆေးဝါးကုသပေးခြင်းများဖြင့်ကုသပေးနိုင်သည့် ကင်ဆာရောဂါဖြစ်သည်။

သို့ရာတွင် အခြားကိုယ်တွင်းအင်္ဂါများသို့ ကင်ဆာဆဲလ်များပျံ့နှံ့နေသည့် ဆီးအိတ်ကင်ဆာ (Terminal Bladder Cancer)အဖြစ်သို့ပြောင်းလဲခဲ့ပါက ကုသနိုင်မည့် အခွင့်အလမ်း မရှိသလောက် နည်းပါးကြောင်း သိရသည်။ KKO



## နိုင်ငံတကာ အားကစားသတင်းများ

# တိုက်စစ်မှူးမက်ဆီ အင်တာမီယာမီအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ရောက်ရှိ

**ဝါရှင်တန် ဇွန် ၈**

ပီအက်စ်ဂျီအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့သည့် တိုက်စစ်မှူးမက်ဆီသည် အမေရိကန်မေဂျာလိဂ်ကလပ် အင်တာမီယာမီအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ရောက်ရှိခဲ့ကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

တိုက်စစ်မှူး မက်ဆီသည် ပီအက်စ်ဂျီအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရန်အဆင်မပြေခဲ့ချိန်ကတည်းက အင်တာမီယာမီအသင်းအပါအဝင် အသင်းဟောင်း ဘာစီလိုနာအသင်းနှင့် ဆော်ဒီကလပ် အယ်ဟိုင်လာအသင်းတို့က ခေါ်ယူရန် အပြိုင်ကမ်းလှမ်းခဲ့သော်လည်း အင်တာမီယာမီ အသင်းသို့သာ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ပြီး သဘောတူစာချုပ်တွင် တစ်နှစ်လုပ်ခ ယူရို ၅၀ ဒသမ ၀၇ သန်းနှင့် လေးနှစ်စာချုပ်ချုပ်ဆိုခဲ့သည့်အပြင် ဂျာစီရောင်းချမှုနှင့် ရုပ်သံကြည့်ရှုမှုပေါ်တွင် ရာခိုင်နှုန်းအကျိုးခံစားခွင့်ရရှိမည်ဖြစ်ကာ အသင်းရှယ်ယာဝယ်ယူခွင့်လည်း ပါဝင်ခဲ့ကြောင်း သိရသည်။

အသက် ၃၅ နှစ်ရှိ တိုက်စစ်မှူး မက်ဆီက "ကျွန်တော့်ကိုကမ်းလှမ်းလာတဲ့ ဥရောပကလပ်အသင်းတွေ အများကြီးရှိခဲ့ပြီး အသင်းဟောင်း ဘာစီလိုနာလဲ ပါဝင်ခဲ့ပါတယ်။ ဒါပေမဲ့ ကမ္ဘာ့ဖလားရယူပြီးနောက်မှာတော့ ကျွန်တော်ဥရောပမှာ ဆက်ကစားမယ်ဆိုရင်လဲ ဘာစီလိုနာကိုပဲ ပြောင်းရွှေ့ဖို့ဆုံးဖြတ်ထားသလို မကစားဖြစ်ရင်တော့ ဥရောပပြင်ပက အခြားကလပ်အသင်းတစ်ခုကို ပြောင်းရွှေ့မယ်လို့ စိတ်ကူးထားတာပါ။ လက်ရှိမှာတော့ အင်တာမီယာမီအသင်းကိုပဲ ပြောင်းရွှေ့ဖို့ ဆုံးဖြတ်ခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။

တိုက်စစ်မှူး မက်ဆီသည် ဥရောပကလပ် ဘာစီလိုနာနှင့် ပီအက်စ်ဂျီအသင်းတို့တွင် ပြိုင်ပွဲစုံ ပွဲပေါင်း ၇၇၈ ပွဲကစားခဲ့ရာတွင် သွင်းဂိုး ၆၇၂ ဂိုးထိသွင်းယူနိုင်ခဲ့ပြီး ကလပ်အသင်း နှစ်ခုစလုံးတွင် အောင်မြင်မှု ရရှိခဲ့သူဖြစ်ပြီး ဥရောပကစားသမားဘဝ ၁၇ နှစ်အကြာတွင် ပထမဆုံးအကြိမ် ဥရောပပြင်ပ ကလပ်အသင်းသို့ ပြောင်းရွှေ့ ကစားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ML




## အားကစားသတင်း အတိုအထွာများ

- ဘိုင်ယန်မြူးနစ်အသင်းက လိုက်ပ်ဇစ်ကစားသမား လိုင်မာနှင့် ဒေါ့မွန်ကစားသမား ဂါရဲရိုးတို့ကိုခေါ်ယူရန် သဘောတူညီမှုရရှိခဲ့သဖြင့် လာမည့်ရက်ပိုင်းအတွင်း အတည်ပြုထုတ်ပြန်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။
- တိုက်စစ်မှူး မက်ဆီကိုခေါ်ယူနိုင်ခဲ့ပြီးနောက် တောင်ပံကစားသမားဒီမာရီယာကို ထပ်မံခေါ်ယူရန် အင်တာမီယာမီအသင်းက ဆက်လက်ကြိုးပမ်းနေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- မန်စီးတီးတောင်ပံကစားသမား မာရက်ဇ်ကိုခေါ်ယူရန် ဆော်ဒီကလပ် အယ်အာလီအသင်းက မြင့်မားသည့် ပြောင်းရွှေ့တစ်ရပ်ဖြင့် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။
- လီဗာပူးအသင်းက ယခင်လေ့ကျင့်ရေးကွင်းဟောင်း မဲလ်ဝုဒ်ကစားကွင်းကို အမျိုးသမီးအသင်းအတွက် ပြန်လည်ဝယ်ယူခဲ့ကြောင်း သိရသည်။

ML

# ဗီအိုရင်တီးနားကို အနိုင်ယူ၍ ဝက်စ်ဟမ်းအသင်း ယူရိုပါကွန်ဖရင့်လိဂ်ဆုဖလားရရှိ




**ပရာဟာ ဇွန် ၈**

ချက်သမ္မတနိုင်ငံ ပရာဟာမြို့တွင်ကျင်းပခဲ့သည့် ယူရိုပါကွန်ဖရင့်လိဂ်ဗိုလ်လုပွဲစဉ်တွင် ဗီအိုရင်တီးနားအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာတွင် ဝက်စ်ဟမ်းအသင်းက နှစ်ဂိုးတစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီး ချန်ပီယံဆုဖလား ဆွတ်ခူးခဲ့ကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဝက်စ်ဟမ်း အသင်းသည် ဥရောပပြိုင်ပွဲများတွင် ၁၉၆၄-၁၉၆၅ ဘောလုံးရာသီက ဆုဖလားရရှိခဲ့ပြီး ၁၉၇၅-၁၉၇၆ ဘောလုံးရာသီက ဗိုလ်လုပွဲရောက်ရှိပြီးနောက်ပိုင်းနှစ်များတွင် ဥရောပပြိုင်ပွဲများ၌ အောင်မြင်မှုမရရှိခဲ့ဘဲ ပြီးခဲ့သည့် ဘောလုံးရာသီက ယူရိုပါလိဂ်ဆီမီးဖိုင်နယ်အဆင့်သို့ အမြင့်ဆုံးတက်ရောက်ခဲ့သည့်အပြင် ယခုနှစ်တွင် ယူရိုပါကွန်ဖရင့်လိဂ်ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဗိုလ်လုပွဲစဉ်တွင် နှစ်သင်းစလုံး ကစားသမားအစုံအလင်ဖြင့်ပွဲထွက်လာခဲ့ပြီး ဗီအိုရင်တီးနားအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ကစားနိုင်ခဲ့သော်လည်း ဝက်စ်ဟမ်းအသင်း၏ တန်ပြန်တိုက်စစ်ကို ထိန်းချုပ်နိုင်ခြင်းမရှိခဲ့သောကြောင့် ပွဲကစားချိန် ၆၂ မိနစ်တွင် ပင်နယ်တီပြစ်ဒဏ်ဘောရရှိခဲ့ရာ ဘန်ရာမာက ဂိုးအဖြစ်ပြောင်းလဲခဲ့ပြီး ဦးဆောင်နိုင်ခဲ့သော်လည်း ပွဲကစားချိန် ၆၇ မိနစ်အရောက်တွင် ဂွန်ဇာလက်၏ဖန်တီးပေးမှုမှ ဘိုနာဘန်တူရာက ဗီအိုရင်တီးနားအသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သောကြောင့် တစ်ဖက်နှင့်တစ်ဖက် ဦးဆောင်ဂိုးရရှိရန် အကြိတ်အနယ်ရှိခဲ့သကဲ့သို့ ပွဲကစားချိန် မိနစ် ၉၀ တွင် ပါကွီတာ၏ ဖန်တီးမှုမှ ဘိုဝင်က ဝက်စ်ဟမ်းအသင်းအတွက် အနိုင်ဂိုးသွင်းယူနိုင်ခဲ့ပြီး နှစ်ဂိုးတစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ကာ ချန်ပီယံဆုဖလားရရှိခဲ့ခြင်းဖြစ်သည်။

ဝက်စ်ဟမ်း အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရလဒ်ဆိုးများကြောင့် တန်းဆင်းဇုန်မှလွတ်မြောက်ရန်ကြိုးပမ်းခဲ့ရပြီး အဆင့်(၁၄)တွင် ရောက်ရှိခဲ့သော်လည်း ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဖလားရရှိခဲ့သဖြင့် လာမည့်နှစ်ဘောလုံးရာသီတွင် ယူရိုပါလိဂ်တိုက်ရိုက်ဝင်ခွင့် ရရှိခဲ့သည့်အပြင် ဥရောပပြိုင်ပွဲတွင် နှစ်ပေါင်း ၅၈ နှစ်ကြာဝေးကွာနေသည့် ချန်ပီယံဆုဖလားကိုလည်း ပြန်လည်ရယူနိုင်ခဲ့ကြောင်း သိရသည်။ ML

# စပါးအသင်းတိုက်စစ်မှူးဟောင်း ရယ်ဘရိုဗ်ကို ယူကရိန်းအသင်းနည်းပြသစ်ခန့်အပ်

**ကီယက်ဗ် ဇွန် ၈**

ယူကရိန်း ဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက နည်းပြပက်ထရာကိုဗ်နှင့် လမ်းခွဲပြီးနောက် လစ်လပ်နေသည့်နည်းပြရာထူးအတွက် ယူအေဘီးကလပ် အယ်လ်အင်းအသင်းကို တာဝန်ယူကိုင်တွယ်နေသည့် စပါးအသင်းတိုက်စစ်မှူးဟောင်း နည်းပြရယ်ဘရိုဗ်ကို အစားထိုးခန့်အပ်ခဲ့ကြောင်း ကြေညာခဲ့သည်ဟု Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ယူကရိန်း ဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၂ ခုနှစ် နေးရှင်းလိဂ်ပြိုင်ပွဲတွင် အောင်မြင်မှုမရခဲ့သဖြင့် ဒီဇင်ဘာလကုန်တွင် နည်းပြပက်ထရာကိုဗ်နှင့်လမ်းခွဲခဲ့ပြီးနောက် ခြောက်လကြာ နည်းပြလစ်လပ်ခဲ့သော်လည်း ယခုအခါ ယူအေဘီးကလပ် အယ်လ်အင်းအသင်းကို တာဝန်ယူကိုင်တွယ်နေသည့် နည်းပြရယ်ဘရိုဗ်ကို လက်ရွေးစင်နည်းပြသစ်အဖြစ် ခန့်အပ်နိုင်ခဲ့ကြောင်း သိရသည်။

ယူကရိန်းလက်ရွေးစင်အသင်းသည် ယူရို ၂၀၂၄ ခြေစစ်ပွဲအဖွင့်ပွဲစဉ်ကို ပြီးခဲ့သည့် မတ် ၂၆ ရက်က အင်္ဂလန်အသင်းနှင့် ကစားခဲ့ရာ နှစ်ဂိုးပြတ် ရှုံးနိမ့်ခဲ့ပြီးနောက် လာမည့်ပွဲစဉ်များတွင် ရလဒ်ကောင်းရယူနိုင်ရန်အတွက် နည်းပြသစ်အဖြစ် ရယ်ဘရိုဗ်ကို ခန့်အပ်ခဲ့ပြီး ၎င်းအနေဖြင့် လာမည့် ဇွန် ၁၂ ရက်တွင်ကစားရမည့် ဂျာမနီအသင်းနှင့် ခြေစမ်းပွဲစဉ်ကိုစတင်တာဝန်ယူမည့်အပြင် ဇွန် ၁၇ ရက်နှင့် ဇွန် ၁၉ ရက်တို့တွင်ကစားရမည့် ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်များကို ဆက်လက်တာဝန်ယူမည်ဖြစ်သည်။

နည်းပြရယ်ဘရိုဗ်သည် ၂၀၂၁ ခုနှစ်ကတည်းက ယူကရိန်း လက်ရွေးစင်နည်းပြဖြစ်ရန် နီးစပ်ခဲ့သော်လည်း ယူကရိန်းဘောလုံးအဖွဲ့ချုပ်အနေဖြင့် အယ်လ်အင်းအသင်းနှင့်ချုပ်ဆိုထားသည့်စာချုပ်ဖျက်သိမ်းကြေးပေးချေရန်မဖြစ်နိုင်သောကြောင့် လက်ရှိစာချုပ်သက်တမ်း ကုန်ဆုံးချိန်မှသာ လက်ရွေးစင်နည်းပြအဖြစ် ခန့်အပ်နိုင်ခဲ့ကြောင်း သိရသည်။ ML

# အာရှအမျိုးသမီးယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုဒုတိယပွဲစဉ်တွင် မြန်မာအသင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်

**ရန်ကုန် ဇွန် ၈**

အာရှအမျိုးသမီးယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုဒုတိယပွဲစဉ်အဖြစ် ယနေ့ည ၆ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် မြန်မာယူ-၂၀ အသင်းနှင့် တရုတ်(တိုင်ပေ)ယူ-၂၀ အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံးအပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး မြန်မာအသင်းက ဂိုးပေါက်ခြိမ်းခြောက်မှုအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၂၅ မိနစ်တွင် ဇင်မိုးပြည့်က မြန်မာယူ-၂၀ အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။



ဦးဆောင်ဂိုး ပေးခဲ့ရပြီးနောက်ပိုင်း တရုတ်(တိုင်ပေ)ယူ-၂၀ အမျိုးသမီးအသင်းကလည်း ပြန်လည်တိုက်စစ်ဆင်ဖိအားပေးကစားခဲ့ရာမှ ပွဲချိန် ၂၈ မိနစ်တွင် ဟီဂျီချီအန်က တရုတ်(တိုင်ပေ) ယူ-၂၀ အမျိုးသမီးအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ပွဲချိန်ဒုတိယပိုင်းတွင်လည်း နှစ်သင်းစလုံး အနိုင်ဂိုးများအတွက် ပိုမိုတိုက်စစ်ဆင်ဖိအားပေးမှုများ ပြုလုပ်လာခဲ့ကြသည့်အတွက် ပထမပိုင်းကထက် ပိုမိုအကြိတ်အနယ်ရှိခဲ့ပြီး နှစ်သင်းစလုံးဂိုးသွင်းခွင့်များရရှိခဲ့ကြသော်လည်း အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့သည့်အတွက် တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။ STA

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၈)တွင် ISPE အသင်းက မဟာယူနိုက်တက်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိ



**ရန်ကုန် ဇွန် ၈**

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၈)အဖြစ် ယနေ့ညနေ ၄ နာရီ ၄၅ မိနစ်က ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ISPE အသင်းနှင့် မဟာယူနိုက်တက် အသင်းတို့ကစားခဲ့ရာ ISPE အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း ISPE အသင်းက ဂိုးပေါက်ခြိမ်းခြောက်မှုအသာစီးဖြင့် ကစားနိုင်ခဲ့ကာ ပွဲချိန် ၁၇ မိနစ်တွင် ခိုင်ရဲဝင်းက ISPE အသင်းအတွက်ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ပွဲချိန်ပထမပိုင်းအပြီးတွင် ISPE အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း မဟာယူနိုက်တက်အသင်း၏ ချေပဂိုးနှင့်အနိုင်ဂိုးများအတွက် တိုက်စစ်မြှင့်ဖိအားပေးကစားခဲ့မှုများကြောင့် ပိုမိုအကြိတ်အနယ်ရှိခဲ့သော်လည်း ပွဲချိန် ၄၇ မိနစ်တွင် ခိုင်ရဲဝင်းကလည်းကောင်း၊ ပွဲချိန် မိနစ် ၈၀ တွင် သူရိန်ထွန်းကလည်းကောင်း ISPE အသင်းအတွက် ဦးဆောင်ဂိုးများ ထပ်မံသွင်းယူနိုင်ခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် မဟာယူနိုက်တက်အသင်းက ချေပဂိုးများအတွက် ပြန်လည်ဖိအားပေး ကစားခဲ့သော်လည်း အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ISPEအသင်းက မဟာယူနိုက်တက်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

# ပြင်သစ်အိုးပင်းဆီမီးဖိုင်နယ်အဆင့်တွင် စစီယာတက်ခ်နှင့် ဟက်ဒက်မိုင်ယာတို့ တွေ့ဆုံ

**ပဲရစ် ဇွန် ၈**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် လက်ရှိချန်ပီယံတစ်ဦးအနေဖြင့် ပါဝင်ယှဉ်ပြိုင်နေသည့် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်သည် အမေရိကန်တင်းနစ်မယ် ကိုကိုဂက်ဖ်နှင့်ယှဉ်ပြိုင်ကစားခဲ့ရပြီး စဝီယာတက်ခ်က (၆-၄၊ ၆-၂) ရလဒ်နှင့်အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်ခဲ့ကြောင်း Tennis365 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စဝီယာတက်ခ်အနေဖြင့် ပုံစံကောင်းရရှိနေပြီး လက်ရှိချန်ပီယံဆုကိုကာကွယ်နိုင်ရန်လည်း ရေပန်းစားလျက်ရှိသည်။

ကိုကိုဂက်ဖ်သည် ကစားသမားဘဝ၏ပထမဦးဆုံးသောဂရန်းစလန်းချန်ပီယံဆုကိုဆွတ်ခူးနိုင်ရန်ပစ်မှတ်ထားခဲ့သော်လည်း စဝီယာတက်ခ်ကိုကျော်ဖြတ်နိုင်ခဲ့ခြင်းမရှိသည့်အတွက် ပြိုင်ပွဲမှထွက်ခွာခဲ့ရပြီဖြစ်သည်။

စဝီယာတက်ခ်သည် ဆီမီးဖိုင်နယ်အဆင့်တွင် တူနီးရှားတင်းနစ်မယ်အွန်ဂျပ်ဘာကို အနိုင်ရခဲ့သည့် ဘရာဇီးတင်းနစ်မယ် ဟက်ဒက်မိုင်ယာနှင့် ထိပ်တိုက်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

စဝီယာတက်ခ်က "ကိုကိုဂက်ဖ်ဟာ အလားအလာရှိတဲ့ မျိုးဆက်သစ်ဖြစ်ပါတယ်။ သူ့အနေနဲ့ထူးခြားတဲ့ စွမ်းဆောင်ရည်တွေပြသနိုင်ခဲ့ပါတယ်။ ဒီလိုခက်ခဲတဲ့ပြိုင်ဘက်ကို အနိုင်ရအောင် စွမ်းဆောင်နိုင်ခဲ့တာကိုဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

# မော်လ်ဒိုက်အင်တာနေရှင်နယ်ကြက်တောင်ပြိုင်ပွဲတွင် သက်ထားသူဇာ ကွာတားဖိုင်နယ်အဆင့်တက်ရောက်




**ရန်ကုန် ဇွန် ၈**

မော်လ်ဒိုက်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် မော်လ်ဒိုက် အင်တာနေရှင်နယ်ကြက်တောင်ပြိုင်ပွဲ ၁၆ ဦးရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် မြန်မာကြက်တောင်မယ် သက်ထားသူဇာနှင့်အိန္ဒိယကြက်တောင်မယ် သီယာသိရ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ သက်ထားသူဇာက နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် သက်ထားသူဇာသည် ၆၄ ဦးရှုံးထွက်အဆင့်မှစတင်ကစားခဲ့ရပြီး ၆၄ ဦးရှုံးထွက်အဆင့်တွင် ယူအေအီးကြက်တောင်မယ် နာယိုနီကာရာဂျက်နှင့်ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပွဲစဉ်တွင် (၂၁-၁၇)၊ ဒုတိယပွဲစဉ်တွင်(၂၁-၄)မှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ၃၂ ဦးရှုံးထွက်အဆင့်တက်ရောက်နိုင်ခဲ့သည်။

ထို့ပြင် ၃၂ ဦးရှုံးထွက်အဆင့်တွင်လည်း အိမ်ရှင် မော်လ်ဒိုက်ကြက်တောင်မယ် အဗ္ဗဒူရာဇတ်နှင့်ယှဉ်ပြိုင်ကစားခဲ့ရာ လက်ရည်အသာစီးဖြင့်ကစားနိုင်ခဲ့ပြီး ပထမပွဲစဉ်တွင်(၂၁-၅)၊ ဒုတိယပွဲစဉ်တွင်(၂၁-၉)ဖြင့် အနိုင်ရရှိခဲ့ကာ ၁၆ ဦးရှုံးထွက်အဆင့်တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ကာ ၁၆ ဦးရှုံးထွက်အဆင့်တွင်လည်း အိန္ဒိယကြက်တောင်မယ် သီယာသိရ်နှင့်ယှဉ်ပြိုင်ကစားခဲ့ရာ သီယာသိရ်က သက်ထားသူဇာကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့သော်လည်း ပထမပွဲစဉ်တွင် (၂၁-၁၆)၊ ဒုတိယပွဲစဉ်တွင်(၂၁-၁၇)ဖြင့် သက်ထားသူဇာကအနိုင်ရရှိခဲ့ပြီး ကွာတားဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့သည်။

မော်လ်ဒိုက်အင်တာနေရှင်နယ်ကြက်တောင်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ကမ္ဘာ့အဆင့်(၅၇)နေရာ၌ ရပ်တည်နေသည့် သက်ထားသူဇာသည် ကမ္ဘာ့အဆင့်(၄၆)နေရာတွင် ရပ်တည်နေသည့် အိန္ဒိယကြက်တောင်မယ် အက်ရှ်မီတာချလီဟာနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည် ဖြစ်ကြောင်း သိရသည်။

STA

# RBC Canadian Open ပြိုင်ပွဲတွင် မက်ကင်ဇီ ပါဝင်ယှဉ်ပြိုင်သွားမည်

**အုတ်ဒယ် ဇွန် ၈**

ကနေဒါနိုင်ငံတွင်ကျင်းပမည့် RBC Canadian Openဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဒဏ်ရာပြဿနာမှပြန်လည်သက်သာလာသည့် ကနေဒါဂေါက်သီးရိုက် ကစားသမား မက်ကင်ဇီက ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ခဲ့သည်ဟု Pro Golf Now သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

RBC Canadian Open ဂေါက်သီးရိုက်ပြိုင်ပွဲကို အွန်တာရီယိုပြည်နယ် အုတ်ဒယ်မြို့တွင် ၁၉၂၆ ခုနှစ်နောက်ပိုင်း ပထမဦးဆုံးအကြိမ် ကျင်းပမည်ဖြစ်သည်။

RBC Canadian Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ၁၉၅၄ ခုနှစ်က ကနေဒါဂေါက်သီးရိုက်ကစားသမားဖလက်ချာက ချန်ပီယံဆုကိုဆွတ်ခူးခဲ့ပြီး နောက်ပိုင်းကနေဒါနိုင်ငံသားများကချန်ပီယံဆုကိုဆွတ်ခူးထားနိုင်ခြင်း မရှိသေးသည့် မှတ်တမ်းဆိုးရှိနေသည်။

မက်ကင်ဇီအနေဖြင့် ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲများဖြင့် လွဲချော်ထားရသော်လည်း RBC Canadian Open ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် အကောင်းဆုံးပြင်ဆင်ထားသလို ပြိုင်ပွဲအတွင်း ပြန်လည်ဝင်ရောက်နိုင်တော့မည်ဖြစ်သည့် အတွက်ကြောင့်လည်း ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားခဲ့သည်။

မက်ကင်ဇီက "RBC Canadian Open ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ကနေဒါဂေါက်သီးရိုက်ကစားသမားတွေ အောင်မြင်မှုမရတာ နှစ်ပေါင်း ၇၀ မကတော့ဘူး။ ဒီမှတ်တမ်းဆိုးကြီးကို ချေဖျက်ချင်တဲ့ဆန္ဒရှိပါတယ်။ အဲ့ဒီအတွက်လဲ အကောင်းဆုံး ပြင်ဆင်ထားတယ်။ ပြိုင်ပွဲထဲရောက်ရင်လဲ အတတ်နိုင်ဆုံးကြိုးစားပြီး ကနေဒါဂေါက်သီးရိုက်ကစားသမားတွေရဲ့ မှတ်တမ်းဆိုးကြီးကိုချေဖျက်နိုင်တဲ့ ကစားသမားဖြစ်ချင်တယ်။ ဘာတွေဖြစ်လာမလဲဆိုတာတော့ ကျွန်တော်လဲ မပြောနိုင်ဘူး။ ဒဏ်ရာပြဿနာက နေကျော်ဖြတ်လာနိုင်ပြီးနောက်ပိုင်း ပြိုင်ပွဲဝင်ဖို့အတွက်ပဲ တောက်လျှောက် အာရုံစိုက်ပြင်ဆင်ခဲ့တဲ့အတွက် အနေအထားတစ်ခုထိ ရောက်အောင်တော့ လုပ်ပြနိုင်မယ်လို့ မျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL



# ကာတာစော်ဘွား ရှိတ်ဂျာဆန်က နောက်ဆုံးကမ်းလှမ်းမှုကိုငြင်းပယ်ပါက မန်ယူအသင်းကိုဝယ်ယူရန် ထပ်မံကမ်းလှမ်းမည်မဟုတ်ကြောင်း ပြောကြား

**မန်ချက်စတာ ဇွန် ၈**

မန်ယူအသင်းကို ဝယ်ယူရန်အကြိမ်ကြိမ်ကမ်းလှမ်းမှုများပြုလုပ်ထားသည့် ကာတာစော်ဘွား ရှိတ်ဂျာဆန်က နောက်ဆုံးအကြိမ်အဖြစ်ကမ်းလှမ်းမှုများကို ငြင်းပယ်မည်ဆိုပါက နောက်တစ်ကြိမ်ကမ်းလှမ်းတော့မည်မဟုတ်ဘဲ ကမ်းလှမ်းမှုများရပ်တန့်သွားမည်ဟု ပြောကြားခဲ့ကြောင်း မန်ချက်စတာညနေခင်းသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းပိုင်ရှင် ဂလေဇာမိသားစုက ယခုနှစ်ဘောလုံးရာသီတွင် အသင်းပရိသတ်များ၏ အသင်းကို ပြန်လည်ရောင်းချပေးရန် ပြင်းပြင်းထန်ထန်ဆန္ဒပြမှုများကြောင့် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက အသင်းကိုရောင်းချမည်ဟု တရားဝင်ကြေညာခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းပိုင်ရှင် ဂလေဇာမိသားစုက အသင်းကိုရောင်းချမည်ဟု ကြေညာခဲ့ပြီးနောက် ရှိတ်ဂျာဆန်နှင့်အတူ ဗြိတိန်ဘီလျံနာ ရက်ကလစ်ဒ်ကလည်း ဝယ်ယူရန်အတွက် အပြိုင်ကြိုးပမ်းနေခြင်းဖြစ်သည်။

ရှိတ်ဂျာဆန်က မန်ယူအသင်းကိုဝယ်ယူရန်အတွက် စတာလင်ပေါင် လေးဘီလီယံမှစတင်ပြီး လေးကြိမ်ထိ ကမ်းလှမ်းမှုများပြုလုပ်ခဲ့ကာ ယခုအခါ နောက်ဆုံးအကြိမ်အဖြစ် စတာလင်ပေါင် ၆ ဒသမ ၅ ဘီလီယံထိ တိုးမြှင့်ကမ်းလှမ်းခဲ့ပြီး စတာလင်ပေါင် တစ်ဘီလီယံကိုလည်း ထပ်တိုးပြီး အသင်းအတွက် ရင်းနှီးမြှုပ်နှံသွားမည်ဟုကတိပြုကာ ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ရှိတ်ဂျာဆန်က အသင်းရှယ်ယာအားလုံးကို ဝယ်ယူရန်ကမ်းလှမ်းထားခြင်းဖြစ်ပြီး လက်ရှိမန်ယူအသင်းပိုင်ရှင် ဂလေဇာမိသားစုက အသင်းရှယ်ယာအားလုံးကို မရောင်းချလိုဘဲ ရှယ်ယာအနည်းငယ်ကို ချန်ပြီးရောင်းချ လိုသည့်အတွက် အပြောင်းအရွှေ့ ဖြစ်မြောက်ရန်မှာ ကြန့်ကြာနေခြင်းဖြစ်ကြောင်း သိရသည်။

STA

ခရီးသွားဆောင်းပါး

# ပင်ပင်ပန်းပန်းခရီးလမ်း ရောက်ရှိလာသည့် မြို့ကုန်းကြမ်း

တစ်ကြိမ်တစ်ခါမှ ရောက်ဖူးခြင်းမရှိသေးတဲ့ မုန်းကိုး၊ ကုန်းကြမ်းခရီးစဉ်မှာ လောက်ကိုင်မြို့အလွန် တာရွှေထန်ကို ရောက်ရှိနေပါပြီ။ ဒီတစ်ခေါက်ခရီးမှာ အခြားခရီးဖော်တွေမပါဘဲ မိမိတစ်ယောက်တည်း ကားတစ်စီးနဲ့ပါ။ အိမ်တွေ၊ ဈေးဆိုင်တွေ၊ ကားတွေ၊ လူတွေနဲ့ စည်ကားနေတဲ့ တာရွှေထန်ကနေ ထွက်လာချိန်မှာ မနက် ၁၀ နာရီထိုးပါတော့မယ်။ ရှေ့ကိုဆက်လက်မောင်းနှင်လာခဲ့ရတဲ့ ခရီးလမ်းက ပြောင်းလဲမှုမရှိသေးဘဲ လောက်ကိုင်မြို့ကနေ စတင်ထွက်ခွာလာတုန်းကလို လမ်းကျဉ်းကျဉ်းသေးသေးကြမ်းကြမ်း၊ အတက်အဆင်း၊ အကွေ့အကောက်များများ၊ တောတောင် လျှိုမြောင်၊ ချောက်ကမ်းပါးတွေကို တစ်မျှော်တစ်ခေါ် တွေ့မြင်နေရဆဲပါ။

မကြာခင်မှာ စစ်ဆေးရေးဂိတ်စခန်းရှိတဲ့ လမ်းဆုံနေရာတစ်ခုကို ရောက်လာတယ်။ လမ်းညွှန်ဆိုင်းဘုတ်မှာ လောက်ကိုင်သို့ ၁၈ မိုင်၊ ကုန်းကြမ်းသို့ ၂၄ မိုင်၊ တာပါးတံတားသို့ ၁၂ မိုင်ဆိုပြီး မြန်မာ-တရုတ် နှစ်ဘာသာနဲ့ရေးထိုးထားတာကို တွေ့မြင်နေရတယ်။ တရုတ်ဘာသာနဲ့ နောက်မှာ ခရီးအကွာအဝေးတွေကို ကီလိုမီတာနဲ့လဲ ရေးထိုးထားတယ်။ လမ်းညွှန်ဆိုင်းဘုတ်အရ နောက်မှာကျန်ခဲ့တဲ့ လောက်ကိုင်မြို့က ၁၈ မိုင်၊ ရှေ့ကို ဆက်သွားရမဲ့ ကုန်းကြမ်းမြို့က ၂၄ မိုင်ဆိုတာကြောင့် လောက်ကိုင်-ကုန်းကြမ်း ၄၂ မိုင် ကွာဝေးတယ်ဆိုတာ သေချာသွားပါပြီ။ မနက်တုန်းက လက်ဖက်ရည်သောက်ရင်း မေးမြန်းစုံစမ်းခဲ့ရတဲ့ ခရီးမိုင်အကွာအဝေးက ခန့်မှန်းခြေပြောဆိုလိုက်တာဖြစ်နေမလားလို့ ဇဝေဇဝါ မသေမချာ ဖြစ်နေခဲ့ရတာပါ။

လမ်းညွှန်ဆိုင်းဘုတ်မှာ လောက်ကိုင်နဲ့ကုန်းကြမ်း ခရီးမိုင်တွေကို ရှင်းရှင်းလင်းလင်းသိရှိနေပေမဲ့ တာပါးတံတားသို့ ၁၂ မိုင်ဆိုတာ ဘာမှန်းမသိပါဘူး။ တံတားကို ကျော်လွန်ပြီးရင် ဘယ်မြို့၊ ဘယ်ရွာ၊ ဘယ်ဒေသတွေကို ရောက်ရှိသွားမယ်ဆိုတာနဲ့ ဘယ်မြစ်၊ ဘယ်ချောင်းကူးတံတားဆိုတာတွေကို ရှင်းရှင်းလင်းလင်း သိချင်မိတာပါ။ မြို့ခံ ကျောင်းသားမိဘ ပြောပြထားချက်အရ ကုန်းကြမ်းမြို့ကိုကျော်ရင် သံလွင်မြစ်နဲ့ မြစ်ကူးတံတားကို ရောက်မယ်။ မုန်းကိုးမြို့ကို သံလွင်မြစ်ကူးတံတား ဖြတ်သန်းသွားရမယ်ဆိုတာတွေကိုတော့ သိထားတယ်။ အခု တာပါးတံတားက သံလွင်မြစ်နဲ့ ဆက်စပ်နေတာလား၊ မြန်မာနိုင်ငံ ဒါမှမဟုတ် တရုတ်နိုင်ငံနဲ့ ဆက်စပ်နေတာလားဆိုတာတွေကို သိချင်နေတယ်။ လမ်းခွဲအနေအထားအရ တရုတ်နိုင်ငံရှိတဲ့ ညာဘက်ကို ချိုးကွေ့သွားတာမဟုတ်ဘဲ ဘယ်ဘက်ကို ချိုးကွေ့သွားတာကြောင့် မြန်မာနိုင်ငံနဲ့ပဲ ဆက်စပ်နေတယ်လို့ ယူဆရတယ်။ လမ်းဆုံစစ်ဆေးရေးဂိတ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ အများအပြားရှိနေပြီး လက်နက်တွေကိုလဲ ပြည့်ပြည့်စုံစုံ တပ်ဆင်ထားတာ တွေ့မြင်နေရတယ်။ မိမိက မှတ်တမ်းဓာတ်ပုံတွေ လှည့်ပတ်ရိုက်လိုက်၊ သိချင်တာတွေကို ထပ်မံမေးမြန်းစုံစမ်းလိုက်နဲ့ဆိုရင် အခြားအဓိပ္ပာယ်တစ်မျိုးနဲ့ မယုံသင်္ကာဖြစ်သွားကြမှာကို စိုးရိမ်တာကြောင့် သိချင်စိတ်တွေကို မျိုသိပ်ထားလိုက်ရတော့တယ်။ နှစ်နိုင်ငံ နယ်စပ်ဒေသလဲဖြစ်၊ ကိုယ့်ရပ် ကိုယ့်ဒေသလဲမဟုတ်၊ နယ်မြေစိမ်း၊ လူစိမ်းဖြစ်နေလို့ ဒီလိုနေရာဒေသမျိုးတွေမှာ သတိထား ဆင်ခြင်တာက အကောင်းဆုံးပါ။ ကိုယ့်အိမ်ကိုပြန်ရောက်မှ မြေပုံတွေ၊ အင်တာနက်လိုင်းတွေပေါ်ကနေ ရှာဖွေကြည့်ရှုပါတော့မယ်။

လမ်းဆုံကနေ ထွက်လာပြီးတာနဲ့ ကုန်းကြမ်းမြို့ကို ၂၄ မိုင်သာကွာဝေးတော့တယ်ဆိုတာကို သိရှိသွားခဲ့ရပါပြီ။ မန္တလေး-ပြင်ဦးလွင်၊ ကလော၊ တောင်ကြီး၊ ရွှာင် တောင်ပေါ်လမ်းတွေမှာ ၂၄ မိုင်ဆိုတဲ့ခရီးက ဘာမှမကြာဘဲ နာရီဝက်လောက်သာ မောင်းနှင်ရပါတယ်။ အခုလဲ စိတ်ထဲကနေ ကုန်းကြမ်းမြို့ကိုရောက်ဖို့ ဘာမှမကြာတော့ဘူး၊ မလိုတော့ဘူးလို့ ထင်မှတ်ထားလိုက်တယ်။ ဒီလိုနဲ့ တောအထပ်ထပ်တောင်အသွယ်သွယ်ကိုဖြတ်၊ ချောင်းတွေမြောင်းတွေကို ကူး၊ အကွေ့အကောက်၊ အတက်အဆင်းလမ်းတွေမှာ ကွေ့လိုက်ကောက်လိုက်၊ တက်လိုက်ဆင်းလိုက် မောင်းနှင်လာရင်း နောက်ထပ်လမ်းဆုံနေရာတစ်ခုကို ရောက်လာပြန်တယ်။

လမ်းဆုံမှာ ဆုံကန်သို့ ၃၆ မိုင်၊ ရှင်းထန်သို့ ၂၃ မိုင်၊ ကုန်းကြမ်းသို့ ၁၉ မိုင်၊ လောက်ကိုင်သို့ ၂၃ မိုင် စတာတွေကို အရင်တွေ့ခဲ့ရတဲ့ လမ်းညွှန်ဆိုင်းဘုတ်အတိုင်း မြန်မာ-တရုတ် နှစ်ဘာသာနဲ့ရေးထိုးထားတာကို တွေ့ရတယ်။ ဒီလမ်းညွှန်ဆိုင်းဘုတ်မှာတော့ ဆုံကန်သို့၊ ရှင်းထန်သို့ဆိုတာတွေကို တရုတ်နိုင်ငံရှိရာဘက်ကို မြားထိုးညွှန်ပြထားတာကြောင့် တရုတ်နိုင်ငံတွင်းမှာရှိတဲ့ နယ်မြေဒေသတွေဖြစ်နိုင်နေသလို အစုလိုက်အပြုံလိုက် အများအပြား တွေ့မြင်နေရတဲ့ အပြင် အိမ်ခြေအဆောက်အအုံတွေကို ကျော်လွန်သွားတာနဲ့ ချောင်းလိုလို၊ မြစ်လိုလိုသဏ္ဍာန်တစ်ခုက လျှိုကြီးအတွင်းမှာကွေ့ဝိုက် စီးဆင်းနေပြန်သေးတယ်။ တွေ့မြင်နေရတဲ့အနေအထားအရ လျှိုကြီးအတွင်း အောက်ထဲကို မြွေလိမ်မြွေကောက် ဖောက်လုပ်ထားတဲ့လမ်းအတိုင်း မောင်းနှင်သွားရမှာပါ။ လျှိုအောက်ကို ရောက်တာနဲ့ အဆောက်အအုံတွေနဲ့အတူ တံတားကြီးတစ်စင်းကို ဖြတ်သန်းပြီး တောင်ပေါ်အထက်အမြင့်ကို တက်ရောက်သွားတဲ့ လမ်းတစ်ခုက ရှိနေသေးတယ်။ ဒါတွေအားလုံးကို တောင်ပေါ်လမ်းပိုင်းတစ်နေရာကနေ ကားမောင်းနေရင်းနဲ့ လှလှပပ ကွင်းကွင်းကွက်ကွက် တွေ့မြင်နေရတာဖြစ်ပါတယ်။



မြန်မာနိုင်ငံအတွင်းမှာလဲ ဒီနာမည်ဒေသတွေကို မကြားဖူးသေးပါဘူး။ လောက်ကိုင်မြို့၊ ကုန်းကြမ်းမြို့နဲ့ မြို့နှစ်မြို့ကို ဆက်သွယ်ဖောက်လုပ်ထားတဲ့ လမ်းတည်နေရာ၊ အနေအထားတွေကလဲ တရုတ်-မြန်မာနယ်စပ်မျဉ်းအနီးမှာဖြစ်နေလို့ မိုင်နှစ်ဆယ်ကျော်၊ သုံးဆယ်ကျော်ကွာဝေးနေတဲ့ ရှင်းထန်၊ ဆုံကန်ဒေသတွေက တရုတ်နိုင်ငံတွင်းက ဒေသတွေဆိုတာ ပိုမိုသေချာသွားနိုင်ပါတယ်။

လမ်းဆုံကိုလဲရောက်လာ၊ လမ်းညွှန်ဆိုင်းဘုတ်ကိုလဲ တွေ့မြင်လိုက်ရတဲ့အချိန်မှာ အံ့သြခြင်း၊ ရင်မောခြင်း၊ မယုံနိုင်ခြင်းတို့ တစ်ပြိုင်နက်တည်း ဖြစ်ပေါ်ခံစားလိုက်ရတာ အမှန်ပါ။ ပထမလမ်းဆုံတစ်ခုတုန်းက ကုန်းကြမ်းသို့ ၂၄ မိုင်ဆိုတဲ့ ဆိုင်းဘုတ်ကိုတွေ့မြင်အပြီးမှာ ဆက်လက်မောင်းနှင်လာခဲ့ရတဲ့ခရီးကြာချိန်က မိနစ် ၃၀ လောက်ရှိနေပါပြီ။ ဒီလိုကားမောင်းချိန် မိနစ် ၃၀ အတွင်းမှာမှ ခရီးမိုင် ငါးမိုင်တည်းသာ ပေါက်ရောက်ခဲ့တာကြောင့် အံ့သြရင်မောသွားခဲ့ရတာပါ။ ကုန်းကြမ်းမြို့ခရီးက နာမည်နဲ့လိုက်အောင် ကုန်းမြင့်မြင့် ကြမ်းကြမ်းတွေကို ဖောချွေးပြန်အောင် မောင်းနှင်နေရတယ်။ တောင်ပေါ်ခရီးကြမ်းလမ်းပိုင်းမှာ ကားမောင်းရတာ မသက်သာလှပါဘူး။

အခုရောက်ရှိလာတဲ့ လမ်းဆုံမှာ ဂိတ်တွေ၊ စခန်းတွေ၊ စစ်ဆေးမေးမြန်းတာတွေ ဘာမှမရှိတာကြောင့် လွတ်လွတ်လပ်လပ် ဓာတ်ပုံမှတ်တမ်းတွေရိုက်ပြီး ပြန်ထွက်လာခဲ့တယ်။ ကုန်းကြမ်းမြို့ရောက်အောင် နောက်ထပ် ၁၉ မိုင် ဆက်လက်မောင်းနှင်ရအုံးမှာပါ။ ထုံးစံအတိုင်း တောတွေ၊ တောင်တွေ၊ လျှိုတွေ၊ မြောင်တွေ၊ ကမ်းပါးယံတွေ၊ အကွေ့အကောက်တွေကို ကျော်ဖြတ်မောင်းနှင်လာရင်း သာယာလှပတဲ့ရှုမျှော်ခင်းတစ်ခုကို တောင်ပေါ်လမ်းပိုင်းတစ်နေရာကနေ ရုတ်တရက် တွေ့မြင်လိုက်ရတယ်။ တွေ့မြင်နေရတဲ့ ရှုခင်းက ကြီးမားကျယ်ပြန့်ပြီး ရှည်လျားတဲ့လျှိုကြီးတစ်ခု အတွင်းမှာ လူနေတိုက်တာ အဆောက်အအုံတွေကို

ဒီမြင်ကွင်းတွေကို ကြည့်ရှုတွေ့မြင်ရပြီး ဒေသခံကျောင်းသားမိဘပြောဆိုခဲ့တဲ့ စကားတစ်ခွန်းကို သတိရလိုက်ရင်းနဲ့ စိတ်ထဲမှာ ပျော်ရွှင်သွားခဲ့ရတယ်။ ကျောင်းသားမိဘက ကုန်းကြမ်းမြို့နဲ့ သံလွင်မြစ်နီးတယ်။ ကုန်းကြမ်းမြို့ကိုကျော်တာနဲ့ သံလွင်မြစ်ကို ရောက်ပြီ။ သံလွင်မြစ်ကိုဖြတ်ပြီးမှ မုန်းကိုးမြို့ကို ရောက်မယ် စသဖြင့် ပြောဆိုထားခဲ့တာပါ။ ဒါကြောင့်လဲ လူနေတိုက်တာအဆောက်အအုံတွေ အများအပြားတည်ရှိနေတဲ့နေရာကို ကုန်းကြမ်းမြို့၊ မြစ်လိုလိုချောင်းလိုလို တံတားကြီးရှိတဲ့နေရာကို သံလွင်မြစ်ဆိုပြီး ခန့်မှန်းယုံကြည်ထားလိုက်တာနဲ့အတူ ကုန်းကြမ်းမြို့ရှိရာကို မြွေလိမ်မြွေကောက် အဆင်းလမ်းတွေအတိုင်း ဆင်းသက်မောင်းနှင်လာခဲ့တယ်။ အဆင်းခရီးလမ်းဖြစ်နေတာကြောင့် မကြာခင်မိနစ်အနည်းငယ်အတွင်း မြို့အဝင်ဂိတ်လို့ထင်ရတဲ့ စစ်ဆေးရေးစခန်းရှိရာကို ရောက်လာတယ်။ စစ်ဆေးရေးစခန်းက အတန်အသင့် ကြီးမားသလို တာဝန်ကျလုံခြုံရေးတပ်ဖွဲ့ဝင်တွေ များပြားတာကိုလဲ တွေ့မြင်နေရတယ်။

ဂိတ်စခန်းမှာ စစ်စရာရှိတာတွေစစ်၊ မေးစရာရှိတာတွေ မေးမြန်းနေရင်းနဲ့လုံခြုံရေးအရာရှိ တစ်ယောက်က ကုန်းကြမ်းမြို့ကို ဘာသွားလုပ်မှာလဲဆိုပြီး ထပ်မံမေးမြန်းလာပြန်တယ်။ မရောက်ဖူးသေးလို့ အလည်သဘောနဲ့သွားရင်း ခရီးသွားဆောင်းပါးတွေရေးဖို့ဆိုပြီးပြောပြတော့ ကုန်းကြမ်းမြို့ထိပဲ သွားလို့ရနိုင်မယ်။ မုန်းကိုးမြို့ထိ ဆက်လက်သွားရောက်ဖို့အဆင်မပြေနိုင်ကြောင်း၊ အခုရက်ပိုင်း လမ်းကြောင်းအခြေအနေမကောင်းကြောင်း၊ ကုန်းကြမ်းမြို့ကိုလဲ တောင်တက်ခရီးလမ်းအတိုင်း နောက်ထပ်နာရီဝက်ကျော် ၄၅ မိနစ်လောက် ထပ်မံမောင်းနှင်ရအုံးမှာဖြစ်ကြောင်း ပြောပြတာကြောင့် ဒုတိယအကြိမ်မြောက် မောသွားရပြန်တယ်။ ကုန်းကြမ်းမြို့ကို ရောက်ပြီလို့ ထင်မှတ်ထားခဲ့ရတာတွေ တက်တက်စင်အောင် လွဲချော်သွားခဲ့ပါပြီ။ ပြင်ဦးလွင်-မန္တလေး ၄၂ မိုင်ခရီးကို တစ်နာရီကျော်ကျော်လောက်သာကြာမြင့်ပေမဲ့ အခု လောက်ကိုင်နဲ့ ကုန်းကြမ်း ၄၂ မိုင်ခရီးကို ကားမောင်းချိန် နှစ်နာရီကျော်ကြာမြင့်နေတာတောင် ရောက်ရှိခြင်း မရှိသေးပါဘူး။ နောက်ထပ် နာရီဝက်ကျော် ၄၅ မိနစ်လောက် ဆက်လက်မောင်းနှင်ရအုံးမယ်ဆိုတာနဲ့ မုန်းကိုးမြို့ထိလဲ သွားရောက်လို့မရတော့တာကြောင့် မောသွားရတာပါ။ ဘာပဲဖြစ်ဖြစ် စစ်ဆေးရေးဂိတ်စခန်းရဲ့ ခွင့်ပြုချက်အရ ကုန်းကြမ်းမြို့ထိ ဆက်လက်မောင်းနှင်လိုက်ပါအုံးမယ်။

ဂိတ်စခန်းကထွက်လာတော့ မနက် ၁၁ နာရီကျော်နေပါပြီ။ ပထမဦးဆုံးအနေနဲ့ တောင်ပေါ်လမ်းပိုင်းအမြင့်ကနေ တွေ့မြင်ခဲ့ရတဲ့ လျှိုကြီးအတွင်းက လူနေအိမ်အဆောက်အအုံတွေကို စတင်ဖြတ်သန်းမောင်းနှင်ရတယ်။ အိမ်တွေ၊ ဈေးဆိုင်တွေ အလွန်များတဲ့ ရွာကြီးတစ်ရွာပါ။ တစ်ယောက်တည်း ကားမောင်းနေရင်းနဲ့ သတိထားမိတာက လမ်းတစ်လျှောက်လုံး အသွားအလာမရှိကြဘဲ ရှင်းလင်းနေတာပါ။ မိမိကိုယ်တိုင်ကလဲ လမ်းပေါ်မှာရှိနေတဲ့ ချိုင့်တွေရှောင်လိုက်၊ ကျင်းတွေရှောင်လိုက်၊ လမ်းဘေးမှာ နီးကပ်စွာရှိနေတဲ့ တောင်ကမ်းပါးယံတွေကို မတိုက်မိအောင် သတိထားလိုက်၊ ချောက်ထဲမကျအောင် ဂရုစိုက်လိုက်နဲ့ ချွေးပြန်အောင် မောင်းနှင်နေရတယ်။ ဒီလိုဝေးလံတဲ့ ခရီး၊ ခက်ခဲတဲ့ခရီးကြမ်းကြီးကို အဖော်မပါဘဲ တစ်ယောက်တည်းလာခဲ့ရတဲ့အတွက် အချိန်တွေကြာလာတာနဲ့အမျှ စိုးရိမ်ပူပန်စိတ်အနည်းငယ်ဝင်ရောက်လာခဲ့ရတယ်။ ကားဘီးပေါက်တာကအစ စက်ချို့ယွင်းသွားရင် နယ်မြေဒေသအခြေအနေအရ အကြောင်းတစ်စုံတစ်ရာနဲ့ တွေ့ကြုံခဲ့ရင် စတာတွေကို တွေးတောပူပန်လာရတယ်။ ဒီရက်ပိုင်းတွေမှာ လမ်းကြောင်းမကောင်းဘူးလို့ စစ်ဆေးရေးဂိတ်စခန်းကနေ ပြောကြားလိုက်တာကြောင့်လဲ စိတ်တထင့်ထင့်နဲ့ အနှောင့်အယှက်ဖြစ်ရင်း မောင်းနေရတော့တယ်။

ကုန်းကြမ်းမြို့ကိုရောက်ခါနီးလေ တောင်ကုန်းတောင်တန်းတွေ၊ သစ်ပင်သစ်တောတွေက ပိုမိုများပြား ထူထပ်လေပါ။ ဒီလိုအခြေအနေတွေကြောင့်လဲ ဘယ်နေရာမှာ ဘာဖြစ်မလဲ၊ ဘာတွေနဲ့တွေ့ကြုံရင်ဆိုင်မလဲဆိုတဲ့ စိုးရိမ်ပူပန်စိတ်တွေက ပိုများလာရတယ်။ ဒါပေမဲ့ တောင်ကုန်းအကွေ့တစ်ခုကို တက်ရောက်ချိုးကွေ့ပြီးချိန်မှာ ဒေသခံတိုင်းရင်းသားဝတ်စုံလို့ ထင်မှတ်ရတဲ့ အဝတ်အစားဆင်တူ ယောကျာ်းလေး၊ မိန်းကလေး လေး၊ ငါးယောက်အုပ်စုတစ်စုကို လမ်းဘေးမှာရုတ်တရက်တွေ့လိုက်ရတာကြောင့် ဝမ်းသာပျော်ရွှင်သွားခဲ့ရတယ်။ သူတို့လေးတွေရဲ့ ပုံစံကဘာမှမဖြစ်သလို စိုးရိမ်ပူပန်စိတ်တွေကင်းပြီး အေးအေးဆေးဆေး လမ်းလျှောက်သွားလာနေကြတာပါ။ လတ်တလောအခြေအနေအရ နယ်မြေအေးချမ်းမှုရှိနေတယ်လို့ ယူဆနိုင်ပါတယ်။ ဒါကြောင့်လဲ စိတ်ထဲမှာ အနည်းငယ် သက်သာသွားခဲ့ရတယ်။

ကားမောင်းချိန် မိနစ် ၃၀ ကျော်၊ ၄၅ မိနစ်လောက်အရောက်မှာ စကားပြောသံတွေလိုလို၊ အော်သံဟစ်သံတွေလိုလို အသံတွေကို ကြားနေရတာကြောင့် ကုန်းကြမ်းမြို့နဲ့ နီးလာပြီလို့ ခန့်မှန်းမိလိုက်တယ်။ ခန့်မှန်းထားမိလိုက်တဲ့အတိုင်း တောင်ကုန်းတစ်ခုရဲ့ ဘေးဘက်ကမ်းပါးယံတစ်ခုမှာ "အရှက်ဦးပန်းခြံ၊ ကုန်းကြမ်းမြို့"ဆိုတဲ့ ဆိုင်းဘုတ်ကြီးတစ်ခုကို တွေ့လိုက်ရတယ်။ ဒါ့ပြင် တောင်ကုန်းပေါ်ကို တစ်ဆစ်ချိုး ချိုးကွေ့ပြီးတာနဲ့ "ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကုန်းကြမ်းမြို့မှ နွေးထွေးစွာကြိုဆိုပါ၏" လို့ ရေးထိုးထားတဲ့ မြို့အဝင်ဆိုင်းဘုတ်ကြီးကိုလဲ ထပ်မံတွေ့ရှိရပါတယ်။ ပင်ပင်ပန်းပန်း ခရီးကြမ်းကို အရောက်လှမ်းလာခဲ့ရတဲ့ မြို့ကုန်းကြမ်းကိုဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလို့လာခဲ့ရပါပြီ။

သက်နိုင် (ပြင်ဦးလွင်)

# Families of the Office of the Commander-in-Chief (Army, Navy and Air) hold first monsoon tree-growing ceremony for 2023



Senior General Min Aung Hlaing greets those present at the tree-planting ceremony.

**Nay Pyi Taw June 8**

Families of the Office of the Commander-in-Chief (Army, Navy and Air) and those from relevant military command have been holding the manageable-scale monsoon tree-growing ceremonies since 2011, aimed at conserving environment, contributing to easing impacts of climate change, give shade and supporting the State economy on one hand.

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing grew a teak tree at the first monsoon tree-growing ceremony of families of the Office of the Commander-in-Chief (Army, Navy and Air) near Yezin Dam in Zeyathiri Township of Nay Pyi Taw today.

The ceremony was also attended by Daw Kyu Kyu Hla, wife of the Senior General, SAC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife Daw Than Than Nwe, Chief of the General Staff (Army, Navy and Air) General Maung Maung Aye and wife, the Commander-in-Chief (Navy) and wife, the Commander-in-Chief (Air) and wife, senior military officers from the Office of the Commander-in-Chief and their wives, Union level officials and wives, senior officer trainees from the National Defence College, officers and other ranks from offices and department of the Office of the Commander-in-Chief (Army) and families.



Daw Kyu Kyu Hla waters a plant.

**Monsoon tree-growing ceremonies held as serving a national duty**

Speaking on the occasion, the Senior General said that in accord with the motto: People who love forest and trees, grow trees yearly for winning treasury, lovely conserving forests and trees and growing more trees create many advantages to the State. Tatmadaw has been holding the monsoon tree-growing ceremonies for a decade on a yearly basis starting from 2011. Such ceremonies aim to sustain forest resources of the State and conserve environment and valuable ecosystems as a national duty.

From 2011, families of the Tatmadaw (Army, Navy and Air) has been planting more than 180,000 trees in order to conserve environs of Yezin Dam and ecosystem by holding the monsoon-tree growing ceremonies, more than 100,000 trees of which are thriving now. The whole Tatmadaw grew more than 21 million of saplings from 2011 to 2022, more than 1.5 million of which are thriving, accounting for more than 70 per cent. Myanmar owns many natural resources, focusing on agricultural task. Water is essential for agriculture sector. In line with the saying which goes: Weather depends on forests, forests helps improve climatic conditions and control water. Hence, it is necessary to grow trees to be thrived and continue conservation of these trees to have growth in the long run.

The whole country is covered with 46.96 per cent of forests in 2010 but 42.92 per cent in 2015 and 42.19 per cent in 2020. Deforestation causes climate change, causing natural disasters in successive eras, leaving a large number of casualties and damage. Natural disasters cannot be prevented but eased with growing of trees and conservation of forests.

**Perennial trees cannot immediately benefit the people but give shade and safety to posterity**

Establishment of a forest needs to take more than 10 years. It cannot immediately benefit the people but give shade and safety to new generations. It is noticeable that forefathers grew trees, so current people can live greening and beautifying environments in favourable climates. People can face bad weather in some places due to weakness in environmental conservation. But, these situations were created by humans, so people in individuals are to conserve trees and forest and strive for thriving of the plants they grew.

Nay Pyi Taw Capital is being shaped as a green city forever and beautification tasks have been undertaken since its establishment. Thanks to conserving the flowery plants and shade trees in establishment of the Nay Pyi Taw, everybody can enjoy scenic beauties and shade now. If a town and then the whole country can be greened, Myanmar will be in conformity with the environment and will have the capacity to overcome natural disasters.

Spending a large sum of money, time and labour on growing the trees aim to green the State as a natural duty, so all people have to understand it and strive for successful growing of trees.

**The Senior General and wife plant a teak tree**

The Senior General and wife grew a teak tree. The Vice-Senior General and wife, the Chief of the General Staff (Army, Navy and Air) and wife, the Commander-in-Chief (Navy) and wife, the Commander-in-Chief (Air) and wife as well as Tatmadaw members and families planted saplings at the designated places. The Senior General and wife viewed round participation of Tatmadaw members and families in the tree-growing ceremony.

**A total of 189,189 precious plants, perennial trees, windbreaks grown around Yezin Dam from 2011 to first tree-growing ceremony in 2023**

At the first tree-growing ceremony held yesterday, families of Tatmadaw (Army, Navy and Air) planted 1,764 teak plants, 882 Manjansha plants and 882 gum-kino plants, totalling 3,528. Tatmadaw held 36 tree-growing ceremonies to plant 189,189 precious plants, perennial trees and windbreaks from 2011 to the first tree-growing ceremony in 2023.

**The whole Tatmadaw grew 210,398 trees the same day**

Relevant military command areas held monsoon tree-growing ceremonies in growing precious plants, industrial crops, perennial crops and windbreaks. Commanders and officials grew 11,470 trees in Nay Pyi Taw Command, 14,986 trees in Northern Command, 9,135 trees in North-East Command, 10,225 trees in Eastern Command, 23,835 trees in Eastern Central Command, 14,875 trees in Triangle Region Command, 13,695 trees in South-East Command, 13,121 trees in Coastal Region Command, 16,710 trees in Yangon Command, 8,906 trees in South-East Command, 16,289 trees in Western Command, 8,761 trees in North-West Command, 37,880 trees in Central Command and 6,982 trees in Southern Command, totalling 210,398 trees. 100



Senior General Min Aung Hlaing waters a plant.

# Aung Bar Lay online lottery system launched; Chairman of State Administration Council Prime Minister Senior General Min Aung Hlaing delivers address




**Senior General Min Aung Hlaing addresses Aung Bar Lay Online Lottery launching ceremony.**

**Nay Pyi Taw June 8**

Aung Bar Lay Online Lottery system was launched at MICC2 here this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo, SAC members, union ministers, union level officials, the Nay Pyi Taw Council chair, Chief of General Staff (Army, Navy and Air) General Maung Maung Aye, senior military officers from Office of Commander-in-Chief, the Myanmar Economic Corporation chair, officials of Viettel Group, who attended on behalf of Ministry of Defence of Government of Socialist Republic of Vietnam, the Nay Pyi Taw Command commander, deputy ministers, honoured guests, artists and officials.

Entertainment programs were staged with the songs **"Aung"** and **"The era of the digital in Myanmar"** together with dances.

The Senior General said the goal of the Aung Bar Lay online lottery is to enable people to buy lottery tickets online with ease in accord with the changing era, in addition to the availability of print lottery tickets of the Internal Revenue Department, Ministry of Planning and Finance. Aung Bar Lay online application will be officially introduced at the ceremony.

In ancient times, Myanmar people said "Aung Bar Lay (what a success)" every time they had done a meritorious deed amidst the many difficulties. The names of lucky draw winners of a donation ceremony were also announced with the word "Aung Bar Lay". Myanmar people have the tradition of singing **a song that portrays the success** whenever they accomplish a difficult task or do a meritorious deed.

The price of a lottery ticket increased from Ks-2 to Ks-1,000, alongside the rising demand that went in parallel with the number and value of prizes throughout the successive eras. Sale of lottery tickets with per unit selling price of Ks-1,000 and the maximum prize value of Ks-1,500 million started on 1 February 2019.

Public criticism of the weaknesses of the current lottery system is also noted. People are demanding to solve the problem of selling the lottery tickets at prices higher than the original price.

Since its assumption of State duties, SAC has been implementing the five-point Roadmap in the interest of the nation and people. In accord with the motto **"Move forward towards the goal"** SAC is striving for the success of the systematic programs benefitting the people. It is also conducting people-centred development undertakings for the prosperity, food sufficiency, health, happiness and socio-economic growth of the people and the online lottery system is also included in them.

The government is systematically running the Aung Bar Lay lottery to ensure public happiness and to curb illegal gambling. In view of the public interest, the government has increased the value of prizes to 70% of the sales, up from 60% in the past.

The goal of the online system is to launch a modern lucky draw method that meets the advancing era and for the availability of tickets at normal prices for the people who will try their luck.

People will be able to try their luck through mobile application at any time and place at the set price. Talks were held at hluttaws during the terms of the previous governments to implement the online lottery system before using the digital lottery system like other countries. They could not realize the task due to the absence of the lottery law and other reasons.



**Senior General Min Aung Hlaing hears report on Aung Bar Lay online lottery system.**

The SAC has launched the online system for the people to buy tickets online, while distributing the print tickets as usual. At the time when countries are applying digital technology, Myanmar launches the online system for the convenience of urban and rural buyers in choosing their favorite lottery ticket numbers.

The procedure of the online application to buy tickets, make payments and accept prize money is so simple and easy. Winners will be informed with SMS messages. As for the convenience and safety of winners, prize money of the small awards will be available online, while that of big awards will be transferred into the bank accounts.

Today, the launch of the Aung Bar Lay online lottery application is the introduction of the new digital lottery platform system, in which one can easily try the lottery using digital technology and mobile payment systems. As a result, it will be able to provide support for many benefits such as improving the state's revenue in the future, development of the nation's digital economy infrastructure and reducing the use of cash (cashless society), the Senior General said.

It was found that with the leadership of the Ministry of Planning and Finance, relevant ministries, departments and Telecom International Myanmar Co., Ltd have made a joint effort to implement it. Today is coincided with the 5th anniversary of the launching ceremony of Telecom International Myanmar Co., Ltd (Mytel) and I would also like to acknowledge the achievements of the past five years. It is a very big responsibility to represent the state in developing a new system. He would like to encourage everyone to work together to make the Aung Bar Lay online lottery system, which is a new public benefit enterprise that has been introduced for the state, step by step and succeed, the Senior General said.

After that, Aung Bar Lay lottery history documentary and Aung Bar Lay online lottery system were introduced with a video clip.

Continuing with the opening of the Aung Bar Lay online lottery system, Deputy Prime Minister and Union Minister U Win Shein, Union Minister for Investment and Foreign Trade Dr Kan Zaw, Myanmar Economic Corporation Chairman Lt-Gen. Nyo Saw and *See Page 13*



Dances being performed at the ceremony.

*From Page 12*

Viettel Group (Mytel) CEO Nguyen Tien Dung put gold coins into the piggy bank at the same time as the opening of the Aung Bar Lay online lottery system and Senior General Min Aung Hlaing put a gold coin into the piggy bank to bring good luck and launched the new Aung Bar Lay online lottery system.

After that, Deputy Prime Minister and Union Minister U Win Shein presented the logo to mark the opening of the Aung Bar Lay online lottery system to the Senior General.

After that, in related with the Aung Bar Lay online lottery system, Mytel's Chief External Relations Officer, Dr. Nilar Aye, explained the procedures and advantages of the Aung Bar Lay online lottery system mobile application download to how to withdraw the Aung Bar Lay online lottery prizes.

After that, performers sang and danced to the tune of **"Let's try your luck by drawing Aung Bar Lay lottery"** and showed the display of the five year memory of Telecom International Myanmar Co., Ltd (Mytel).

After that, Major General Nguyen Thanh Nam, Vice President of Viettel Group, expressed gratitude on behalf of the Ministry of National Defence of the Socialist Republic of Vietnam.

Then, Viettel Group Vice President Major General Nguyen Thanh Nam presented a certificate of honor to the officials of Mytel to mark the 5th anniversary of Mytel on behalf of the Ministry of National Defence of the Socialist Republic of Vietnam.

After that, Myanmar and Vietnamese dance and music groups performed the song "We Love Myanmar" and the song "Let's try your luck by drawing Aung Bar Lay online lottery" and ended the ceremony.

After that, the Senior General watched the use of the Aung Bar Lay online lottery system and officials explained about it. 100



Viettel Group Vice President Major General Nguyen Thanh Nam presents the certificate of the fifth founding anniversary of Mytel to officials.

# Canada wildfires: Millions advised to mask up due to intense smoke

**Ottawa June 8**

Millions of people in North America have been advised to wear N95 masks outdoors due to poor air quality levels sparked by intense wildfires in Canada.

New York will begin distributing free masks on Thursday. Canada has said that people should wear a mask if they are unable to remain indoors.

The smog is expected to spread beyond New York to other East Coast areas.

Officials warn that the dangerously smoky conditions are expected to persist into the weekend.

Much of the smoke is coming from Quebec, where 150 fires are burning. It is already Quebec's worst fire season on record.

"The smoke is impacting cities right across the Eastern Seaboard...I'm advised that nearly 100 million people are experiencing very, very poor air quality as a direct result of the smoke from these wildfires," Canada's Minister of Emergency Preparedness, Bill Blair, told the BBC's Newshour.

People in several cities across the US woke up on Thursday to hazardous air quality conditions, including in Philadelphia and other parts of Pennsylvania. Other parts of the US, including large swathes of the Midwest and the South, are also under air quality alerts.

New York's Governor Kathy Hochul said one million masks would be given to residents on Thursday.

"This is a temporary situation. This is not Covid," she said at a news conference. The governor added that New York City buses and trains have high-quality air filtration systems that make them safe forms of travel. BBC

# Afghanistan blast: Taliban officials targeted at mosque prayers

**Kabul June 8**

An explosion inside a mosque in north-east Afghanistan has killed 11 people and injured 30.

Reports say several local Taliban officials were among those killed or wounded.

A local official said the blast happened during a prayer service for the deputy governor of Badakhshan province, who was killed by a car bomb earlier this week.

The Islamic State militant group said it carried out the car bomb attack.

Thursday's explosion happened at 11:00 local time in the provincial capital, Faizabad.

Mourners were attending the funeral of Nisar Ahmad Ahmadi, the acting Taliban provincial governor of Badakhshan, who was killed on his way to work on Tuesday. One other person was killed and six wounded in that attack.

Two sources confirmed to the BBC that two local Taliban officials were killed at the mosque. They include the former police commander of northern Baghlan province, Safiullah Samim, according to a statement offering condolences from another police chief.

"The Ministry of Interior of the IEA condemns this brutality of the disgraced enemies," a statement said of the blast.

Eyewitnesses said gunfire could be heard after the explosion.

Footage sent to the BBC shows several casualties arriving at the hospital in the provincial capital by ambulance. BBC

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses Meeting (1/2023) of Work Committee for Development of Micro, Small and Medium Enterprises



Vice-Senior General Soe Win addresses MSME Development Work Committee meeting 1/2023.

**Nay Pyi Taw June 8**

Meeting (1/2023) of the Work Committee for Development of Micro, Small and Medium Enterprise was held at the Ministry of Industry in Nay Pyi Taw this afternoon and Chairman of the Work Committee for Development of Micro, Small and Medium Enterprises Vice Chairman of the State Administration Council Deputy Prime Minister Vice-Senior General Soe Win delivered an address at the meeting.

Also present at the meeting were union ministers U Win Shein, Dr Charlie Than, U Hla Moe, U Aung Naing Oo and Dr Myo Thein Kyaw, the chairman of the Nay Pyi Taw Council, deputy ministers, members of the work committee and officials from business association while chief ministers from states and regions participated in the meeting via video conferencing.

First, the Vice-Senior General delivered an address, saying the meeting of the Central Committee for Development of Micro, Small and Medium Enterprises was held on 27 May, 2023 and it is necessary for the work committee and agencies from relevant states and regions to hold negotiations to implement the guidances of the Prime Minister at the meeting. The Prime Minister has been visiting states and regions to encourage, make suggestions for and coordinate operations of MSMEs and fulfill the requirements. There are more than 190 instructions concerning MSMEs given by the Prime Minister and more than 230 reports made by local MSMEs, which cover technologies, finance, markets, worksites, raw materials, machines and other sectors. As for the reports, the work committee has been implementing them in cooperation with state and regional agencies.

The main points of the instructions over MSMEs are to encourage local products, to produce export substitutes and to promote exports. It is impossible for the work committee to ignore the instructions and state and regional agencies are required to implement the three fundamental instructions.

To do so, states and regions are required to increase production based on local raw materials. Measures must be taken to abide by the guidance of the Prime Minister in accordance with the motto 'One Region, One Product'. Relevant agencies are required to designate main products and produce them not only for local consumption but also for exports. Based on the three fundamental instructions to encourage local products, substitute imports and promote exports, the work committee and state and regional agencies are required to designate the field of products and carry out necessary tasks. As for the fields of products, foodstuffs including edible oil crops, rice and broken rice, tapioca, rubber, cotton, coffee and tea, forest products, rattan and bamboo, meat and fish and animal feeds and pharmaceutical raw materials must be designated as regional products based on raw materials based on local raw materials. Measures must be taken to hold negotiations with the aim of exporting them. States and regions are required to develop production plans and implement them.

In developing plans, investment and technological assistance will be offered to MSME entrepreneurs in states and regions to manufacture products through cooperative and private systems. In carrying out the tasks, there are challenges, investment flow will be facilitated. Moreover, the work committee will launch awareness raising campaigns for entrepreneurs. Similarly, assistance will be offered to entrepreneurs. In terms of distribution information, it is to make arrangements to ensure correct and speedy information for the MSMEs and the people and development of human resources for MSMEs. It is to consider that there will be no gap between the market and the production process in exporting the products. Besides, the working committee is to help MSMEs' products acquire overseas markets. All the attendees at the meeting are to work together to achieve development of MSMEs, which is the ambition of the Prime Minister as well as a key sector mainly supporting economic development of the nation. It is to support MSMEs with a long-term promise to boost the nation's economy and to achieve economic development through manufacturing many products for the nation. As MSMEs still have difficulties in terms of production process with digital technology, promotion of market, distribution of information and transfer of money in trade, it is necessary to find effective and easy ways to deal with them.

Then, Secretary of the Working Committee Deputy Minister U Yin Maung Nyunt reported on work being done according to the decision made at the 1/2022 Meeting and measures being taken by the working committee.

Next, documents to be represented to the working committee were read and submitted by Deputy Minister for Ministry of Industry U Yin Maung Nyunt, Deputy Ministers for Planning and Finance Daw Than Than Win and U Maung Maung Win, Deputy Minister for Information U Ye Tint, Chairman of Nay Pyi Taw Council U Tin Oo Lwin, and the Chief Minister of Shan State.

Afterwards, Vice-Chairman of the Working Committee Union Minister for Planning and Finance U Win Shein briefed on facts about loans disbursed to MSMEs and relevant rules and regulations.

Then, the Director-General of Directorate of Industrial Supervision and Inspection who is the joint-secretary of the working committee presented suggestions on obtaining confirmation on the documents.

Afterwards, Vice-Chairman of the Working Committee Union Minister for Industry Dr. Charlie Than submitted discussions on amending the name of Small and Medium Enterprises Development Law to that of Micro, Small and Medium Enterprises Development Law, giving priorities on products to respective regions and states to be able to manufacture export substitute items and value-added products with the use of regional raw materials, and linking cooperative system with wholesale markets through establishing manufacturers cooperative societies, conducting supervision on systematic facts about trademarks of MSME products in accordance with the existing law and protocol, publishing information on regional commodities and export items in state-run media outlets for awareness of MSME entrepreneurs, establishing an information mechanism to distribute news on MSME, and facts mentioned in the ASEAN SME Policy Index 2018.

Then, Union Ministers U Hla Moe, U Aung Naing Oo and Dr. Myo Thein Kyaw, members of the working committee, Chairman of Nay Pyi Taw Council U Tin Oo Lwin, chief ministers of regions and states, deputy ministers and experts of organizations submitted sector-wise measures being taken for development of MSME.

The Vice-Senior General made coordination on the reports and suggestions and gave concluding remarks.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဖိလစ်ပိုင်လေတပ်က Saab JAS-39 Gripen တိုက်လေယာဉ်များဝယ်ယူရန် ဆွီဒင်နှင့်သဘောတူညီခဲ့




ဖိလစ်ပိုင်လေတပ် (PAF) သည် Saab JAS-39 Gripen တိုက်လေယာဉ်အသစ်များ ဝယ်ယူနိုင်ရန်အတွက် ဆွီဒင်နိုင်ငံနှင့် သဘောတူညီမှုရရှိခဲ့ကြောင်း www.esquiremag.ph အွန်လိုင်း မီဒီယာတွင် ဇွန် ၅ ရက်က ရေးသားဖော်ပြခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ ကာကွယ်ရေးဝန်ကြီး Carlito Galvez Jr. နှင့် ဆွီဒင်နိုင်ငံ ကာကွယ်ရေးဝန်ကြီး Pål Jonson တို့သည် စင်ကာပူနိုင်ငံခရီးစဉ်အတွင်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ခဲ့ကြကြောင်း သိရသည်။

PAF လေတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Stephen Parreño သည် မေလနှောင်းပိုင်းက ဆွီဒင်နိုင်ငံ Saab စက်ရုံသို့လေ့လာရန် သွားရောက်လည်ပတ်ခဲ့ပြီးနောက် ယခုကဲ့သို့ သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

"သဘောတူညီချက်အရ ဖိလစ်ပိုင်စစ်ဘက် ခေတ်မီရေးအစီအစဉ်မှာ ဆွီဒင်ကာကွယ်ရေးလုပ်ငန်းတွေ ပါဝင်ဖို့အခွင့်အလမ်းတွေပွင့်လာပြီး ဖိလစ်ပိုင်ရဲ့စစ်ဘက် အဆင့်မြှင့်တင်ရေးစီမံကိန်းတွေမှာ ပံ့ပိုးပေးနိုင်ဖို့ ပူးပေါင်းလုပ်ဆောင်မှုတွေရှိလာမှာပါ"ဟု နိုင်ငံ၏ ကာကွယ်ရေးဝန်ကြီးဌာန ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့်မတ်လတွင် ဖိလစ်ပိုင်နှင့် ဆွီဒင်တို့သည် ကာကွယ်ရေးပစ္စည်းဝယ်ယူရေးသဘောတူညီချက်ကို အပြီးသတ်ချုပ်ဆိုနိုင်ခဲ့ကြသည်။

ထိုအချိန်တွင် ဖိလစ်ပိုင်နိုင်ငံ အမျိုးသားကာကွယ်ရေးဌာန (DND) ပြောရေးဆိုခွင့်ရှိသူ Arsenio Andolong က တာဝန်ရှိသူများအနေဖြင့် ဖိလစ်ပိုင်နိုင်ငံ၏ ကာကွယ်ရေးဆိုင်ရာ ခေတ်မီရေးကြိုးပမ်းမှုများ၊ အထူးသဖြင့် ဖိလစ်ပိုင်လေတပ်၏ ဦးစားပေးအဆင့်မြှင့်တင်ရေးအစီအစဉ်များတွင် ၎င်း၏စောင့်ကြည့်ထောက်လှမ်းမှုနှင့် ကြားဖြတ်တားဆီးမှုစွမ်းရည်ကို မြှင့်တင်ရန် ဆွေးနွေးခဲ့ကြသည်ဟု ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် ပြည်ပရန်ကာကွယ်ရေးစွမ်းအား တိုးတက်ဖွံ့ဖြိုးရန်သင့်လျော်မည့် စတုတ္ထမျိုးဆက် သို့မဟုတ် ထိုထက်ပိုမြင့်သော တိုက်လေယာဉ်များကို ဝယ်ယူသွားရန် စီစဉ်ထားခြင်းလည်းဖြစ်သည်။

ဝယ်ယူရေးအတွက် နိုင်းယှဉ်ရွေးချယ်ရာတွင် Saab JAS-39 Gripen နှင့် Lockheed Martin F-16V Viper ဂျက်တိုက်လေယာဉ်များ ပါဝင်နေသည်။

ဖိလစ်ပိုင်နိုင်ငံ၏ MRF စီမံကိန်းသည် ဖိလစ်ပိုင်စစ်ဘက် ခေတ်မီအဆင့်မြှင့်တင်ခြင်းအစီအစဉ် Horizon 2 အောက်တွင် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

၎င်းတိုက်လေယာဉ်အသစ်များသည် တောင်ကိုရီးယားထုတ် Mach 1.5 အလျင်နှုန်းဖြင့် တိုက်ပွဲဝင်ပျံသန်းနိုင်သော FA-50PH အပေါ့စားဂျက်တိုက်လေယာဉ် ၁၂ စင်းပိုင်ဆိုင်ထားသည့် ဖိလစ်ပိုင်လေတပ်၏ လက်ရှိလေကြောင်းစွမ်းအားကို အားဖြည့်ပေးသွားနိုင်မည်လည်းဖြစ်သည်။

အနာဂတ်တွင် ဝယ်ယူမှုများအတွက် စောင့်ကြည့်လေ့လာနေသည့် တိုက်လေယာဉ်အမျိုးအစားတွင် အမေရိကန်နိုင်ငံ Lockheed Martin F-16V Viper တိုက်လေယာဉ် ပါဝင်နေဆဲဖြစ်ကြောင်း သိရသည်။

**The Philippine Air Force Is Set to Acquire Saab JAS-39 Gripen Fighter Jets From Sweden ကို ဘာသာပြန်ဆိုထားပါသည်။**

## ပိုလန်နိုင်ငံမှ GROM MANPADS ဒုံးကျည်များကို လစ်သူယေးနီးယား ထပ်မံဝယ်ယူသွားမည်




ပိုလန်နိုင်ငံမှ GROM MANPADS ဒုံးကျည်များကို ထပ်မံဝယ်ယူသွားမည်ဖြစ်ကြောင်း လစ်သူယေးနီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန (MoD) က ဇွန် ၅ ရက်က တွစ်တာလူမှုကွန်ရက်တွင် ကြေညာခဲ့သည်။

ထိုသို့ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို အားကောင်းရန် ဆက်လက်လုပ်ဆောင်သွားမည် ဆုံးဖြတ်ချက်သည် လျင်မြန်စွာပြောင်းလဲနေသော ဒေသဆိုင်ရာ လုံခြုံရေးအခင်းအကျင်းများကြားတွင် ၎င်း၏စစ်ရေးစွမ်းရည်များကို ခေတ်မီစေရန်နှင့်အဆင့်မြှင့်တင်ရန် လစ်သူယေးနီးယား၏ ဆက်လက်ကြိုးပမ်းမှုများနှင့် ကိုက်ညီသည်။

ပိုလန်နိုင်ငံ ကာကွယ်ရေးကုမ္ပဏီ Zakłady Mechaniczne Tarnów မှ ထုတ်လုပ်သော GROM MANPADS ဒုံးကျည်စနစ်သည် ၎င်း၏တိကျမှု၊ ဘက်စုံအသုံးပြုနိုင်မှုနှင့် အသုံးပြုရလွယ်ကူသော၊ လူသိများသော၊ အလွန်ခေတ်မီဆန်းပြားသော စစ်ဘက်နည်းပညာတစ်ခုဖြစ်ကြောင်း သိရသည်။

အနိမ့်ပျံလေယာဉ်များ၊ ရဟတ်ယာဉ်များနှင့် UAV များကိုတိုက်ဖျက်ရန် ဒီဇိုင်းထုတ်ထားသည့် အဆိုပါစနစ်သည် သယ်ဆောင်ရလွယ်ကူပြီး စစ်သားတစ်ဦးတည်းက လုပ်ဆောင်နိုင်သောကြောင့် ၎င်းကို ခေတ်သစ်တိုက်ပွဲတွင် အဖိုးတန်ပစ္စည်းတစ်ခုအဖြစ် အမွမ်းတင်ထားသည်။

GROM ဒုံးကျည်စနစ်၏ ပထမဆုံးဝယ်ယူရေးစာချုပ်ကို လစ်သူယေးနီးယားနိုင်ငံမှ ၂၀၁၄ ခုနှစ်က သဘောတူလက်မှတ်ရေးထိုးခဲ့ပြီး နိုင်ငံ၏ခေတ်မီစစ်ဘက်ကိုတည်ဆောက်ရာတွင် အရေးပါသော ခြေလှမ်းတစ်ရပ်အဖြစ်အသိအမှတ်ပြုခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာနသည် ဝယ်ယူမည့်ဒုံးကျည်အရေအတွက် သို့မဟုတ် ၎င်းတို့၏ပေးပို့မှုအတွက် အချိန်ကာလကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ သို့သော်လည်း ၎င်းကြေညာချက်သည် လစ်သူယေးနီးယားနှင့် ပိုလန်နိုင်ငံတို့ကြား ခိုင်မာသောကာကွယ်ရေးဆိုင်ရာ ဆက်ဆံရေးကို ကိုယ်စားပြုပြီး ဒေသတွင်းတည်ငြိမ်ရေးနှင့် လုံခြုံရေးကိုထိန်းသိမ်းရန် ၎င်းတို့၏တူညီသော ကတိကဝတ်ကို ညွှန်ပြနေသည်။

လစ်သူယေးနီးယားနိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်များတွင် ထပ်မံရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်ချက်သည် ၎င်း၏နိုင်ငံသားများ ဘေးကင်းမှုနှင့်လုံခြုံရေးကို အာမခံချက်ပေးသည့် ကာကွယ်ရေးစီမံချက်အတွက် နိုင်ငံ၏အပြုသဘောဆောင်သော ချဉ်းကပ်မှုကို သက်သေပြနေသည်။

ပိုလန်နိုင်ငံကာကွယ်ရေးကုမ္ပဏီ Zakłady Mechaniczne Tarnów မှထုတ်လုပ်သည့် GROM MANPADS သည် ပခုံးပေါ်မှပစ်ခတ်သည့် ဒုံးကျည်များကို ကျယ်ပြန့်စွာရင်ဆိုင်နိုင်သည့် အဆင့်မြင့် တာတိုပစ်ပခုံးထမ်းဒုံးလက်နက်စနစ်ဖြစ်ကြောင်း သိရသည်။

GROM ဒုံးကျည်စနစ်၏ အဓိကအင်္ဂါရပ်မှာ ၎င်း၏ အထင်ကြီးလောက်သော တိုက်ပွဲဝင် လုပ်ဆောင်မှုအပိုင်းဖြစ်သည်။ အဆိုပါလက်နက်သည် အကွာအဝေး ၅ ဒသမ ၅ ကီလိုမီတာထိ ဝေဟင်ပစ်မှတ်များကို အောင်မြင်စွာတိုက်ပွဲဝင်နိုင်ကြောင်း သိရသည်။

ထို့ပြင် ၎င်းသည် ထိရောက်အမြင့် ၃ ဒသမ ၅ ကီလိုမီတာထိ ပျံသန်းတိုက်ခိုက်နိုင်ပြီး အမြင့်အမျိုးမျိုးမှ ဝင်ရောက်လာသော လေကြောင်းခြိမ်းခြောက်မှုများ ချေဖျက်နိုင်စွမ်းကို မြှင့်တင်ပေးထားကြောင်း သိရသည်။

၎င်းစွမ်းဆောင်ရည်သည် GROM MANPADS များကို ၎င်းတို့ပျံသန်းနိုင်သောအမြင့်ပေ သို့မဟုတ် အကွာအဝေးမခွဲခြားဘဲ အနိမ့်ပျံလေယာဉ်၊ ရဟတ်ယာဉ်များနှင့်မောင်းသူမဲ့လေယာဉ်များ (UAV) အပါအဝင် ကွဲပြားခြားနားသော လေကြောင်းခြိမ်းခြောက်မှုများကို တန်ပြန်နိုင်စေသည်။

စနစ်တွင် ခေတ်မီဆန်းပြားသော နည်းပညာများ ထည့်သွင်းထားသော်လည်း GROM MANPADS သည် ပေါ့ပါးပြီး သယ်ဆောင်ရလွယ်ကူသည်။ ၎င်းသည် စစ်မြေပြင်တွင် လျင်မြန်စွာဖြန့်ကြက်နိုင်ခြင်းနှင့်အတူ လိုက်လျောညီထွေရှိစေသည့် စနစ်ဖြစ်ပြီး စစ်သည်တစ်ဦးတည်းက သယ်ဆောင်ကာ တိုက်ပွဲဝင်လုပ်ဆောင်နိုင်စွမ်းရှိသည်။ ထို့ပြင် GROM ဒုံးကျည်စနစ်သည် ဖိအားများသည့် စစ်ဆင်ရေးအခြေအနေများအောက်တွင်ပင် လွယ်ကူစွာ တိုက်ပွဲဝင် လုပ်ဆောင်နိုင်စေမည့် User-Friendly Interface စနစ်မျိုးဖြစ်ကြောင်း သိရသည်။

**Lithuania to acquire more GROM MANPADS Missiles from Poland ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**



ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၃ ဇွန် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား ကျင်းပစဉ်။













**တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီး၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကျင်းပနေမှုကို တွေ့ရစဉ်။**

**စာမျက်နှာ ၁၇ မှအဆက်**

၃၆ ကြိမ်ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၈၉၁၈၉ ပင်ကို စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

**တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၂၁၀၃၉၈ ပင်ကို စုပေါင်းစိုက်ပျိုးပေးနိုင်ခဲ့**

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း မိုးရာသီသစ်ပင်စိုက်ပွဲများကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ အပင် ၁၁၄၇၀၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၄၉၈၆ ပင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ ၉၁၃၅ ပင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၀၂၂၅ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၃၈၃၅ ပင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၁၄၈၇၅ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၁၃၆၉၅ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၁၃၁၂၁ ပင်၊ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ အပင် ၁၆၇၁၀၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၈၉၀၆ ပင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၆၂၈၉ ပင်၊အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၈၇၆၁ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၃၇၈၈၀ နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၆၉၈၂ ပင်တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၂၁၀၃၉၈ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

# အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ်စတင်ခြင်းဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ်စတင်ခြင်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၈**

အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ်စတင်ခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရ ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စား Viettel Group မှ တာဝန်ရှိသူများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ အနုပညာရှင်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အောင်ဘာလေအဖွင့်သီချင်း **“အောင်”**တေးသီချင်းကို အဆိုအကများဖြင့် လည်းကောင်း၊"The era of the digital in Myanmar"တေးသီချင်းကို အကဖြင့်လည်းကောင်းတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ ဖွင့်ပွဲပြုလုပ်ပြီး စတင်ဆောင်ရွက်မည့် **“အောင်ဘာလေ”**အွန်လိုင်းသိန်းဆုထီစနစ် အကောင်အထည်ဖော်ရခြင်း၏ရည်ရွယ်ချက်မှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာနက လက်ရှိကျင့်သုံးဆောင်ရွက်နေသည့် အောင်ဘာလေသိန်းဆုထီလက်မှတ်များကိုပုံနှိပ်ပြီး ရောင်းချသည့်စနစ်အပြင် ပြောင်းလဲတိုးတက်လာသည့်ခေတ်စနစ်နှင့် လိုက်လျောညီထွေမှုရှိစေပြီး ထီကံစမ်းလိုသူမိဘပြည်သူများအနေဖြင့် သတ်မှတ်ဈေးနှုန်းများအတိုင်း အွန်လိုင်းမှ လွယ်ကူစွာထီကံစမ်းနိုင်ရန်အတွက်ဖြစ်ပါကြောင်း၊ ယနေ့အခမ်းအနားတွင် မြန်မာနိုင်ငံ၏ ပထမဦးဆုံးတရားဝင်အသုံးပြုတော့မည့် အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ်အက်ပလီကေးရှင်းကို စတင်မိတ်ဆက်မည်ဖြစ်ပါကြောင်း။

အောင်ဘာလေဆိုသည်နှင့်ပတ်သက်၍ ရှေးရှေးမြန်မာများသည် ဆောင်ရွက်ရန် အလွန်ခက်ခဲသည့် ကုသိုလ်ကောင်းမှုကိစ္စရပ်တစ်ခုခုကို အောင်မြင်စွာဆောင်ရွက်နိုင်သည့်အခါ **“အောင်ဘာလေ”**ဟု ကျူးရင့်သည့်အလေ့အထစွဲမြဲလာခဲ့သည်ကို တွေ့ရပါကြောင်း၊ အလားတူ ရပ်ထဲရွာထဲတွင် မဟာဒုက်မဲ၊ စာရေးတံမဲ၊ ကံစမ်းမဲပေါက်ကြသူများ၏နာမည်နှင့်တွဲပြီး**“အောင်ဘာလေ”**ဟု ကြေညာလေ့ရှိသည်ကို သိရပါကြောင်း၊ ခက်ခဲသည့် အလုပ်တစ်ခုခုပြီးဆုံးသည်ဖြစ်စေ၊ ကုသိုလ်ကောင်းမှုတစ်ခုခု အောင်မြင်သည်ဖြစ်စေ အောင်အတိတ်အောင်နိမိတ်ဆောင်သည့်တေးသီချင်းတစ်ပုဒ်ကို ပျော်ရွှင်ဝမ်းမြောက်စွာ ကျူးရင့်ဟစ်ကြွေးလေ့ရှိရာ အဆိုပါသီချင်းမှာ**“အောင်ဘာလေသပြေပန်းနှင့် ရေချမ်းလောင်း”**ဟူ၍ဖြစ်သည်ဟု သိရှိရပါကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စုတူးအတွင်းသို့ အောင်အတိတ်အောင်နိမိတ်ဆောင် အောင်မင်္ဂလာရွှေဒင်္ဂါးကိုထည့်သွင်း၍ အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ်သစ်ကြီးကို စတင်ဖွင့်လှစ်ပေးစဉ်။

ခေတ်အဆက်ဆက်တွင် ပြည်သူလူထု၏ ဝယ်ယူကံစမ်းမှု မြင့်တက်လာသည်နှင့်အမျှ ထီလက်မှတ်ဈေးနှုန်းများကို အောင်ဘာလေထီ နှစ်ကျပ်တန်ထီစနစ်မှ ကျပ် ၁၀၀၀ တန်ထီစနစ်အထိ တိုးမြှင့်လာခဲ့သကဲ့သို့ ချီးမြှင့်သည့်ထီဆုငွေပမာဏများ တိုးမြှင့်လာခဲ့ပြီး ဆုမဲအရေအတွက်များကိုလည်း တိုးချဲ့ချီးမြှင့်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ကျပ် ၁၀၀၀ တန်ထီကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်က စတင်ရောင်းချခဲ့ပြီး အမြင့်ဆုံးဆုမဲတန်ဖိုးငွေကျပ် သိန်းတစ်သောင်းခွဲ(သန်း ၁၅၀၀)အထိ ချီးမြှင့်ပေးခဲ့ပါကြောင်း။

ထို့ပြင် လက်ရှိရောင်းချလျက်ရှိသည့် အောင်ဘာလေသိန်းဆုထီလက်မှတ်စနစ်၏ အားနည်းချက်များအပေါ် ပြည်သူလူထုက ဝေဖန်မှုများရှိနေသည်ကိုသိရှိရပြီး အထူးသဖြင့် ထီလက်မှတ်ဈေးနှုန်းသည် သတ်မှတ်ဈေးနှုန်းထက် ထီဆိုင်များက ဈေးကြီးပြီး ဝယ်ယူကံစမ်းရနေကြရခြင်းအပေါ် ဖြေရှင်းဆောင်ရွက်ပေးရန်တောင်းဆိုမှုများရှိသည်ကို တွေ့ရှိရပါကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏တာဝန်ကိုစတင်ထမ်းဆောင်စဉ်ကတည်းက ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးကိုရှေးရှုပြီး ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ **“ရှေ့သို့ လှမ်းချီပန်းတိုင်ဆီ”** ဆိုသည့်ဆောင်ပုဒ်နှင့်အညီ ပြည်သူ့အကျိုးပြုလုပ်ငန်းများ အောင်မြင်စေရေးစနစ်တကျစီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး၊ ပြည်သူတို့ကျန်းမာပျော်ရွှင်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ၌ အောင်ဘာလေအွန်လိုင်းထီစနစ် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည်လည်း ပြည်သူများအတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူများ စိတ်အပန်းဖြေပျော်ရွှင်စေရေး၊ တရားမဝင်လောင်းကစားလုပ်ငန်းများကို လျှော့ချတားဆီး ကာကွယ်ပေးနိုင်ရေးအတွက် အောင်ဘာလေသိန်းဆုထီကို စနစ်တကျဖြင့် စဉ်ဆက်မပြတ်ပုံမှန်ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင် ထီဆုငွေကိုလည်း ပြည်သူပြည်သားများ၏အကျိုးကိုရှေးရှုပြီး ယခင်က ထီလက်မှတ်

**စာမျက်နှာ ၂၀ သို့**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ်ဖွင့်ပွဲအထိမ်းအမှတ် Logoကို ပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက အောင်ဘာလေအဖွင့်သီချင်း"အောင်"တေးသီချင်းကို အဆိုအကများဖြင့်တင်ဆက်မှုအား ကြည့်ရှုအားပေးစဉ်။

**စာမျက်နှာ ၁၉ မှအဆက်**

ရောင်းရငွေ၏ ၆၀ ရာခိုင်နှုန်းကို ခွဲဝေထုတ်ပေးနေရာမှ ၇၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ပြီး ဆုမဲခွဲဝေချီးမြှင့်ခဲ့ပါကြောင်း။

လက်ရှိအောင်ဘာလေ သိန်းဆုထီလက်မှတ်များကို ပုံနှိပ်ရောင်းချသည့်စနစ်အပြင် ပြောင်းလဲတိုးတက်လာသည့် ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေမှုရှိစေရန် ထီကံစမ်းသူမိဘပြည်သူများ သတ်မှတ်ဈေးနှုန်းဖြင့် လွယ်ကူစွာထီကံစမ်းနိုင်ရန်အတွက် အောင်ဘာလေအွန်လိုင်း သိန်းဆုထီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်စီစဉ်ခဲ့ခြင်းဖြစ်ပါကြောင်း။

ပြည်သူများအနေဖြင့် မိမိတို့၏မိုဘိုင်းတယ်လီဖုန်းများကိုအသုံးပြုပြီး အောင်ဘာလေသိန်းဆုထီကို အွန်လိုင်းထီအက်ပလီကေးရှင်းမှတစ်ဆင့် အချိန်မရွေး၊ နေရာမရွေး သတ်မှတ်ဈေးနှုန်းအတိုင်း လွယ်ကူအဆင်ပြေစွာ ကံစမ်းနိုင်ကြမည်ဖြစ်ပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများနည်းတူ အီလက်ထရောနစ်ထီစနစ်ကို အကောင်အထည် မဖော်နိုင်မီစပ်ကြားတွင် အွန်လိုင်းထီစနစ်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ယခင်အစိုးရများလက်ထက်ကတည်းကပင် လွှတ်တော်၌ဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်ကို တွေ့ရပါကြောင်း၊ သို့သော် ထီဥပဒေပြဋ္ဌာန်းထားမှုမရှိခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်နိုင်မှုမရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း။

မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် လက်ရှိအောင်ဘာလေ သိန်းဆုထီလက်မှတ်များကို ပုံနှိပ်ဖြန့်ဖြူးရောင်းချသည့်စနစ်အပြင် ပြည်သူလူထုအားလုံး အွန်လိုင်းမှတစ်ဆင့် လွယ်ကူစွာ ထီကံစမ်းနိုင်ရန်ရည်ရွယ်ချက်ဖြင့် အခုကဲ့သို့ အွန်လိုင်းထီစနစ်ကို စတင်လုပ်ဆောင်ရခြင်းဖြစ်ပါကြောင်း။

နိုင်ငံတကာတွင် ခေတ်မီဆန်းသစ်သည့် Digital နည်းပညာများဖြင့် လုပ်ကိုင်လာသည့်အချိန်တွင် မိမိတို့နိုင်ငံ၌လည်း အွန်လိုင်းထီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ထီကံစမ်းသူများ အလွယ်တကူစိတ်ကြိုက်နံပါတ်များ ရွေးချယ်ဝယ်ယူနိုင်မည်ဖြစ်ပြီး မြို့ပြနှင့် ကျေးလက်နေပြည်သူများအားလုံး အဆင်ပြေလွယ်ကူစွာ ထီကံစမ်းနိုင်ကြတော့မည်ဖြစ်ပါကြောင်း။

အောင်ဘာလေ အွန်လိုင်းသိန်းဆုထီအက်ပလီကေးရှင်းကိုအသုံးပြုပြီး ကံစမ်းသူများအနေဖြင့် ထီလက်မှတ်ဝယ်ယူခြင်း၊ ထီဖိုးငွေပေးချေခြင်းမှစပြီး ဆုငွေရယူခြင်းအဆင့်အထိ ရိုးရှင်းလွယ်ကူစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထီဖွင့်ပွဲကျင်းပချိန်တွင်လည်း ထီတိုက်ရန်မလိုဘဲ ကံထူးသူများ၏ မိုဘိုင်းတယ်လီဖုန်းများကို SMS ပေးပို့ အကြောင်းကြားလာမည်ဖြစ်ပြီး ထီဆုငွေထုတ်ယူရာတွင်လည်း မှန်ကန်လွယ်ကူစေရေးအတွက် ပမာဏနည်းသည့် ဆုကြေးငွေများကို အွန်လိုင်းမှလွှဲပြောင်းပေးခြင်း၊ ထီကံထူးသူများ၏ ဘဏ်ငွေစာရင်းအကောင့်သို့ပေးပို့ခြင်းများကို အီလက်ထရောနစ်နည်းလမ်းဖြင့်ဆောင်ရွက်သွားမည်ဟု သိရှိရပါကြောင်း။

ယနေ့အောင်ဘာလေအွန်လိုင်း သိန်းဆုထီအက်ပလီကေးရှင်းကို စတင်နိုင်ခြင်းသည် ဒစ်ဂျစ်တယ်နည်းပညာနှင့် မိုဘိုင်းငွေပေးချေမှုစနစ်များ အသုံးပြုပြီး လွယ်ကူစွာ ထီကံစမ်းနိုင်သည့် Digital Lottery Platform စနစ်သစ်ကို စတင်မိတ်ဆက်အသုံးပြုနိုင်ခြင်းပင်ဖြစ်ပါကြောင်း၊ အကျိုးဆက်အဖြစ် အနာဂတ်တွင် နိုင်ငံတော်အခွန်ဘဏ္ဍာရရှိမှုတိုးတက်စေရေး၊ နိုင်ငံတော်၏ ဒစ်ဂျစ်တယ်စီးပွားရေး အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်စေရေး၊ ငွေသားကိုင်တွယ်သုံးစွဲမှုလျှော့ချစေရေး (Cashless Society) အစရှိသည့် ကောင်းကျိုးများစွာတို့အတွက် အထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ် Mobile Application အသုံးပြုမှုကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။

အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ်အတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုနှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် Telecom International Myanmar Co., Ltd တို့က ပူးပေါင်းပါဝင် ကြိုးပမ်းအားထုတ်အကောင်အထည်ဖော်ဆောင်ရွက်ထားသည်ကို တွေ့ရှိရပါကြောင်း၊ ယနေ့သည်လည်း Telecom International Myanmar Co., Ltd (Mytel)၏ စတင် Launching Ceremony ဆောင်ရွက်ခဲ့သည့် ငါးနှစ်ပြည့်ရက်နှင့် တိုက်ဆိုင်နေသည့်အတွက်လည်း ဖြတ်သန်းလာခဲ့သည့် ငါးနှစ်တာကာလအတွင်း အောင်မြင်မှုများကိုလည်း အသိအမှတ်ပြုသည်ကို ပြောကြားလိုပါကြောင်း၊ စနစ်သစ်တစ်ခုကို ပြောင်းလဲဖော်ဆောင်ရာတွင် နိုင်ငံတော်ကို ကိုယ်စားပြုဆောင်ရွက်ရသည့်အတွက် အလွန်တာဝန်ကြီးမားလှပါကြောင်း၊ နိုင်ငံတော်အတွက် အသစ်စတင်မိတ်ဆက်နိုင်ခဲ့သည့် ပြည်သူ့အကျိုးပြုလုပ်ငန်းတစ်ရပ်ဖြစ်သည့် အောင်ဘာလေ အွန်လိုင်းသိန်းဆုထီစနစ်ကို တစ်ဆင့်ပြီးတစ်ဆင့်တိုးတက်အောင်မြင်အောင် အားလုံးဝိုင်းဝန်းကြိုးပမ်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အောင်ဘာလေသိန်းဆုထီသမိုင်းကြောင်း Documentary နှင့် အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ်ကို Video Clip ဖြင့်မိတ်ဆက်ပြသသည်။

ဆက်လက်၍ အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ်အား ဖွင့်လှစ်ခြင်းကိုပြုလုပ်ရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးညိုစောနှင့် Viettel Group မှ (Mytel) CEO Nguyen Tien Dung တို့က အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ်ဖွင့်ပွဲအဖြစ် စုဘူးအတွင်းသို့ ရွှေဒင်္ဂါးများကို တစ်ပြိုင်နက်တည်း ထည့်သွင်းဆောင်ရွက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စုဘူးအတွင်းသို့ အောင်အတိတ်အောင်နိမိတ်ဆောင် အောင်မင်္ဂလာရွှေဒင်္ဂါးကို ထည့်သွင်း၍ အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ်သစ်ကြီးကို စတင်ဖွင့်လှစ်ပေးသည်။

ထို့နောက် အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ်ဖွင့်ပွဲအထိမ်းအမှတ် Logo ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပေးအပ်သည်။

ယင်းနောက် အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ်နှင့်ပတ်သက်၍ Mytel မှ ပြင်ပဆက်ဆံရေးအရာရှိချုပ် ဒေါက်တာနီလာအေးက အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ် Mobile Application Download မှသည် သိန်းဆုထီများထုတ်ယူပုံအထိ မည်သို့မည်ပုံဆောင်ရွက်သွားရမည့် Procedure နှင့် အားသာချက်များကို တစ်ဆင့်ချင်းရှင်းလင်းတင်ပြသည်။

ထို့နောက် **"အောင်ဘာလေထီ ထိုးစို့"** တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြပြီး အောင်ဘာလေအွန်လိုင်းသိန်းဆုထီစနစ်တွင် ပါတနာအဖြစ်ဆောင်ရွက်သည့် Telecom International Myanmar Co., Ltd. (Mytel) ငါးနှစ်ပြည့်အမှတ်တရ မှတ်တမ်းကိုပြသသည်။

ယင်းနောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရ ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စား Viettel Group မှ Vice President Major General Nguyen Thanh Nam က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရ ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စား Viettel Group မှ Vice President Major General Nguyen Thanh Nam က Mytel မှတာဝန်ရှိသူများထံ Mytel ငါးနှစ်ပြည့်အထိမ်းအမှတ် ဂုဏ်ပြုလက်မှတ်ပေးအပ်သည်။

ယင်းနောက် မြန်မာ၊ ဗီယက်နမ် အကအလှတေးဂီတအဖွဲ့များက "We Love Myanmar" တေးသီချင်းနှင့် **"အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား ထိုးလိုက်ကြပါစို့"** တေးသီချင်းတို့ဖြင့် သီဆိုဖျော်ဖြေတင်ဆက်ခဲ့ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အောင်ဘာလေ အွန်လိုင်းသိန်းဆုထီစနစ် Mobile Application အသုံးပြုမှုကို ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။




ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရ ကာကွယ်ရေးဝန်ကြီးဌာနကိုယ်စား Viettel Group မှ Vice President Major General Nguyen Thanh Nam က ကျေးဇူးတင်စကားပြောကြားစဉ်။

# အိန္ဒိယနိုင်ငံ၏ဖက်ဒရယ်စနစ်အတွင်းရှိ အုပ်ချုပ်ရေးမှူးများ၏အခန်းကဏ္ဍဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၈**

အိန္ဒိယနိုင်ငံ၏ ဖက်ဒရယ်စနစ်အတွင်း ရှိ အုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍ (The Role of Governors in India's Federalism) ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။




အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့်ကော်မတီဝင်များ၊အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာအရာထမ်းများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Vinay Kumar နှင့် သံရုံးမှတာဝန်ရှိသူများ၊ ဒေါက်တာနော်ကပေါ်ထူး ဦးဆောင်သည့် NCA-S EAO ခုနစ်ဖွဲ့ (ALP၊ DKBA၊ KNU/ KNLA-PC၊ LDU၊ NMSP၊ PNLO၊ RCSS)တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H. E. Mr. Vinay Kumar နှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခုနစ်ဖွဲ့ကိုယ်စား KNU / KNLA-PC ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူးတို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် အိန္ဒိယနိုင်ငံမှ ပညာရှင် Professor Sudarshan Ramaswamy က အိန္ဒိယနိုင်ငံ၏ ဖက်ဒရယ်စနစ်အတွင်းရှိ အုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍကို ဦးဆောင်ဆွေးနွေး ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက အိန္ဒိယနိုင်ငံ၏ အတွေ့အကြုံများ၊ Governor များ၏ အခန်းကဏ္ဍနှင့် တာဝန်များ၊ နိုင်ငံတကာအတွေ့အကြုံများနှင့်ပတ်သက်၍ သိရှိလိုသည်များကိုမေးမြန်းခြင်းနှင့် အပြန်အလှန်အမြင်ချင်းဖလှယ်မှုများ ဆောင်ရွက်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

☆ **ကျောဖုံးမှအဆက်**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာချာလီသန်း၊ ဦးလှမိုး၊ ဦးအောင်နိုင်ဦးနှင့် ဒေါက်တာမျိုးသိန်းကျော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊လုပ်ငန်းကော်မတီဝင်များနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အစည်းအဝေးကို ၂၀၂၃ ခုနှစ် မေ ၂၇ ရက်တွင် ကျင်းပခဲ့ကြောင်း၊ ယင်းအစည်းအဝေးမှ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များကို အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အေဂျင်စီများက ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် MSMEလုပ်ငန်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ သွားရောက်ပြီး အားပေးခြင်း၊ အကြံပေးခြင်း၊ ညှိနှိုင်းဆွေးနွေးပေးခြင်းတို့အပြင် လိုအပ်ချက်များကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ MSME နှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ခရီးစဉ်များတွင် လမ်းညွှန်ခဲ့သည်မှာ ညွှန်ကြားချက် ၁၉၀ ကျော်ရှိပြီး လုပ်ငန်းရှင်များနှင့် ဒေသခံများ၏တင်ပြချက်များမှာ အချက်ပေါင်း ၂၃၀ ကျော်ရှိကြောင်း၊ ယင်းတင်ပြချက်များမှာ နည်းပညာ၊ ငွေကြေး၊ ဈေးကွက်နှင့် မြေနေရာ၊ ကုန်ကြမ်း၊ စက်ပစ္စည်းနှင့် အခြားကဏ္ဍများပါဝင်ကြောင်း၊ ယင်းတင်ပြချက်များအပေါ် မိမိတို့လုပ်ငန်းကော်မတီအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အေဂျင်စီများနှင့် ချိတ်ဆက်ပြီး ကြပ်မတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် MSME နှင့်စပ်လျဉ်း၍ လမ်းညွှန်သည့် အဓိကအခြေခံအချက်များမှာ ပြည်တွင်းထုတ်ကုန်အားပေးရန်၊ သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်တိုးမြှင့်ရရှိစေရန်ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီအနေဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ယင်းအချက်များကို လက်လွှတ်၍ မရသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အေဂျင်စီများကလည်း အဆိုပါအခြေခံအချက်သုံးချက်ကို မူတည်ပြီး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယင်းသို့ဆောင်ရွက်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် သေချာသော ဒေသထွက်ကုန်ကြမ်းများကို အခြေခံပြီး ကုန်ထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြစ်သော One Regin One Product ဒေသတစ်ခု ထွက်ကုန်တစ်မျိုး ထုတ်လုပ်နိုင်အောင်လည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းကိုသက်ဆိုင်ရာအေဂျင်စီအလိုက် အဓိကထုတ်ကုန်သတ်မှတ်ပြီး ပြည်တွင်းထုတ်ကုန်အပြင် ပြည်ပတင်ပို့နိုင်သည်အထိ ရည်ရွယ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊MSME လုပ်ငန်းများအတွက် အခြေခံအချက်သုံးချက်ဖြစ်သည့် ပြည်တွင်းထုတ်ကုန်အားပေးရန်၊ သွင်းကုန်အစားထိုးရန်၊ ပို့ကုန်တိုးမြှင့်ရရှိစေရန် စသည့်အချက်များအပေါ် မူတည်ပြီး လုပ်ငန်းကော်မတီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အေဂျင်စီများ ညှိနှိုင်းပြီးထုတ်ကုန်နယ်ပယ်ကိုလည်း သတ်မှတ်လျက်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ထုတ်ကုန်နယ်ပယ်များအနေဖြင့် အဓိကဆီထွက်သီးနှံအပါအဝင် စားသောက်ကုန်လုပ်ငန်း၊ ဆန်နှင့် ဆန်ကွဲ၊ ပီလောပီနံ၊ ရော်ဘာ၊ ဝါ၊ ကော်ဖီနှင့် လက်ဖက်၊ သစ်တောထွက်ပစ္စည်း၊ကြိမ်၊ဝါး၊သားငါးနှင့်တိရစ္ဆာန်အစားအစာနှင့် ဆေးဝါးအခြေခံထွက်ကုန်ထုတ်လုပ်နိုင်ရန် မိမိဒေသအလိုက်ရရှိနိုင်သည့် ကုန်ကြမ်းပေါ် မူတည်ပြီး ထွက်ကုန်နယ်ပယ်သတ်မှတ်ရေးနှင့် ပြည်ပသို့တင်ပို့နိုင်သည်အထိရည်ရွယ်ပြီး ဆွေးနွေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအပိုင်းကလည်း ထုတ်လုပ်နိုင်မည့်ထုတ်ကုန်အပေါ် မူတည်ပြီး ဖြစ်နိုင်ခြေကို စီမံချက်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

စီမံချက် ရေးဆွဲဆောင်ရွက်ရာတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်MSMEလုပ်ငန်းရှင်များကို သမဝါယမစနစ်၊ ပုဂ္ဂလိကစနစ်ဖြင့် ဆောင်ရွက်နိုင်ရန် ငွေကြေးအရင်းအနှီးနှင့် နည်းပညာများ ပံ့ပိုးနိုင်ရေးကိုလည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် စိန်ခေါ်မှုများရှိနိုင်သည့်အတွက် ရင်းနှီးမြှုပ်နှံမှုအပိုင်းတွင် ငွေကြေးစီးဆင်းမှုလွယ်ကူအောင် ကူညီဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီအနေဖြင့် MSME လုပ်ငန်းရှင်များ အသိပညာရရှိရေးအတွက်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အလားတူ စွန့်ဦးတီထွင်လုပ်ငန်းအတွက်လည်း ပံ့ပိုးကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သတင်းကွန်ရက်ဖြန့်ဝေမှုအပိုင်းတွင် MSME လုပ်ငန်းရှင်များနှင့်အများပြည်သူများအတွက် မှန်ကန်မြန်ဆန်စွာရောက်ရှိရေးနှင့် MSME လုပ်ငန်းရှင်များအတွက် ကျွမ်းကျင်လုပ်သားနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများ ပြည်ပသို့ တင်ပို့ရာတွင် ဈေးကွက်နှင့်လုပ်ငန်းစဉ် ကွင်းဆက်မပြတ်စေရေးအတွက် စဉ်းစားဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ထို့ပြင် လုပ်ငန်းကော်မတီအနေဖြင့် MSME လုပ်ငန်းရှင်များ၏ထွက်ကုန်များကို ပြည်ပဈေးကွက်ရရှိရေးကူညီပံ့ပိုးဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ရည်မှန်းထားသည့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကပံ့ပိုးပေးသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် တက်ရောက်လာကြသူများက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားကိုမြှင့်တင်ရန်အတွက် MSME လုပ်ငန်းများကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံအတွက် ထုတ်ကုန်များစွာ ထုတ်လုပ်ခြင်းအားဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ MSMEလုပ်ငန်းများအနေဖြင့် လက်ရှိအချိန်ထိ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ထုတ်လုပ်မှုပိုင်း၊ ဈေးကွက်မြှင့်တင်ရေးပိုင်း၊ သတင်းဖြန့်ဝေမှုအပိုင်းနှင့် ကုန်သွယ်ငွေလွှဲသည့်နေရာများတွင် ကျွမ်းကျင်စွာသုံးစွဲရန် ခက်ခဲနေဆဲပင်ဖြစ်သောကြောင့် ထိထိရောက်ရောက်နှင့် လွယ်လွယ်ကူကူအသုံးပြုနိုင်အောင် နည်းလမ်းရှာဖွေဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်က လုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၂) အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီသို့ တင်ပြမည့်အမှာစာများကို အေဂျင်စီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်၊ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က ဖတ်ကြားတင်ပြကြသည်။

ထို့နောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများသို့ ထုတ်ချေးထားသည့် ငွေကြေးဆိုင်ရာ အချက်အလက်များနှင့် ချေးငွေဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက SME ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို MSMEဖွံ့ဖြိုးတိုးတက်ရေးဥပဒေအဖြစ် ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်ရန်၊ ဒေသထွက်ကုန်ကြမ်းများကို အသုံးပြုပြီး သွင်းကုန်အစားထိုးထုတ်ကုန်များနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဦးစားပေးထုတ်လုပ်ရမည့်ထုတ်ကုန်များ ခွဲဝေသတ်မှတ်ပေးရန်၊ ကုန်ထုတ်လုပ်မှု သမဝါယမအသင်းများ တည်ထောင်ပြီး သမဝါယမစနစ်နှင့် ကုန်စည်ဒိုင်များ ချိတ်ဆက်ဆောင်ရွက်ရန်၊ MSME ထုတ်ကုန်အမှတ်တံဆိပ်များတွင် ဖော်ပြထားသည့် အချက်အလက်များကို စနစ်တကျရရှိစေရေး တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်ရန်၊ ဒေသအသီးသီးရှိ ကုန်စည်သတင်းအချက်အလက်များနှင့်ပြည်ပပို့ကုန်သတင်းအချက်အလက်များကို MSME လုပ်ငန်းရှင်များသိရှိစေရန် နိုင်ငံပိုင်မီဒီယာများတွင် ထည့်သွင်းဖော်ပြကြေညာပေးရန်၊ MSMEဆိုင်ရာသတင်းအချက်အလက်များဖြန့်ဝေပေးနိုင်မည့် Information Mechanism တစ်ခုတည်ထောင်နိုင်ရေးဆောင်ရွက်ရန်နှင့် ၂၀၁၈ ခုနှစ် အာဆီယံ SME မူဝါဒဆိုင်ရာအညွှန်းကိန်းအစီရင်ခံစာပါ အချက်အလက်များကို ဆွေးနွေးတင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဦးလှမိုး၊ ဦးအောင်နိုင်ဦးနှင့်ဒေါက်တာမျိုးသိန်းကျော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် အသင်းအဖွဲ့များမှ ပညာရှင်များက အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် လုပ်ငန်းကော်မတီတွဲဖက်အတွင်းရေးမှူး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းကော်မတီအမှာစာများကို ဖတ်ကြားရှင်းလင်းအတည်ပြုချက်ရယူနိုင်ရေး တင်ပြသည်။

ထို့နောက် အသေးစားအငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ရှင်းလင်းဆွေးနွေးတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညှိခံပွဲအခမ်းအနားကျင်းပ




**ရန်ကုန် ဇွန် ၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညှိခံပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ Lotte Hotel ၌ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုများနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Nikolay LISTOPADOV က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှုအကအဖွဲ့တို့က ရိုးရာယဉ်ကျေးမှုအဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုများနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Nikolay LISTOPADOV တို့က ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ကိတ်ကို လှီးဖြတ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးတို့သည် ညှိခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် ညှိခံပွဲသို့တက်ရောက်လာကြသူများကို သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းညှိခံသည်။ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိုခါမုန်တိုင်းဒဏ်ကြောင့် ရခိုင်ပြည်နယ်အတွင်း ထိခိုက်ပျက်စီးသွားသော ဓာတ်အားလိုင်းများကို အင်တိုက်အားတိုက် ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး လမ်းမီးများ ထွန်းညှိဆောင်ရွက်ပေး






**မိုခါမုန်တိုင်းဒဏ်ကြောင့် ရခိုင်ပြည်နယ်အတွင်း ထိခိုက်ပျက်စီးသွားသောဓာတ်အားလိုင်းများကို ဝန်ထမ်းများက အင်တိုက်အားတိုက်ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး (အပေါ်ခဲပုံ) လမ်းမီးများထွန်းညှိဆောင်ရွက်ပေးထားရှိမှု(အပေါ်ယာပုံ) တွေ့ရစဉ်။**

**နေပြည်တော် ဇွန် ၈**

မိုခါမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေမြို့အပါအဝင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ စစ်တွေခရိုင်၊ မောင်တောခရိုင်၊ မြောက်ဦးခရိုင်တို့တွင် ၁၁ ကေဗွီဓာတ်အားလိုင်းများ၊ ၁၁/၀ ဒသမ ၄ ကေဗွီ ဓာတ်အားခွဲရုံများ၊ ဗို့ ၄၀၀ ဓာတ်အားလိုင်းများ ထိခိုက်ပျက်စီးခဲ့ပြီး ကေဗွီ ၂၃၀ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း ဓာတ်အားလိုင်းအပါအဝင် ၆၆ ကေဗွီဓာတ်အားလိုင်းများ၊ ၃၃ ကေဗွီဓာတ်အားလိုင်းများ ထိခိုက်ပျက်စီးခဲ့၍ စစ်တွေ၊ ကျောက်တော်၊ မင်းပြား၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော၊ မြေပုံနှင့် ပေါက်တောမြို့တို့တွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့သည်။

လျှပ်စစ်ဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် မြောက်ပိုင်းဒေသရှိ မြို့နယ်များ လျှပ်စစ်ဓာတ်အားအမြန်ဆုံးရရှိရေး ဓာတ်အားလိုင်း ပြန်လည်ပြင်ဆင်ရေးအဖွဲ့များစေလွှတ်၍ သက်ဆိုင်ရာ မြို့နယ်ရုံးနှင့် ဓာတ်အားခွဲရုံအဖွဲ့တို့ဖြင့် ပူးပေါင်းပြီး အင်တိုက်အားတိုက် ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ဇွန် ၇ ရက်တွင် ကေဗွီ ၂၃၀ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း ဓာတ်အားလိုင်း ပြင်ဆင်ခြင်းလုပ်ငန်းများ ၁၀၀% ဆောင်ရွက်ပြီးဖြစ်သဖြင့် ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံမှ ပင်မထရန်စဖော်မာသို့ ဓာတ်အားဆက်လက်ပို့လွှတ်ခဲ့ကာ ၎င်းထရန်စဖော်မာမှ ပုဏ္ဏားကျွန်း-စစ်တွေ အမှတ်(၁) ဓာတ်အားလိုင်းဖြင့် စစ်တွေမြို့နှင့် ပုဏ္ဏားကျွန်းမြို့ပေါ်တို့သို့ ဓာတ်အား စတင်ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် စစ်တွေမြို့ မြို့ပေါ်မိန်းလမ်းမကြီးတစ်လျှောက် မေ ၂၅ ရက်မှစတင်၍ ကားကြီးဝင်း-မီးစက်ကြီးဝိုင်း၊ မီးစက်ကြီးဝိုင်း-နာရီစင်၊ နာရီစင်-ဘီလူးမတံတား၊ ဘီလူးမတံတား-ဆက်ရိုးကျတံတားလမ်းတစ်လျှောက်တွင် ည ၇ နာရီမှ ၁၀ နာရီထိ လမ်းမီးများကို ကေဗွီအေ ၅၀၀ မီးစက်အသုံးပြု၍ ထွန်းညှိပေးခဲ့ကြောင်းနှင့် ဒေသခံပြည်သူများအနေဖြင့် ဖုန်းများ၊ လျှပ်စစ်မီးလုံးများနှင့် အခြားဘက်ထရီအားသွင်းလျှပ်စစ်ပစ္စည်းများအသုံးပြုနိုင်ရန်အတွက် ကားကြီးဝင်း၊ မီးစက်ကြီးဝိုင်း၊ လောကနန္ဒာဘုရားရှေ့၊ မြို့နယ်အခွန်ရုံးရှေ့၊ အစိုးရအဖွဲ့ရုံးရှေ့၊ ယဉ်ကျေးမှုပြတိုက်၊ လေယာဉ်ကွင်းလမ်းဆုံနှင့် ဘီးလူးမတံတားထိပ် စသည့်နေရာများတွင် Charging Point နေရာများ ထပ်တိုးစီစဉ်ဆောင်ရွက်ပေးထားလျက်ရှိကြောင်း သတင်းရရှိသည်။

## မြို့နယ်အလိုက် အခြေခံစားသောက်ကုန်စည်ဈေးနှုန်းများ

၈-၆-၂၀၂၃

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပေါ်ဆန်း | ညှော်မထ | ဧည့်မထ | ပဲဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ | အာလူး | ကြက် | ဝက် | ငါးမြစ်ချင်း | အာပုံခြောက် | ကြက်ဥ တစ်လုံး | ဘဲဥ တစ်လုံး |
| ၁ | နေပြည်တော် | ၅၂၀၀ | ၃၂၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၁၃၉၀၀ | ၂၈၀၀ | ၃၅၀၀-၄၁၀၀ | ၁၄၀၀ | ၈၉၀၀ | ၁၆၀၀၀-၁၇၅၀၀ | ၆၅၀၀ | ၁၈၀၀၀-၁၉၀၀၀ | ၂၅၀ | ၃၅၀ |
| ၂ | ရန်ကုန် | ၅၆၀၀ | ၃၅၀၀ | ၃၂၀၀ | ၉၀၀၀-၁၃၀၀၀ | ၁၂၀၀၀-၁၅၀၀၀ | ၂၀၀၀-၃၀၀၀ | ၇၅၀၀-၉၀၀၀ | ၁၅၀၀-၂၈၀၀ | ၁၄၀၀၀ | ၁၂၀၀၀-၁၆၀၀၀ | ၈၀၀၀-၁၀၀၀၀ | ၂၀၀၀၀-၂၃၀၀၀ | ၂၆၀-၃၀၀ | ၃၀၀-၃၅၀ |
| ၃ | မန္တလေး | ၄၈၀၀ | ၃၂၀၀ | - | ၁၃၀၀၀ | ၁၈၀၀၀-၁၉၀၀၀ | ၂၈၀၀ | ၇၀၀၀-၇၅၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | - | ၁၀၀၀၀-၁၁၀၀၀ | ၂၅၀ | ၃၂၀ |
| ၄ | မြစ်ကြီးနား | ၄၇၀၀ | - | - | ၁၂၀၀၀-၁၅၀၀၀ | ၁၅၀၀၀-၁၇၀၀၀ | ၂၅၀၀ | ၆၀၀၀-၇၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀-၂၂၀၀၀ | ၇၅၀၀ | ၂၉၀၀၀ | ၃၀၀ | ၄၀၀ |
| ၅ | ပုသိမ် | ၃၆၅၀ | ၂၈၅၀ | - | ၁၄၀၀၀-၁၅၀၀၀ | ၁၃၀၀၀-၁၈၀၀၀ | ၂၃၀၀ | ၅၀၀၀-၆၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၈၀၀၀ | ၂၀၀၀၀-၂၃၀၀၀ | ၂၈၀ | ၃၅၀ |
| ၆ | တောင်ငူ | ၄၆၀၀ | ၃၀၀၀ | ၂၀၀၀ | ၁၃၀၀၀-၁၅၀၀၀ | ၂၃၆၀၀ | ၂၃၀၀ | ၅၅၀၀ | ၂၀၀၀ | ၉၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၂၅၀ | ၃၀၀ |
| ၇ | မြိတ် | ၄၀၀၀ | ၂၉၅၀ | ၂၄၅၀ | ၁၅၀၀၀-၁၇၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၃၀၀၀ | ၈၀၀၀-၉၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၉၀၀၀-၂၀၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀-၁၈၀၀၀ | ၃၀၀ | ၃၅၀ |

မှတ်ချက်။ ။အထက်ပါဈေးနှုန်းများသည် အချိန်နှင့်အမျှပြောင်းလဲနိုင်ပါသည်။

# မအူပင်မြို့နယ်တွင် မြေငလျင်လှုပ်ခတ်မှုကြောင့် မအူပင်မြို့ အမှတ်(၃)ရပ်ကွက်ရှိ ရွှေဘုန်းမြင့်စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်မြေခဲ့ပြီး ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အမှတ်(၄)ရပ်ကွက် မိုးကုတ်ဝိပဿနာ တရားစခန်းနှင့် အိုင်ဝိုင်းကျေးရွာအုပ်စု မအူပင်တက္ကသိုလ်သို့ သွားရောက်ကြည့်ရှု



မြေငလျင်လှုပ်ခတ်မှုကြောင့် မအူပင်မြို့ရှိ ရွှေဘုန်းမြင့်စေတီတော် စိန်ဖူးတော် မြေခဲ့မှုကို တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင် သွားရောက်ကြည့်ရှုစဉ်။

**နေပြည်တော် ဇွန် ၈**

၂၀၂၃ ခုနှစ် ဇွန် ၇ ရက် ညနေပိုင်းတွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်၊ အနောက်မြောက်ဘက် ၁၃ မိုင်ခန့်အကွာ ညောင်တုန်းမြို့၏တောင်ဘက် အရှေ့တောင်ဘက် ငါးမိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ခတ်ခဲ့သဖြင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ ရွှေဘုန်းမြင့်စေတီတော်မြတ်ကြီး ထီးတော်ယိုင်လဲ၍ စိန်ဖူးတော်မြေခဲ့ပြီး အမှတ်(၄)ရပ်ကွက် မိုးကုတ်ဝိပဿနာတရားစခန်း အဝင်ဝရှိ မျက်နှာကြက်နှင့် ထုပ်တန်းပြိုကျရာမှ သီလရှင်တစ်ပါးနှင့် တရားအားထုတ်သူ အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။ ထို့ပြင် အိုင်ဝိုင်းကျေးရွာအုပ်စု အိုင်ဝိုင်းကျေးရွာရှိ မအူပင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ဆောင်တွင် နံရံပြိုကျ ကွဲအက်ခြင်း၊ သုံးထပ်စာသင်ဆောင်(L)ဆောင်တွင် အဆောက်အအုံနံရံများ ကွဲအက်ခြင်း၊ ပါမောက္ခအိမ်ရာ လေးခန်းတွဲ လေးထပ်ဆောင် (မိုးမခဆောင်)၏ ရေဆင်းမြောင်း ပေ ၂၀ ခန့်နိမ့်ကျမှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ရွှေဘုန်းမြင့်စေတီတော်မြတ်ကြီး၊ မိုးကုတ်ဝိပဿနာတရားစခန်းနှင့် မအူပင်တက္ကသိုလ်တို့သို့ ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်၍ ရွှေဘုန်းမြင့်စေတီတော်မြတ်ကြီး ထီးတော်ယိုင်လဲ၍ စိန်ဖူးတော်မြေခဲ့မှုများကို သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မိုးကုတ်ဝိပဿနာတရားစခန်းသို့သွားရောက်၍ ကျောင်းဆောင်အဝင်ဝရှိ မျက်နှာကြက်နှင့် ထုပ်တန်းပြိုကျမှုများကို ကြည့်ရှုစစ်ဆေးကာ သာသနာ့နွယ်ဝင် သီလရှင်များကို လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မအူပင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ဆောင် နံရံပြိုကျ ကွဲအက်ခြင်း၊ သုံးထပ်စာသင်ဆောင် (L) ဆောင်တွင် အဆောက်အအုံနံရံများ ကွဲအက်ခြင်း၊ ပါမောက္ခအိမ်ရာလေးခန်းတွဲ လေးထပ်ဆောင် (မိုးမခဆောင်)၏ ရေဆင်းမြောင်းပေ ၂၀ ခန့် နိမ့်ကျမှုများ ဖြစ်ပွားခဲ့မှုများကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

# နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများကို သွားရောက်ကြည့်ရှု၊ အရှေ့အလယ်ပိုင်းစစ်ဌာနချုပ်၏ ဘက်စုံစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင် ဆေးရုံတက်ရောက် ကုသမှုခံယူနေသောဆရာတော်အား အာဟာရဖြည့်စားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် ဇွန် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော သံဃာတော်များ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဒေသခံ တိုင်းရင်းသားပြည်သူများကို ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆေးရုံတက်ရောက်ကုသလျက်ရှိသော သံဃာတော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဒေသခံတိုင်းရင်းသားများ၏ တစ်ဦးချင်းရောဂါဖြစ်ပွားမှုအခြေအနေနှင့် ရောဂါတိုးတက်ကောင်းမွန်လာမှုအခြေအနေတို့ကို လိုက်လံကြည့်ရှု၍ အားပေးစကားများပြောကြားကာ အာဟာရဖြည့်စားသောက်ဖွယ်ရာများ အသီးသီး ထောက်ပံ့ပေးအပ်ပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တိုင်းစစ်ဌာနချုပ်၏ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံများအတွင်း ရာသီသီးနှံများ စိုက်ပျိုးထားရှိမှု၊ စင်တင်သီးနှံများ စိုက်ပျိုးထားရှိမှု၊ ဥစားကြက်၊ ဒေသကြက်၊ DYL အသားတိုးဝက်၊ ဆိတ်၊ နို့စားနွား၊ အသားစားနွား၊ ငါးခူမွေးမြူထားရှိမှု၊ တိုင်းစစ်ဌာနချုပ် အစာစပ်စက်ရုံဆောင်ရွက်နေမှုနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များသို့ ပြင်ပထက်သက်သာသောဈေးနှုန်းဖြင့် ပြန်လည်ရောင်းချပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

## သဇင်(FM) အသံလွှင့်အစီအစဉ်

၉-၆-၂၀၂၃ (သောကြာနေ)

| | | |
|---|---|---|
| ၁။ | ၀၈း၀၀ | နှလုံးသားဝယ် ဘုရားတည် |
| ၂။ | ၁၁း၅၀ | Keep it Nature |
| ၃။ | ၁၆း၂၀ | I Music |
| ၄။ | ၁၈း၂၀ | ဂုဏ်ယူအလွမ်း |
| ၅။ | ၂၁း၄၀ | ဂီတလမ်းအသွင် တေးသံစဉ် |

# ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် သဘာဝဘေးသင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်



**နေပြည်တော် ဇွန် ၈**

တပ်မတော်(လေ)အနေဖြင့် သဘာဝဘေးသင့်ဒေသများသို့ တပ်မတော်(ကြည်း၊ ရေ၊လေ)မိသားစုများ၊ စေတနာရှင်အလှူရှင်များကလှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့်ပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

**ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် သဘာဝဘေးသင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးစဉ်။**

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ရခိုင်တိုင်းရင်းသားအဖွဲ့မှ အနုပညာရှင် ၁၀ ဦး၊ စေတနာရှင်၊ အလှူရှင်များက လှူဒါန်းသည့် အခြေခံစားသောက်ကုန်၊ အိမ်သုံးပစ္စည်းနှင့် ကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၃ ဒသမ ၃ တန်တို့ကို ရန်ကုန်လေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်(လေ)မှ လေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သည်။

သဘာဝဘေးသင့်ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေးပစ္စည်း ၄၈၃ တန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်း ၃၂၅၄ ဦးတို့ကို ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် အဆိုပါ ကူညီကယ်ဆယ်ရေးပစ္စည်းများကို မုန်တိုင်းဒဏ်သင့်ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ ဖြန့်ဖြူးလျက်ရှိရာ တာဝန်ရှိသူများက လက်ခံရယူပေးကြောင်း သတင်းရရှိသည်။

# ဒီကရီကိုလိုက်နာရန် တာဝန်မရှိခြင်း

စိန်လှိုင်ဖိုလ်

တရားမကြီးမှုများတွင် ဒီကရီချမှတ်ပြီးသောအခါ ဇာရီမှုဖွင့်လှစ်၍ ဆက်လက်ဆောင်ရွက်ရသည်။ ဒီကရီတစ်ရပ်သည် သာမန်အားဖြင့် တရားရှုံးအပေါ်တွင်သာ အတည်ပြုနိုင်သည်။ တရားရုံးနှင့် မသက်ဆိုင်သူတို့မှာ ဒီကရီကိုလိုက်နာရန် တာဝန်မရှိပါ။ ဒီကရီကို အတည်ပြုခြင်းနှင့်ပတ်သက်၍ တရားရုံးအဆင့်ဆင့်တွင် အငြင်းပွားမှုများဖြစ်ပွားပေါ်ပေါက်ခဲ့ပြီးနောက် တရားရုံးချုပ်အထူးအယူခံမှုတွင်မှ စီရင်ဆုံးဖြတ်ထုံးဖွဲ့ခဲ့သော အမှုတစ်ခုကို အကြောင်းပြု၍ ရေးသားတင်ပြပါမည်။

ရန်ကုန်တိုင်းတရားရုံး၊ တရားမဇာရီမှု အမှတ်-၁၈/၉၁ တွင် တရားနိုင် ဒေါ်မြမြဝင်းက တရားရှုံး ဦးကျော်ဦးအပေါ် တိုင်းတရားရုံး တရားမကြီးမှု အမှတ်-၂၃၈/၈၈ တွင် ရရှိထားသည့် အနိုင်ဒီကရီကို အတည်ပြုပေးရန် လျှောက်ထားသည်။ တိုင်းတရားရုံးက တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း-၃၅ အရ အပ်ဝရမ်းထုတ်ဆင့်သည့်အခါ အချင်းဖြစ်အခန်းများတွင် တွေ့ရှိရသူ ဒေါ်မြမြဝင်းနှင့် ဒေါ်ရဟီမာတို့က ခုခံတားဆီးကန့်ကွက်ခဲ့ကြသည်။

တရားနိုင်က ၎င်းတို့နှစ်ဦးအပေါ် တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း-၉၇ အရ အရေးယူပေးရန် လျှောက်ထားသဖြင့် တိုင်းတရားရုံးက စုံစမ်းမှုပြုလုပ်ပြီး ၎င်းတို့အား အချင်းဖြစ်အခန်းမှ ဖယ်ရှား၍ တရားနိုင် ဒေါ်မြမြဝင်းကို လက်ရောက်ပေးအပ်ရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို မကျေနပ်သဖြင့် ဒေါ်မြမြဝင်းနှင့် ဒေါ်ရဟီမာတို့က တရားရုံးချုပ်သို့ ပြင်ဆင်မှုလျှောက်ထားသော်လည်း အကျဉ်းနည်းဖြင့် ပလပ်ခြင်းခံရသဖြင့် မအောင်မြင်သဖြင့် တရားရုံးချုပ်၏ အမိန့်ကို ၁၉၈၈ ခုနှစ် တရားစီရင်ရေးဥပဒေပုဒ်မ-၆ အရ ပြန်လည်စစ်ဆေးစီရင်ပေးရန် လျှောက်ထားသည့်အခါ တရားရုံးချုပ် အထူးခုံရုံးက "ဒီကရီချမှတ်ထားသည့် အချင်းဖြစ်တိုက်ခန်းကို တရားရှုံးမဟုတ်သူ ဒေါ်ညွန့်ရီထံမှ ဝယ်ယူနေထိုင်သည့် ဝရမ်းခုခံသူ ဒေါ်မြမြဝင်းသည်လည်းကောင်း၊ တရားရှုံးမဟုတ်သူ ဦးထွန်းဝင်းထံမှ ငှားရမ်းနေထိုင်သည့် ဝရမ်းခုခံသူ ဒေါ်ရဟီမာသည်လည်းကောင်း ဒီကရီကို လိုက်နာရန် တာဝန်ရှိသူများဖြစ်သည်ဟု ဆုံးဖြတ်ခဲ့သော တိုင်းတရားရုံး၏အမိန့်ကို အတည်ပြုခဲ့သည့် တရားရုံးချုပ်၏အမိန့်သည် ဥပဒေနှင့် ညီ၊ မညီ" ဟူသောပြဿနာကို ကြားနာရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်။

**အထူးအယူခံခုံရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ်-၂၃၈/၈၈ တွင် ဒေါ်မြမြဝင်းက ဦးထွန်းဝင်းနှင့် ဦးကျော်ဦးတို့အပေါ် ဦးကျော်ဦးထံမှ ၎င်းဝယ်ယူထားသော အိမ်ခန်း နှစ်ခန်းကို လက်ရောက်ပေးအပ်စေရန် သို့မဟုတ် ပေးချေထားသော ငွေကျပ် ၁၅၀၀၀၀ ပြန်ပေးစေရန်နှင့် သင့်လျော်သောလျော်ကြေးပေးအပ်စေရန် တရားစွဲဆိုသည်။ ဒေါ်မြမြဝင်းသည် ဦးကျော်ဦးအပေါ် အခန်းနှစ်ခန်းကို လက်ရောက်ပေးအပ်ရန် သို့မဟုတ် အဆိုပါ နှစ်ခန်းအတွက် ရောင်းဖိုးရယူထားသော ငွေကျပ် ၁၅၀၀၀၀ ကို ငွေကျပ် ၃၀၀၀၀ နှင့်အတူ ပေးဆပ်ရန် ဒီကရီ ရရှိခဲ့သည်။

တရားနိုင် ဒေါ်မြမြဝင်းက တရားရှုံး ဦးကျော်ဦးအပေါ် ဒီကရီကို အတည်ပြုပေးရန် ဇာရီမှုဖွင့်လှစ်သည်။ ဇာရီရုံးက အပ်ဝရမ်းထုတ်ဆင့်ပြီး ဝရမ်းအတည်ပြုသည့်အခါ အချင်းဖြစ်အခန်းတွင် တရားရှုံး ဦးကျော်ဦးကို မတွေ့ရှိရဘဲ ဒေါ်မြမြဝင်းနှင့် ဒေါ်ရဟီမာတို့ကို တွေ့ရှိရသည်။ ၎င်းတို့က အချင်းဖြစ်အခန်းများမှ ဖယ်ရှားမပေးနိုင်ကြောင်း ပြောဆိုပြီး ဝရမ်းကို ခုခံခဲ့သည်။ တရားနိုင်၏ လျှောက်ထားချက်အရ တရားရုံးက တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း-၉၇ အရ စုံစမ်းမှုပြုလုပ်ခဲ့ပြီးနောက် ဒေါ်မြမြဝင်းနှင့် ဒေါ်ရဟီမာတို့သည် **ဒီကရီကိုလိုက်နာရန် တာဝန်ရှိသူများဖြစ်သည်ဆိုကာ အချင်းဖြစ်အခန်းများမှ ဖယ်ရှား၍ တရားနိုင် ဒေါ်မြမြဝင်းအား လက်ရောက်ပေးအပ်ရန် အမိန့်ချမှတ်ခဲ့သည်။**

တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း-၃၅ တွင် အပ်ဝရမ်းကို အတည်ပြုရာ၌ ဒီကရီကို လိုက်နာရန် တာဝန်ရှိသူအား ပေးအပ်ရမည့် ဥပစာမှဖယ်ရှားနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ဒီကရီကို လိုက်နာရန် တာဝန်ရှိသူများထဲတွင် တရားရှုံးထံမှ အချင်းဖြစ်ဥပစာကို တစ်ဆင့်ငှားရမ်းထားသူ အမှုအတောအတွင်း ၎င်းဥပစာကို လွှဲပြောင်းရယူထားသူနှင့် တရားရှုံးကို အကြောင်းပြု၍ ၎င်းဥပစာကို လက်ရှိထားသူတို့ပါဝင်ကြောင်း **ဦးကိုရင်နှင့် မောင်ရဲမြင့် ၁၉၈၄ ရနစ်၊ မ.တ.စ ၈-၂၂၉ စီရင်ထုံးကို** အထူးအယူခံခုံရုံးက ရည်ညွှန်းခဲ့သည်။

ဒေါ်မြမြဝင်းသည် ဒီကရီချမှတ်ထားသည့်အခန်းကို ဒီကရီချမှတ်ပြီးနောက်မှ ဝယ်ယူသူဖြစ်သော်လည်း တရားရှုံး ဦးကျော်ဦးထံမှ ဝယ်ယူခြင်းမဟုတ်ပေ။ ဒေါ်ညွန့်ရီထံမှ ဝယ်ယူခြင်းဖြစ်သည်။ ဒေါ်ညွန့်ရီသည် ဦးထွန်းဝင်း၏အစ်မဖြစ်သည်။ **ဦးထွန်းဝင်းသည် အမှုတွင် တရားပြိုင်တစ်ဦးအဖြစ်ပါဝင်ခဲ့သော်လည်း ၎င်းအပေါ် ဒီကရီမချမှတ်ခဲ့သဖြင့် တရားရှုံးမဟုတ်ကြောင်း** ရုံးတော်က စိစစ်ဖော်ထုတ်ခဲ့သည်။

ဒေါ်မြမြဝင်းသည် တရားရှုံးထံမှ အချင်းဖြစ်ဥပစာကို တစ်ဆင့်ငှားရမ်းသူမဟုတ်။ အမှုအတောအတွင်း ၎င်းဥပစာကို လွှဲပြောင်းရယူထားသူလည်း မဟုတ်။ တရားရှုံးကို အကြောင်းပြုပြီး ၎င်းဥပစာကို လက်ရှိထားသူလည်းမဟုတ်ကြောင်း တွေ့ရှိရ၍ ဒေါ်မြမြဝင်းသည် ဒီကရီကို လိုက်နာရန် တာဝန်ရှိသူ မဟုတ်ကြောင်း၊ ဒေါ်ရဟီမာသည် အမှုအတောအတွင်း တရားရှုံးမဟုတ်သူ ဦးထွန်းဝင်းထံမှ အချင်းဖြစ်အခန်းကို ငှားရမ်းနေထိုင်ကြောင်း ပေါ်ပေါက်သည်။

ဦးကိုရင်နှင့် မောင်ရဲမြင့်အမှုတွင် ဒီကရီလိုက်နာရန် တာဝန်ရှိသူများတွင် တရားရှုံးထံမှ အချင်းဖြစ်ဥပစာကို တစ်ဆင့်ငှားရမ်းထားသူ အမှုအတောအတွင်း ၎င်းဥပစာကို လွှဲပြောင်းရယူထားသူနှင့် တရားရှုံးကို အကြောင်းပြု၍ ၎င်းဥပစာကို လက်ရှိထားသူတို့ ပါဝင်သည်ဟု ထုံးဖွဲ့ထားသည်။ ၎င်းစာပိုဒ်ကို တစ်ဆက်တည်းဖတ်ရှုပါက **အမှုအတောအတွင်း ၎င်းဥပစာကို လွှဲပြောင်းရယူထားသည်ဆိုသည်မှာ တရားရှုံးထံမှ အမှုအတောအတွင်း ၎င်းဥပစာကို လွှဲပြောင်းရယူထားသူဟု ဆိုလိုခြင်းဖြစ်ကြောင်း** အထူးအယူခံခုံရုံးက စိစစ်သုံးသပ်ခဲ့သည်။

တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း-၉၈ တွင် တရားရှုံးကဖြစ်စေ၊ ၎င်းတရားရှုံး၏ သွေးထိုးပေးချက်အရ သို့မဟုတ် တရားရှုံးကိုယ်စား အခြားသူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ တရားမျှတသော အကြောင်းမရှိဘဲ ခုခံတားဆီးဟန့်တားလျှင် တရားရုံးသည် လျှောက်ထားသူသို့ ပစ္စည်းလက်ရောက်ပေးစေရန် ညွှန်ကြားရမည်ဟု ပြဋ္ဌာန်းထားကြောင်း၊ အဆိုပါ ပြဋ္ဌာန်းချက်အရ လျှောက်ထားသူ **တရားနိုင်က ပစ္စည်းကို လက်ရောက်ရယူနိုင်ရန် ခုခံသူသည် တရားရှုံးနှင့်ပတ်သက်ရမည်ဖြစ်ကြောင်း** အထူးအယူခံခုံရုံးက ဆင်ခြင်သုံးသပ်ခဲ့သည်။

တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း-၃၅ နှင့် နည်း-၉၈ ပါ ပြဋ္ဌာန်းချက်များကို ယှဉ်တွဲလေ့လာသည့်အခါ အပ်ဝရမ်းအတည်ပြုရာတွင် ဒီကရီကိုလိုက်နာရန် တာဝန်ရှိသူများဖြစ်ကြသော အချင်းဖြစ်ဥပစာကို တစ်ဆင့်ငှားရမ်းသူ၊ လွှဲပြောင်းရယူထားသူ၊ လက်ရှိထားသူတို့သည် တရားရှုံးနှင့် ဆက်နွယ်ပတ်သက်သူများဖြစ်ကြောင်း ကောက်ယူနိုင်သည်ဟု သုံးသပ်ခဲ့သည်။

**သာမန်အားဖြင့် ဒီကရီတစ်ရပ်ကို တရားရှုံးအပေါ်တွင်သာ အတည်ပြုနိုင်သည်ဖြစ်ရာ တရားရှုံးနှင့် မသက်ဆိုင်သူတို့မှာ ဒီကရီကိုလိုက်နာရန် တာဝန်ရှိသူ မဖြစ်နိုင်ကြောင်း၊ တရားနိုင်က ဒီကရီရရှိပြီးမှ ဒီကရီချမှတ်ထားသည့်အခန်းကို တရားရှုံးမဟုတ်သူ (ဒေါ်ညွန့်ရီ)ထံမှ ဝယ်ယူနေထိုင်သူသည်လည်းကောင်း၊ အမှုအတောအတွင်း တရားရှုံးမဟုတ်သူ (ဦးထွန်းဝင်း) ထံမှ ငှားရမ်းနေထိုင်သူသည်လည်းကောင်း တရားနိုင်ရရှိထားသည့် ဒီကရီကို လိုက်နာရန် တာဝန်ရှိသူများမဟုတ်ကြောင်း** အထူးအယူခံရုံးက ဆင်ခြင်သုံးသပ်ခဲ့သည်။

သို့ဖြစ်၍ ကြားနာလျက်ရှိသောပြဿနာနှင့်စပ်လျဉ်း၍ "ဒီကရီချမှတ်ထားသည့် အချင်းဖြစ်တိုက်ခန်းကို တရားရှုံးမဟုတ်သူ ဒေါ်ညွန့်ရီထံမှ ဝယ်ယူနေထိုင်သည့် ဝရမ်းခုခံသူ ဒေါ်မြမြဝင်းသည်လည်းကောင်း၊ တရားရှုံးမဟုတ်သူ ဦးထွန်းဝင်းထံမှ ငှားရမ်းနေထိုင်သည့် ဝရမ်းခုခံသူ ဒေါ်ရဟီမာသည်လည်းကောင်း ဒီကရီကို လိုက်နာရန် တာဝန်ရှိသူများဖြစ်သည်ဟု ဆုံးဖြတ်ခဲ့သော တိုင်းတရားရုံး၏အမိန့်ကို အတည်ပြုခဲ့သည့် တရားရုံးချုပ်၏ အမိန့်သည် ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း" အထူးအယူခံခုံရုံးကဖြေဆိုခဲ့သည်။

ထို့ကြောင့် ဤအထူးအယူခံမှုကိုခွင့်ပြုပြီး တရားရှုံးမဟုတ်သူတို့အပေါ် တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်း-၃၅ အရ အပ်ဝရမ်းထုတ်ဆင့်သည့် တိုင်းတရားရုံး၏အမိန့်နှင့် ၎င်းအမိန့်ကို အတည်ပြုသော တရားရုံးချုပ်တို့၏ အမိန့်များကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ အထူးအယူခံခုံရုံးက ပယ်ဖျက်လိုက်သည်။

ဤလမ်းညွှန်စီရင်ထုံးက ညွှန်ပြသည်မှာ ဒီကရီတစ်ရပ်ကို တရားရှုံးအပေါ်တွင်သာ အတည်ပြုနိုင်သည်ဖြစ်ရာ တရားရှုံးနှင့် မသက်ဆိုင်သူတို့မှာ ဒီကရီကိုလိုက်နာရန် တာဝန်ရှိသူများမဟုတ်ကြောင်းနှင့် တရားနိုင်က ဒီကရီရရှိပြီးမှ ဒီကရီချမှတ်ထားသည့် အခန်းကို တရားရှုံးမဟုတ်သူထံမှ ဝယ်ယူနေထိုင်သူသည်လည်းကောင်း၊ အမှုအတောအတွင်း တရားရှုံးမဟုတ်သူထံမှ ငှားရမ်းနေထိုင်သူသည်လည်းကောင်း တရားနိုင်ရရှိထားသည့် ဒီကရီကိုလိုက်နာရန် တာဝန်ရှိသူများမဟုတ်ကြောင်း သိရှိနိုင်ကြမည်ဖြစ်သည်။

ဤလမ်းညွှန်စီရင်ထုံးကို မိမိနှင့်အတူ ဖတ်ရှုလေ့လာသူတစ်ဦးရှိသည်။ ဥပဒေပညာရှင်တော့ မဟုတ်ပါ။ သူက "အမှုရှုံးမည်ကိုသိ၍ တရားပြိုင်က အချင်းဖြစ်အခန်းကို ၎င်းအမည်ဖြင့်မဟုတ်ဘဲ အခြားသူတစ်ဦးအမည်ဖြင့် ကြိုတင်၍ အမှုအတောအတွင်း အရောင်းအဝယ်ပြုလုပ်ခိုင်းခြင်းဖြင့် (ညစ်လျှင်) တရားနိုင်မနစ်နာပေဘူးလား" ဟု စာရေးသူကို မေးသည်။ ဦးထွန်းဝင်း တရားပြိုင်ဖြစ်ပြီး ၎င်းအပေါ် ဒီကရီမချမှတ်ခြင်းကိုလည်း စာရေးသူကို မေးသည်။ ထိုမေးခွန်းကို စာဖတ်သူများသို့ ထပ်ဆင့်မျှဝေလိုက်ပါသည်။

ဒေါ်မြမြဝင်းပါ-၂ ၁၉၉၇ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ်-၃၀ စီရင်ထုံးကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

> ❖ ဤလမ်းညွှန်စီရင်ထုံးက ညွှန်ပြသည်မှာ ဒီကရီတစ်ရပ်ကို တရားရှုံးအပေါ်တွင်သာ အတည်ပြုနိုင်သည်ဖြစ်ရာ တရားရှုံးနှင့် မသက်ဆိုင်သူတို့မှာ ဒီကရီကိုလိုက်နာရန် တာဝန်ရှိသူများမဟုတ်ကြောင်းနှင့် တရားနိုင်က ဒီကရီရရှိပြီးမှ ဒီကရီချမှတ်ထားသည့်အခန်းကို တရားရှုံးမဟုတ်သူထံမှ ဝယ်ယူနေထိုင်သူသည်လည်းကောင်း၊ အမှုအတောအတွင်း တရားရှုံးမဟုတ်သူထံမှ ငှားရမ်းနေထိုင်သူသည်လည်းကောင်း တရားနိုင်ရရှိထားသည့်ဒီကရီကိုလိုက်နာရန် တာဝန်ရှိသူများမဟုတ်ကြောင်း သိရှိနိုင်ကြမည်ဖြစ်သည်။ ❖

## ညောင်လေးပင်မြို့နယ် ရေတွင်းကုန်းကျေးရွာ၌ ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ညောင်လေးပင် ဇွန် ၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရေတွင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇွန် ၇ ရက် နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ရေတွင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း ဂဝံမြေနီလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်က ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

ရေတွင်းကုန်းကျေးရွာ၌ လမ်းအရှည် ပေ ၂၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ဂဝံမြေနီလမ်းခင်းခြင်း လုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေ ကျပ် ၁၈၃ သိန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မေလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂဝံမြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ရေတွင်းကုန်း ကျေးရွာနေ ပြည်သူများ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်က ပြောပြ၍ သိရသည်။

**ကျော်ဦး**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ အခြားသီးနှံနှင့် နှစ်ရှည်ပင် စုစုပေါင်း ၃၉၁၁၄ ဧက စိုက်ပျိုးပြီးစီး



**ကန့်ဘလူ ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အခြားသီးနှံနှင့် နှစ်ရှည်ပင် စုစုပေါင်း ၃၉၁၁၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် အခြားသီးနှံ ၁၄၄၂၁၁ ဧကနှင့် နှစ်ရှည်ပင် ၃၅၄၆၄ ဧကစုစုပေါင်း ၁၇၉၆၇၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလကစတင်စိုက်ပျိုးခဲ့ရာ ဇွန် ၇ ရက်ထိ အခြားသီးနှံ ၃၆၁၃ ဧကနှင့် နှစ်ရှည်ပင် ၃၅၅၀၁ ဧက စုစုပေါင်း ၃၉၁၁၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ်အတွင်း ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ အခြားသီးနှံနဲ့ နှစ်ရှည်ပင်စုစုပေါင်းဧက ၁၇၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိမှာတော့ အခြားသီးနှံနဲ့ နှစ်ရှည်ပင်စုစုပေါင်းဧက ၃၉၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ဆက်လက်ပြီးလဲ စိုက်ပျိုးနေကြပါတယ်။ ဒီနှစ် အခြားသီးနှံနဲ့ နှစ်ရှည်ပင်သီးနှံတွေ လျာထားဧကပြည့်မီအောင်တော့ စိုက်ပျိုးသွားမှာပါ"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် အခြားသီးနှံနှင့် နှစ်ရှည်ပင် စိုက်ပျိုးပြီးစီးမှုအနေဖြင့် အစေ့ထုတ်ပြောင်း ၂၂၉၇ ဧက၊ ကျွဲ၊ နွားစာ ၄၇၈ ဧက၊ ဟင်းသီးဟင်းရွက် ၂၂၆ ဧက၊ ပရဆေး ၆၁၂ ဧက၊ အခြားသီးနှံ ၁၅၁၈၆ ဧက၊ ထန်း ၃၀၂ ဧက၊ အုန်း ၁၀၈ ဧက၊ ငှက်ပျော ၄၄၁ ဧက၊ ကွမ်းရွက် ၂၅၃၉ ဧက၊ သစ်သီးပင် ၁၆၉၂၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အခြားသီးနှံ ၁၀၆၀၄၁ ဧကနှင့် နှစ်ရှည်ပင်ဧက ၃၅၉၇၀ တို့ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစုံစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ပေးခြင်း၊ ဆွေးနွေးပွဲများဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်များ လက်တွေ့ပြသဆောင်ရွက်ပေးခြင်းနှင့် သဘာဝမြေဩဇာပြုလုပ်သုံးစွဲရေး၊ ပိုးမွှားရောဂါမကျရောက်အောင် ကာကွယ်ရေးနည်းလမ်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ချောက်မြို့နယ် ကြီးနီကျေးရွာ၌ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**ချောက် ဇွန် ၈**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေအမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေများတိုးပွားစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ဇွန် ၇ ရက် နံနက်ပိုင်းက ကြီးနီကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ချောက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကြည်မြင့်က သင်တန်းသူများအနေဖြင့် သင်တန်းက သင်ကြားပေးခဲ့သော အတတ်ပညာများကို စဉ်ဆက်မပြတ်ဆက်လက်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးပြုကာ မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများကို တစ်ဖက်တစ်လမ်းက ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားကြောင်း သိရသည်။

ထို့နောက် ချောက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မေသက်နိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသူများကို သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံ စက်ချုပ်သင်တန်းသို့ ချောက်မြို့နယ် ကြီးနီကျေးရွာမှ သင်တန်းသူဦးရေ ၃၀ တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် အခြေခံစက်ချုပ်နည်းအမျိုးမျိုး၊အမျိုးသမီးဝတ်၊ အမျိုးသားဝတ်အင်္ကျီချုပ်ပုံအမျိုးမျိုး၊ ကလေးဝတ်အင်္ကျီ၊ ကလေးဝတ်ဘောင်းဘီနှင့် ကလေးဝတ်ဂါဝန်ချုပ်ပုံအမျိုးမျိုးတို့ကို ကျွမ်းကျင်ဆရာမများက စာတွေ့၊လက်တွေ့ဖြင့် မေ ၉ ရက်မှ ဇွန် ၇ရက်ထိ အခမဲ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်မြို့သို့ တစ်ရက်လျှင် စိန်တလုံးသရက်သီး ၄၅ လုံးပါခြင်း ၂၅၀၀ ထိ တင်ပို့နေရ



**ကျိုက်လတ် ဇွန် ၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်မြို့သို့ တစ်ရက်လျှင် စိန်တလုံးသရက်သီး ၄၅ လုံးပါသည့် ခြင်း ၂၅၀၀ ထိ တင်ပို့ရောင်းချနေရကြောင်း ကျိုက်လတ်မြို့နယ် သစ်သီးစုံရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်သီတာက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်တွင် ပြီးခဲ့သည့် မတ်လနှင့် ဧပြီလက တစ်ရက်လျှင် စိန်တလုံးသရက်သီး ၄၅ လုံးပါသည့်ခြင်း ၁၂၀၀ သာ တင်ပို့ရောင်းချခဲ့ရပြီး မေလ တတိယပတ်မှ ယနေ့ထိ တစ်ရက်လျှင် စိန်တလုံးသရက်သီး ၄၅ လုံးပါသည့်ခြင်း ၂၅၀၀ ထိ တင်ပို့ရောင်းချလာရကြောင်း၊ အဆိုပါ စိန်တလုံးသရက်သီး ၄၅ လုံးပါသည့် ခြင်းတစ်ခြင်းလျှင် ငွေကျပ် ၄၀၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"အခု ဒေသထွက် စိန်တလုံး သရက်သီးက အထွက်လျော့နည်းလာပါတယ်။ သရက်သီးတွေအထွက်နည်းလာတာကြောင့် အခုလို အဝယ်ကလဲ လိုက်နေတာပါ။ အခုလက်ရှိ တစ်နေ့ကို စိန်တလုံးသရက်သီး ၄၅ လုံးပါတဲ့ခြင်း ၂၅၀၀ ထိ တင်ပို့ရောင်းချနေရတယ်။ ဒါ့ပြင် သရက်သီးဈေးကလဲ အရင်ထက်ကောင်းလာပါတယ်။ သရက်သီးတွေ အဝယ်လိုက်လာတာကလဲ ပြည်တွင်းဈေးကွက်အပြင် ပြည်ပဈေးကွက်ကပါ အဝယ်လိုက်လာတာကြောင့်ပါ။ အခု သရက်ခြံတွေထိ လာဝယ်တဲ့ ဝယ်လက်တွေလဲရှိနေပါတယ်။ ကျိုက်လတ်မြို့နယ်မှာ ရင်ကွဲနဲ့ စိန်တလုံးသရက်သီးတွေကို အများဆုံးစိုက်ပျိုးကြပါတယ်"ဟု ကျိုက်လတ်မြို့နယ် သစ်သီးစုံရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်သီတာက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ဒေသထွက် စိန်တလုံးသရက်သီးများကို သရက်စိုက်ပျိုးရေး တောင်သူများထံမှ သစ်သီးပွဲရုံလုပ်ငန်းရှင်များ၊ သရက်ရောင်းဝယ်ရေးလုပ်ငန်းရှင်များကဝယ်ယူပြီး ရန်ကုန်မြို့သို့တင်ပို့ရောင်းချနေကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် စင်ကာပူနိုင်ငံနှင့် ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# တောင်ကြီးမြို့နယ် ဆောင်းဖိုးတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်ကြီး ဇွန် ၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက ကက္ကူကျေးရွာအုပ်စု ဆောင်းဖိုးတောင်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလ



သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၇၄ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၄ ဦးကို သတ္တမအကြိမ်အဖြစ် စီမံကိန်းရန်ပုံငွေကျပ် ၅၇၄ သိန်း ထုတ်ချေးပေးခဲ့သည်။

အခမ်းအနားသို့ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အသင်းသား၊ အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ချိုသန်းညွန့်**

# လှိုင်းဘွဲ့မြို့နယ် လုကဒိုင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**လှိုင်းဘွဲ့ ဇွန် ၈**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဥဒေါင်းကျေးရွာအုပ်စု လုကဒိုင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် တာဝန်ရှိသူများက ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ လုကဒိုင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မေဘရဏီထူးကုမ္ပဏီမှ တာဝန်ရှိသူကို လုပ်ငန်းများ ဌာနက သတ်မှတ်ထားသော စံနှုန်းများအတိုင်း သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

လှိုင်းဘွဲ့မြို့နယ် လုကဒိုင်းကျေးရွာ၌ လမ်းအရှည် သုံးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကရင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၀၂ ဒသမ ၁၃၁ သန်းဖြင့် မေဘရဏီထူးကုမ္ပဏီက တာဝန်ယူ၍ ယခုနှစ် မေလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ပြီးစီးပါက လုကဒိုင်းကျေးရွာရှိ အိမ်ခြေ ၂၂၉ အိမ်၊ လူ ၁၃၃၆ ဦးအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စများ ဆောင်ရွက်ရာ၌ ရာသီမရွေးသွားလာနိုင်သောလမ်းဖြစ်လာမည်ဖြစ်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက ပြောပြ၍ သိရသည်။

**အထွေး**

## လယ်ယာချစ်တဲ့ဦးကြီးများ

- မိုးပုလဲပန်း သွန်းကြဲဖျန်း
  လယ်တောတစ်ခွင် မြရောင်လွှမ်း။

- စိတ်ဝမ်းတက်ကြွ ဦးကြီးတွေ
  လယ်ယာလုပ်ငန်းဝင်ပြီလေ၊
  တိုင်းပြေ(ပြည်)ရိက္ခာဖူလုံရေး
  စွမ်းအားသွန်လို့ စိုက်ပျိုးပေး။

- သခွားမွှေးနဲ့ ငွေချည်ဝါ
  ဦးကြီးဘထိုက် စိုက်ပျိုးတာ၊
  မြေပဲနေကြာ ပြောင်းဖူးများ
  စိုက်ပျိုးနေတဲ့ ဦးဖိုးထွား။

- ပဲကြီးပဲကျားမတ်ပဲစုံ
  ပြည်ပပို့တဲ့ မြန်မာ့ကုန်၊
  ပဲစင်းငုံတွေ လှိုင်လှိုင်ရ
  အထွက်တိုးလို့ ဝင်ငွေလှ။

- ဦးဘိုးမြက လေ့လာတယ်
  GAP နဲ့စိုက်ဖို့ရှယ်၊
  ပြောင်းစပါးရယ်စမ်းစိုက်ပြ
  အထွက်ကောင်းလို့ ပျော်နေကြ။

- စိတ်ထားလှတဲ့ဦးကြီးတွေ
  နိုင်ငံအတွက် တာဝန်ကျေ၊
  ကျန်းမာပါစေ မေတ္တာပွား
  လယ်ယာချစ်တဲ့ ဦးကြီးများ။ ။

**မောင်ထည်ဝါ(ပျော်ဘွယ်)**

GAP = စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ

# လက်ပံတန်းမြို့နယ် ခြောက်အိမ်တန်းကျေးရွာ၌ မြေနီလမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လက်ပံတန်း ဇွန် ၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေဖြင့် ခြောက်အိမ်တန်းကျေးရွာ၌ မြေနီလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လက်ပံတန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးသက်စိုးနှင့် ဝန်ထမ်းများက ခြောက်အိမ်တန်းကျေးရွာ၌ မြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

ခြောက်အိမ်တန်းကျေးရွာ၌ လမ်းအရှည်ပေ ၁၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ မြေနီလမ်းခင်းခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေကျပ် လေးသန်းဖြင့် ယခုနှစ် မတ်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် မြေနီလမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာပြီး ကျေးရွာမှ ထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**အေးမြတ်**

# အစ္စတန်ဘူလ်မှာကျင်းပမဲ့ ချန်ပီယံလိဂ်ဗိုလ်လုပွဲစဉ်မှာ မန်စီးတီးအသင်းပဲ အနိုင်ရသွားမှာပါ

M L




၂၀၂၂-၂၀၂၃ ချန်ပီယံလိဂ်ပြိုင်ပွဲကို အုပ်စုရှစ်အုပ်စုနဲ့ တစ်အုပ်စုကို အသင်းလေးသင်းနဲ့ယှဉ်ပြိုင်ခဲ့တာကို တွေ့ရမှာပါ။ အဲဒီမှာ ဥရောပ ထိပ်တန်းလိဂ်ငါးခုက အသင်းကြီးတွေ အဓိကပါဝင်ခဲ့ပေမဲ့ ၁၆ သင်း ရှုံးထွက်အဆင့်ကို ရောက်ရှိတဲ့အချိန်မှာ ပရီးမီးယားလိဂ်က သုံးသင်းနဲ့ စီးရီးအေက သုံးသင်းထိ အများဆုံးပါဝင်ခဲ့တာကို တွေ့ရမှာပါ။ ဒီပြိုင် နောက်ဆုံးဗိုလ်လုပွဲစဉ်မှာလဲ ပရီးမီးယားကလပ်နဲ့ စီးရီးအေကလပ်တို့ ထိပ်တိုက်တွေ့ဆုံနေတာလဲဖြစ်ပါတယ်။ အခုနှစ် ချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကိုတော့ တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့မှာ ကျင်းပခွင့်ရရှိထားပြီး လာမဲ့ ဇွန် ၁၀ ရက်မှာ ယှဉ်ပြိုင်ကစားသွားမှာဖြစ်ပါတယ်။

**မန်စီးတီးအသင်း**

ချန်ပီယံလိဂ်ဆုဖလား ရယူဖို့ကြိုးပမ်းနေတဲ့ မန်စီးတီးအသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု(G)မှာ ဒေါ့မွန်အသင်း၊ ဆီဗီလာအသင်း၊ ကိုပင်ဟေဂင် အသင်းတို့နဲ့ တစ်အုပ်စုတည်းကျရောက်ခဲ့တာဖြစ်ပါတယ်။ အဲဒီအုပ်စုမှာတော့ သူတို့အသင်းဟာ အိမ်ကွင်း၊ အဝေးကွင်း ခြောက်ပွဲ ကစားခဲ့ရာမှာ ကိုပင်ဟေဂင်အသင်းနဲ့ ဒေါ့မွန်အသင်းတို့ကိုသာ အဝေးကွင်းမှာ ဂိုးမရှိသရေသာကစားနိုင်ခဲ့ပေမဲ့ ကျန်ပွဲစဉ်လေးပွဲမှာတော့ အနိုင်ရခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ အုပ်စုပွဲစဉ်ပြီးဆုံးချိန်မှာ လေးပွဲနိုင်၊ နှစ်ပွဲသရေ ရလဒ်နဲ့ ရမှတ် ၁၄ မှတ်ရရှိခဲ့ပြီး အုပ်စုပထမနဲ့ ရှုံးထွက်အဆင့်ကို တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ အုပ်စုအဆင့်မှာတော့ တိုက်စစ်မှူး ဟာလန်းနဲ့ အယ်ဗာရက်ဇ်တို့က ပုံစံကောင်းပြသနိုင်ခဲ့ပြီး ဟာလန်းက သွင်းဂိုး ငါးဂိုးထိ သွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။

သူတို့အသင်းဟာ ရှုံးထွက်အဆင့်မှာ ဂျာမန်ကလပ် လိုက်ပ်ဇစ်အသင်းနဲ့ တွေ့ဆုံခဲ့ပြီး ပထမအကျော့အဝေးကွင်းပွဲစဉ်မှာ တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာတော့ နည်းပြဂွါဒီယိုလာဟာ ကစားပုံပြောင်းလဲခဲ့သလို ၄-၂-၃-၁ ကစားကွက်မှာ ဟာလန်းအထောင် တိုက်စစ်မှူးနဲ့ပွဲထွက်ခဲ့ပြီး အဝေးကွင်းပွဲစဉ်တွေမှာ မရှုံးနိမ့်ရေးသာ ဦးတည်ကစားသွားတာကို သတိပြုရမှာပါ။ ဒါပေမဲ့ ဒုတိယအကျော့ အိမ်ကွင်းပွဲစဉ်မှာတော့ ကစားပုံထပ်မံပြောင်းလဲခဲ့ပြီး ၄-၁-၄-၁ ကစားကွက်နဲ့ ပွဲထွက်ခဲ့တာဖြစ်ပါတယ်။ ဒုတိယပိုင်းမှာလဲ မန်စီးတီးအသင်းဟာ ကစားအားကျဆင်းသွားခြင်းမရှိဘဲ လိုက်ပ်ဇစ်အသင်းရဲ့ တိုက်စစ်ဖွင့် ကစားပုံကြောင့် ပွဲချိန် ၅၃ မိနစ်နဲ့ ၅၇ မိနစ်မှာ ဟာလန်း၊ ပွဲချိန် ၄၉ မိနစ်မှာ ဂန်ဒိုဂမ်၊ ပွဲချိန် မိနစ် ၉၀ မှာ ဒီဘရိုင်းတို့ရဲ့ သွင်းဂိုးတွေကို ထပ်မံခွင့်ပြုလိုက်ရတာဖြစ်ပါတယ်။ ဒါကြောင့် မန်စီးတီးအသင်းဟာ ခုနစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်ခဲ့တာကိုတွေ့ရမှာပါ။

ကွာတားဖိုင်နယ်အဆင့်မှာတော့ ချန်ပီယံလိဂ်မှာ အစဉ်အလာကောင်းတွေ ပိုင်ဆိုင်ထားတဲ့ ဘိုင်ယန်မြူးနစ်အသင်းနဲ့ တွေ့ဆုံခဲ့ပေမဲ့ ပထမအကျော့ အိမ်ကွင်းပွဲစဉ်မှာပဲ သုံးဂိုးပြတ်နဲ့ အနိုင်ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ ဒီကစားကွက်ကို အဓိကပုံဖော်ပေးနိုင်တဲ့ ကစားသမားကတော့ ဂွန်စတုန်းနဲ့ ရိုဒရီတို့ဖြစ်ပြီး အသင်းရဲ့ ခံစစ်၊ တိုက်စစ်ကို ထိန်းညှိပေးနိုင်ခဲ့တာကြောင့် ဘိုင်ယန်မြူးနစ်အသင်း အခက်တွေ့ခဲ့ရပြီး ရှုံးပွဲကြုံခဲ့တာဖြစ်ပါတယ်။ ဒုတိယအကျော့ ဘိုင်ယန်မြူးနစ်အဝေးကွင်းမှာလဲ ဂွါဒီယိုလာဟာ ပထမအကျော့က ကစားပုံနဲ့ လူစာရင်းတိုင်းပွဲထွက်လာခဲ့ပေမဲ့ အိမ်ရှင်ဘိုင်ယန်အသင်းအနေနဲ့ ဒီကစားကွက်ကို ယှဉ်ပြိုင်စွမ်းမရှိတာကြောင့် မန်စီးတီးအသင်းကို ထိရောက်တဲ့ ဂိုးပေါက်ခြိမ်းခြောက်မှုတွေ မလုပ်နိုင်ဘဲ အခက်တွေ့ခဲ့ရတာဖြစ်ပါတယ်။ ဦးဆောင်ဂိုးရပြီးနောက်ပိုင်းမှာ မန်စီးတီးအသင်းဟာ ဘောလုံးပိုင်ဆိုင်မှု အသားပေးခဲ့တာကြောင့် ဘိုင်ယန်မြူးနစ်အသင်းချေပဂိုးရဖို့ ရုန်းကန်ခဲ့ရပြီး ပွဲချိန် ၈၃ မိနစ်မှာ ပင်နယ်တီရခဲ့လို့ တစ်ဂိုးစီသရေရလဒ်နဲ့သာ ပြီးဆုံးခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် မန်စီးတီးအသင်းဟာ နှစ်ကျော့ပေါင်းရလဒ်နဲ့ ဆီမီးဖိုင်နယ်အဆင့်ကို တက်ရောက်ခဲ့ပြီး ရီးရဲလ်မက်ဒရစ်နဲ့ တွေ့ဆုံခဲ့တာဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ အောင်မြင်မှုတစ်ကြိမ်မှ မရသေးပေမဲ့ ပြိုင်ဘက်ရီးရဲလ်မက်ဒရစ်ကတော့ ချန်ပီယံဆု ၁၄ ကြိမ်နဲ့ အအောင်မြင်ဆုံးအသင်းဖြစ်နေတာကို တွေ့ရမှာပါ။ ဒါပေမဲ့ ယနေ့ မော်ဒန်ဘောလုံးလောကမှာ ကစားကွက်အသစ်တွေကို ထုတ်ဖော်ခဲ့တဲ့ ဂွါဒီယိုလာကတော့ ပထမအကျော့အဝေးကွင်းပွဲစဉ်မှာကတည်းက ရီးရဲလ်မက်ဒရစ်ကို ဖိအားပေးကစားနိုင်ခဲ့တာကြောင့် တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့ပြီး ဒုတိယအကျော့အိမ်ကွင်းမှာလဲ လေးဂိုးပြတ်နဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့နှစ်က ရှုံးကြွေးကို ပြန်ဆပ်ခဲ့နိုင်ပြီး ဗိုလ်လုပွဲကိုတက်ရောက်ခဲ့တာကို တွေ့ရမှာပါ။

လက်ရှိ မန်စီးတီးအသင်းတိုက်စစ်မှာ စောင့်ကြည့်ရမဲ့ ကစားသမားတွေကတော့ ဟာလန်း၊ ဘာနာဒိုဆေးဗား၊ ဂရီလစ်၊ ဒီဘရိုင်း၊ ဂန်ဒိုဂမ် တို့ဖြစ်ပြီး ဟာလန်းကတော့ သွင်းဂိုး ၁၂ ဂိုးနဲ့ ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသလို ဒီဘရိုင်းကလဲ ဂိုးဖန်တီးမှုခြောက်ကြိမ်နဲ့ ဂိုးဖန်တီးမှုအများဆုံး ကစားသမားအဖြစ်ရပ်တည်နေတာကို တွေ့ရမှာပါ။

**အင်တာမီလန်အသင်း**

ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းမှာ ဗိုလ်လုပွဲ ငါးကြိမ်ထိတက်ရောက်ခဲ့တဲ့ အင်တာမီလန်အသင်းဟာ သုံးကြိမ်ဆုဖလား ရယူနိုင်ခဲ့ပေမဲ့ ဒီတစ်ကြိမ်မှာတော့ မန်စီးတီးအသင်းကို ကျော်ဖြတ်ဖို့ဆိုတာ ကစားသမားစုဖွဲ့မှုနဲ့ နည်းစနစ်ပိုင်းက တအားကွာခြားလွန်နေတာကို တွေ့ရမှာပါ။ အင်တာမီလန်အသင်းဟာ ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စု(C)မှာ ဘိုင်ယန်မြူးနစ်၊ ဘာစီလိုနာ၊ ပလာဇန်အသင်းတို့နဲ့ တစ်အုပ်စုတည်း ကစားခဲ့ရပေမဲ့ အုပ်စုဒုတိယနေရာနဲ့ ရှုံးထွက်အဆင့်ကို တက်ရောက်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အုပ်စုအဆင့်မှာ ဘိုင်ယန်မြူးနစ်ကို နှစ်ကျော့စလုံး ရှုံးနိမ့်ခဲ့ပေမဲ့ ဘာစီလိုနာအသင်းကို တစ်ပွဲသရေ၊ တစ်ပွဲနိုင်၊ ပလာဇန်အသင်းကို နှစ်ကျော့စလုံး အနိုင်ရခဲ့တာကြောင့် ရမှတ် ၁၀ မှတ်နဲ့ အုပ်စု ဒုတိယနေရာနဲ့ နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်တွေမှာတော့ သူတို့အသင်းဟာ ၅-၃-၂ ကစားကွက်နဲ့ ခံစစ်အသားပေးခဲ့ပြီး တန်ပြန်တိုက်စစ်တွေကနေသာ ဂိုးရဖို့ကြိုးစားခဲ့တာကို တွေ့ရမှာပါ။ ဒီကစားကွက်မှာ နောက်တန်းတောင်ပံကစားသမားနှစ်ယောက်ဟာ လိုအပ်ရင် ခံစစ်၊ တိုက်စစ် လိုက်ပါကစားနိုင်တာကို သတိပြုရမှာပါ။

အင်တာမီလန်အသင်းဟာ ရှုံးထွက်အဆင့်မှာတော့ ပေါ်တူဂီကလပ် ပေါ်တိုနဲ့ တွေ့ဆုံခဲ့ပေမဲ့ ၅-၃-၂ ကစားကွက်နဲ့ ပွဲထွက်ခဲ့ပြီး ပထမအကျော့ အိမ်ကွင်းမှာ တစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ တိုက်စစ်ပိုင်းက မာတီနက်ဇ်၊ ဒီဇစ်ကိုတို့အတွဲကို လူကာကူနဲ့ အလှည့်ကျကစားစေခဲ့တာကို တွေ့ရမှာပါ။ ဒုတိယအကျော့မှာတော့ ၅-၃-၂ ကစားကွက်ကနေ ၃-၅-၂ ပြောင်းလဲခဲ့ပြီး ဒမ်းဖရိုင်းနဲ့ ဒီမာကိုတို့ကို ကွင်းလယ်မှာ ထည့်သွင်းအသုံးပြုခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီကစားသမားတွေရဲ့ ရှေ့၊ လယ်၊ နောက် ဆင်းပြီးကစားနိုင်မှုတွေကြောင့် အင်တာမီလန်အသင်း လိုအပ်တဲ့ သရေတစ်မှတ် ရယူနိုင်ခဲ့ပြီး ပေါ်တိုအသင်းကို နှစ်ကျော့ပေါင်း တစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့လို့ ကွာတားဖိုင်နယ်အဆင့်တက်ရောက်ခဲ့တာကို တွေ့ရမှာပါ။

ကွာတားဖိုင်နယ်အဆင့်မှာတော့ တိုက်စစ်ကောင်းတဲ့ ဘင်ဖီကာအသင်းနဲ့ တွေ့ဆုံခဲ့ပေမဲ့ အဝေးကွင်းပွဲစဉ်မှာ နှစ်ဂိုး ဂိုးမရှိနဲ့ အနိုင်ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ ဘင်ဖီကာအသင်းဟာ အင်တာမီလန်ကို ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ကစားနိုင်ပေမဲ့ ထိရောက်တဲ့ ဂိုးပေါက်ခြိမ်းခြောက်မှုကိုတော့ အင်တာမီလန်ကလဲ လုပ်ဆောင်နိုင်ခဲ့သလို ကွင်းလယ်က ဘာရယ်လာ၊ မက်ခီတာရန်း၊ ဘရိုဇိုဗစ်တို့အတွဲက ဘင်ဖီကာတိုက်စစ်ကို အကောင်းဆုံး ထိန်းချုပ်သွားခဲ့တာကို တွေ့ရမှာပါ။ ဒါကြောင့် သုံးဂိုးတစ်ဂိုးနဲ့ ရှုံးနိမ့်နေတဲ့ ဘင်ဖီကာဟာ ချေပဂိုးရရှိဖို့ ဆက်တိုက်ရုန်းခဲ့တာကြောင့် ကစားအားချလိုက်တဲ့ အင်တာမီလန်အနေနဲ့ ပွဲချိန် ၈၆ မိနစ်နဲ့ ပွဲချိန် မိနစ် ၉၀ ကျော်မှာ ချေပဂိုးနှစ်ဂိုးခွင့်ပြုလိုက်ရပြီး တစ်ဖက်သုံးဂိုးစီနဲ့ သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အင်တာမီလန်အသင်းဟာ နှစ်ကျော့ပေါင်း ငါးဂိုးသုံးဂိုးနဲ့ နောက်တစ်ဆင့်တက်ရောက်ခဲ့တာဖြစ်ပါတယ်။

ဆီမီးဖိုင်နယ်အဆင့်မှာတော့ မြို့ခံပြိုင်ဘက် အေစီမီလန်နဲ့ တွေ့ဆုံခဲ့တာကြောင့် အင်တာမီလန်အသင်း သက်သာရာရခဲ့တယ်လို့ ဆိုရမှာပါ။ အင်တာမီလန်ဟာ အေစီမီလန်နဲ့တွေ့ရင် အမြဲတမ်းအသာရလေ့ရှိတာကြောင့် အခုပွဲစဉ်ပထမအကျော့မှာလဲ ပထမပိုင်းကတည်းက ဒီဇစ်ကို၊ မက်ခီတာရန်းတို့ရဲ့ဂိုးတွေနဲ့ ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာလဲ အေစီမီလန်အသင်းဟာ ကွင်းလယ်ကစားအားကျဆင်းနေတာကြောင့် တိုက်စစ်မှူးဂီရောဒ်ကို မပံ့ပိုးနိုင်ခဲ့လို့ ဂိုးရဖို့ခက်ခဲခဲ့ပြီး အင်တာမီလန်အသင်းကတော့ ကွင်းလယ်နဲ့ တိုက်စစ်အချိတ်အဆက်မိမိကစားနိုင်ခဲ့ပြီး ဒီမာကို၊ ဒမ်ဖရိုင်းတို့ရဲ့ ဖြတ်တင်ဘောတွေ ထိရောက်ခဲ့တာကြောင့် ပွဲချိန် ၇၄ မိနစ်မှာ မာတီနက်ဇ်က ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး တစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အင်တာမီလန်အသင်းဟာ အေစီမီလန်အသင်းကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုးဂိုးမရှိနဲ့ အနိုင်ယူပြီး ဗိုလ်လုပွဲကို တက်ရောက်ခဲ့တာကို တွေ့ရမှာပါ။

လက်ရှိသူတို့အသင်းမှာ စောင့်ကြည့်ရမဲ့ ကစားသမားတွေကတော့ မာတီနက်ဇ်၊ ဒီဇစ်ကို၊ လူကာကူ၊ ဘာရယ်လာ၊ ကယ်ဟာနိုဂလူ၊ ဒီမာကို၊ ဒမ်ဖရိုင်းတို့ဖြစ်ပြီး ဂိုးသွင်းအများဆုံး ကစားသမားကတော့ ဒီဇစ်ကို လေးဂိုးနဲ့ ဂိုးဖန်တီးမှုအများဆုံးကတော့ ဒီမာကို ငါးကြိမ် ဖန်တီးမှုပြုလုပ်နိုင်ခဲ့တာကို တွေ့ရမှာပါ။

သူတို့နှစ်သင်း ကစားသမားစုဖွဲ့မှုမှာတော့ မန်စီးတီးအသင်းက အင်တာမီလန်အသင်းထက် အရန်ကစားသမား အင်အားတောင့်တင်းသလို နည်းစနစ်ပိုင်းနဲ့ နည်းပြအတွေ့အကြုံပိုင်းမှာလဲ ဂွါဒီယိုလာဟာ နည်းပြ အင်ဇာဂီထက် များစွာသာလွန်နေတာကို သတိပြုရမှာပါ။ ဒါကြောင့် ပြီးခဲ့တဲ့နှစ်မှာ ဆီမီးအဆင့်က ထွက်လိုက်ရတဲ့ မန်စီးတီးဟာ ဒီနှစ်မှာ လိုအပ်ချက်တွေ ပြန်လည်ဖြည့်ဆည်းနိုင်ခဲ့ပြီး ဗိုလ်လုပွဲတက်ရောက်ခဲ့တာကြောင့် မန်စီးတီးအသင်းသာ အနိုင်ရမှာဖြစ်ပါတယ်။

**မန်စီးတီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၄ | - | ၀ | ရီးရဲလ်မက်ဒရစ် |
| မန်စီးတီး | ၁ | - | ၀ | ချဲလ်ဆီး |
| ဘရိုက်တန် | ၁ | - | ၁ | မန်စီးတီး |
| ဘရန့်ဖို့ဒ် | ၁ | - | ၀ | မန်စီးတီး |
| မန်စီးတီး | ၂ | - | ၁ | မန်ယူ |

**အင်တာမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အင်တာမီလန် | ၁ | - | ၀ | အေစီမီလန် |
| နာပိုလီ | ၃ | - | ၁ | အင်တာမီလန် |
| ဖီအိုရင်တီးနား | ၁ | - | ၂ | အင်တာမီလန် |
| အင်တာမီလန် | ၃ | - | ၂ | အတ္တလန်တာ |
| တိုရီနို | ၀ | - | ၁ | အင်တာမီလန် |

# အာရေဗျပင်လယ်အတွင်းဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း ဘိုင်ပါဂျွိုင် အလွန်အားကောင်းသောမုန်တိုင်းအဖြစ် ပါကစ္စတန်နိုင်ငံသို့ ဖြတ်ကျော်နိုင်



**အဇ္ဇလာဗ်မာဘတ်** **ဇွန် ၈**

အာရေဗျပင်လယ်အတွင်း ဖြစ်ပေါ်လျက်ရှိသော ဆိုင်ကလုန်းမုန်တိုင်း ဘိုင်ပါဂျွိုင်သည် ပါကစ္စတန်နိုင်ငံတောင်ဘက် ကီလိုမီတာ ၁၄၉၀ အကွာကို ဗဟိုပြုနေပြီးနောက် ၂၄ နာရီအတွင်း အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ပြောင်းလဲနိုင်ကာ ပါကစ္စတန်နိုင်ငံသို့ ဖြတ်ကျော်ဝင်ရောက်နိုင်ကြောင်း အိန္ဒိယမိုးလေဝသဌာန၏ ဇွန် ၇ ရက် သတင်းထုတ်ပြန်ချက်များကို ကိုးကား၍ Business Today သတင်းဌာနက ဇွန် ၇ ရက်တွင် ရေးသားဖော်ပြထားသည်။

ဆိုင်ကလုန်းမုန်တိုင်း ဘိုင်ပါဂျွိုင်သည် မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး နောက် ၂၄ နာရီအတွင်း အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ပြောင်းလဲလာမည်ဖြစ်ရာ အိန္ဒိယနိုင်ငံဒေသအသီးသီးတွင် လေပြင်းတိုက်ခတ်မှုသတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

"ဆိုင်ကလုန်မုန်တိုင်းက မြောက်ဘက်ကို ဆက်လက်ရွေ့လျားဖွယ်ရှိနေပြီး အဲဒီအချိန်မှာတော့ ကမ်းရိုးတန်းဒေသတွေမှာ ပြင်းထန်တဲ့သက်ရောက်မှုတွေရှိလာနိုင်ပါတယ်"ဟု မွန်ဘိုင်းမြို့ မိုးလေဝသဌာနမှ အကြီးအကဲတစ်ဦးဖြစ်သူ Sunil Kamble က ပြောကြားခဲ့သည်။

အဆိုပါမုန်တိုင်းသည် လာမည့်သုံးရက်အတွင်း မြောက် သို့မဟုတ် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းထားပြီး အာရေဗျပင်လယ်နှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ကာရာလာပြည်နယ်၊ ကာနာတာကပြည်နယ်နှင့် ဂိုအာပြည်နယ်တို့ကို သက်ရောက်မှုရှိနိုင်ကြောင်း အိန္ဒိယမိုးလေဝသဌာနက ခန့်မှန်းထားသည်။

မုန်တိုင်းသည် ယနေ့တွင် တစ်နာရီ ကီလိုမီတာ ၁၃၀ မှ ၁၅၅ ကီလိုမီတာထိလည်းကောင်း၊ ဇွန် ၉ ရက်တွင် တစ်နာရီ ကီလိုမီတာ ၁၆၀ ထိလည်းကောင်း၊ ဇွန် ၁၀ ရက်တွင် ကီလိုမီတာ ၁၇၀ ထိလည်းကောင်း တိုက်ခတ်ပြီး ပါကစ္စတန်နိုင်ငံ ကုန်းတွင်းပိုင်းသို့ ဆက်လက် ဝင်ရောက်ဖွယ်ရှိကြောင်း အိန္ဒိယမိုးလေဝသဌာန၏ ခန့်မှန်းချက်များအရ သိရသည်။

AZH

# ယူကရိန်းနိုင်ငံတောင်ဘက်ပိုင်းတွင် ရေကြီးရေလျှံသဖြင့် ဒေသခံများဘေးလွတ်ရာရွှေ့ပြောင်း

**ကီယက်ဗ်** **ဇွန် ၈**

ယူကရိန်းနိုင်ငံတောင်ဘက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် ဒနီပရိုမြစ်ရေလျှံတက်မှုဖြစ်ပွားသဖြင့် ဒေသခံလူဦးရေ အမြောက်အမြား ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရကြောင်း ယူကရိန်းအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Aljazeera သတင်းဌာနက ဇွန် ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဒနီပရိုမြစ်ရေလျှံတက်မှုကြောင့်လည်း နိုဗာကာကိုဗ်ဗာရေလှောင်တမံအတွင်း ရေပမာဏမြင့်တက်ကာ ရေလျှံကျမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဒေသခံအများစုမှာ အရေးပေါ်အခြေအနေဖြင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ကြရကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့် လူဦးရေ ထောင်နှင့်ချီ၍ရှိနေပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသော ဒေသခံအများစုမှာ အန္တရာယ်ဇုန်အတွင်းမှဖြစ်ကြောင်း ယူကရိန်းအာဏာပိုင်အဖွဲ့အစည်းကအတည်ပြုခဲ့သည်။

ရေဘေးအန္တရာယ်ဖြင့် အဆိုးရွားဆုံးရင်ဆိုင်နေရသည့် ဧရိယာများတွင် ရေပမာဏမှာ နေအိမ်များမြုပ်သည်ထိ မြင့်တက်နေပြီး ထိခိုက်ဒဏ်ရာရရှိသူတချို့လည်း ရှိခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူများကိုလည်း ဆေးရုံများတွင် အရေးပေါ်အခြေအနေဖြင့် ဆေးကုသမှုများ ပြုလုပ်ပေးလျက်ရှိပြီး ထိခိုက်ဒဏ်ရာရရှိသူ စာရင်းကို တရားဝင်ထုတ်ပြန်နိုင်ခြင်းမရှိသေးသည့်အတွက် ပျက်စီးဆုံးရှုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိသူ အတိအကျကို မသိနိုင်သေးကြောင်း ယူကရိန်းအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**



# ဘင်္ဂလားဒေ့ရှ်တွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် မူလတန်းကျောင်းများ ယာယီပိတ်ထားရ

**ဒါကာ** **ဇွန် ၈**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဇွန် ၆ ရက်က အပူလှိုင်းဖြတ်သန်းသဖြင့် အပူချိန်မြင့်တက်မှုများ ဖြစ်ပေါ်နေပြီး အပူချိန်မြင့်တက်မှုကြောင့် အခြေခံပညာမူလတန်းကျောင်းများကို ယာယီပိတ်ထားရကြောင်း ဘင်္ဂလားဒေ့ရှ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Swissinfo သတင်းဌာနက ဇွန် ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အပူချိန်မှာ ၄၁ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး အပူချိန်မြင့်တက်မှုကြောင့် လျှပ်စစ်မီးများ ဖြတ်တောက်ထားရကာ အရွယ်မရောက်သေးသည့် ကလေးငယ်များအတွက် အန္တရာယ်ရှိနိုင်သဖြင့် အခြေခံပညာမူလတန်းကျောင်းများကို ယာယီပိတ်ထားရခြင်းဖြစ်ကြောင်း၊ စာသင်ကျောင်းများကို ရက်သတ္တပတ်နှစ်ပတ်ခန့် ယာယီပိတ်ထားရဖွယ်ရှိနေကြောင်း ဘင်္ဂလားဒေ့ရှ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ အပူချိန်မြင့်တက်မှုကြောင့် လျှပ်စစ်ဓာတ်အားဖြန့်ဝေမှုကို ယာယီဖြတ်တောက်ထားရတယ်။ အပူချိန်မြင့်တက်မှု ကာလရှည်ကြာနိုင်တဲ့အတွက်ကြောင့်လဲ လျှပ်စစ်မီးဖြတ်တောက်ထားမှုဟာ ရက်သတ္တပတ် နှစ်ပတ်လောက်ထိ ကြာမြင့်သွားနိုင်ပါတယ်"ဟု ဘင်္ဂလားဒေ့ရှ် လျှပ်စစ်စွမ်းအင်၊ စွမ်းအင်နှင့် သတ္တုအရင်းအမြစ်ဝန်ကြီး နက်ရှုလ်ဟာမစ်က ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၂၀၂၃ ခုနှစ် နွေကာလအတွင်း မကြာခဏ အပူလှိုင်းဖြတ်သန်းမှု ဖြစ်ပေါ်နေခြင်းမှာ ရာသီဥတုပြောင်းလဲမှု မြန်ဆန်နေခြင်းကြောင့်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရာသီဥတုဖောက်ပြန်မှုနှုန်းမြင့်မားသည့် ကမ္ဘာ့နိုင်ငံများစာရင်းတွင် ပါဝင်နေပြီး အပူချိန်မြင့်တက်မှုမှာလည်း ဆက်လက်၍ အခြေအနေပိုမိုဆိုးရွားလာနိုင်ကြောင်း သိရသည်။

**ခိုင်းဆက်**

# မွန်ပြည်နယ်အတွင်း ယခုနှစ်မိုးရာသီတွင် လူထုဖြန့်ပျိုးပင် သုံးသိန်းစိုက်ပျိုးသွားမည်

**မော်လမြိုင်** **ဇွန် ၈**

မွန်ပြည်နယ်အတွင်း ယခုနှစ်မိုးရာသီတွင် လူထုဖြန့်ပျိုးပင် သုံးသိန်းထိ စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မွန်ပြည်နယ် သစ်တောဦးစီးဌာန၏ သတင်းများအရ သိရသည်။

မွန်ပြည်နယ်အတွင်း နှစ်စဉ်နှစ်တိုင်း မိုးရာသီတွင်သစ်ပင်အမျိုးမျိုးကို ဒေသစိမ်းလန်းစိုပြည်ရေး၊ သစ်တောသစ်ပင်ပြုန်းတီးမှုများကို ပြန်လည်အစားထိုးနိုင်ရေး၊ သဘာဝပတ်ဝန်းကျင် ပြောင်းလဲလာမှုနှင့် ဂေဟစနစ်ပြောင်းလဲမှုများကို ပြုပြင်ထိန်းသိမ်းဆောင်ရွက်နိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပပြုလုပ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် မွန်ပြည်နယ် သစ်တောဦးစီးဌာနအနေဖြင့် မွန်ပြည်နယ်အတွင်းရှိ မြို့နယ်များ၌ လူထုဖြန့်ပျိုးပင်သုံးသိန်းကို စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဇွန်လပထမပတ်က ပထမအကြိမ်အဖြစ် မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ် (၆) အခြေခံပညာအလယ်တန်းကျောင်းဝင်းအတွင်း သစ်ပင်စိုက်ပျိုးပွဲကိုကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲတော်တွင် သစ်မာအမျိုးအစားများဖြစ်သော ကျွန်း၊ သက်န်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ မန်ကျည်းရှား၊ ပျဉ်းမ၊ ယမနေ စသည့် သစ်ပင်အမျိုးအစား ခုနစ်မျိုးကို အပင်ရေ ၁၀၀၀ ထိ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ် သစ်တောဦးစီးဌာနအနေဖြင့် ယခုနှစ် မိုးရာသီ၌ ပျိုးပင်သုံးသိန်းထိ စိုက်ပျိုးဆောင်ရွက်ရာတွင် ဒေသမျိုးရင်းအဖိုးတန်သစ်မျိုးများ၊ ရာသီအလိုက် ဖူးပွင့်နိုင်သည့်အပင်များ၊ ကြီးမြန်သစ်မျိုးများ၊ အမြဲစိမ်းသစ်မျိုးများ၊ အရိပ်ရသစ်မျိုးများ စသည့် အပင်အမျိုးမျိုးကို အစီအစဉ်တကျ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းချမ်း**

# သြစတြေးလျတွင် ယခုနှစ်အတွင်း အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်လာနိုင်မှု ၇၀ ရာခိုင်နှုန်းရှိ

**ကင်ဘာရာ** **ဇွန် ၈**

သြစတြေးလျနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုများဖြစ်ပေါ်နေပြီး ယခုနှစ်အတွင်း အယ်လ်နီညိုရာသီဥတုဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကာ အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်လာနိုင်မှုနှုန်းမှာ ၇၀ ရာခိုင်နှုန်းရှိနေကြောင်း သြစတြေးလျမိုးလေဝသဗျူရိုက ထုတ်ပြန်ခဲ့သည်ဟု XM သတင်းဌာနက ဇွန် ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယခုနှစ်အစောပိုင်းတွင် သြစတြေးလျမိုးလေဝသဗျူရိုက အယ်လ်နီညိုရာသီဥတု ဖြစ်ပေါ်လာနိုင်သည့်အခြေအနေနှင့်ပတ်သက်ပြီး သတိထားစောင့်ကြည့်ရမည့်အခြေအနေအဖြစ်သာ သတ်မှတ်ခဲ့သော်လည်း နောက်ဆုံးတိုင်းတာချက်များအရ အယ်လ်နီညိုရာသီဥတုနှင့်ပတ်သက်၍ သတိပေးအဆင့်အဖြစ် ပြောင်းလဲသတ်မှတ်လိုက်ကြောင်း သြစတြေးလျ မိုးလေဝသဗျူရိုက ထုတ်ပြန်ခဲ့သည်။

"အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်လာနိုင်တဲ့အတွက် ပူပြင်းခြောက်သွေ့တဲ့ ရာသီဥတုဒဏ်ကိုခံရနိုင်တယ်။ အယ်နီလ်ညိုရာသီဥတုဖြစ်ပေါ်လာနိုင်နှုန်းက ၇၀ ရာခိုင်နှုန်းထိရှိနေတဲ့အတွက် အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်လာပြီဆိုရင်တော့ ဆောင်းရာသီ သီးနှံစိုက်ပျိုးမှုတွေ အခက်တွေ့လာနိုင်တယ်။ ဆောင်းရာသီသီးနှံအထွက်နှုန်းကလဲ စံချိန်တင်ကျဆင်းဖွယ်ရှိနေပါတယ်။ ပစိဖိတ်သမုဒ္ဒရာဘက်ပိုင်းမှာ အပူချိန်မြင့်တက်နေပြီး အယ်လ်နီညိုရာသီဥတုနဲ့ပတ်သက်ပြီး စောင့်ကြည့်အဆင့်ကနေ သတိပေးအဆင့်အဖြစ် ပြောင်းလဲသတ်မှတ်လိုက်ပြီဖြစ်ပါတယ်။ ပူပြင်းခြောက်သွေ့တဲ့ ရာသီဥတုကြောင့် တောမီးအန္တရာယ်ကို သတိထားရမဲ့အခြေအနေဖြစ်ပါတယ်။ အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်နိုင်တဲ့ကာလကလဲ ကြာမြင့်နိုင်တဲ့အတွက် ပူပြင်းခြောက်သွေ့တဲ့ ရာသီဥတုနဲ့ ကာလရှည်ရင်ဆိုင်ရနိုင်ပါတယ်"ဟု သြစတြေးလျမိုးလေဝသဗျူရိုမှပြောရေးဆိုခွင့်ရှိသူ ကက်သရင်းဂန်တာက ပြောကြားခဲ့သည်။

အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်လာပါက ဆောင်းရာသီသီးနှံစိုက်ပျိုးမှုများအခက်တွေ့နိုင်ပြီး သီးနှံအထွက်နှုန်းမှာ စံချိန်တင်ကျဆင်းဖွယ်ရှိနေကြောင်း၊ အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်လာမည်ဆိုပါက ခြောက်သွေ့ပူပြင်းသည့် ရာသီဥတုဖြင့် ရင်ဆိုင်ရမည်ဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများ အထိနာလာနိုင်ဖွယ်ရှိနေကြောင်း သိရသည်။

**ခိုင်းဆက်**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ







မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့

မန္တလေး

## ချိပ်ပိတ်ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့မှ ရွှေဆိုင်းတင်ဒါအမှတ်စဉ် (၂/၂၀၂၃-၂၀၂၄)အတွက် ရွှေဆိုင်းများ ဝယ်ယူသွားမည်ဖြစ်ပါသဖြင့် ချိပ်ပိတ် ဈေးပြိုင်တင်ဒါ တင်သွင်းလျှောက်ထားနိုင်ပါသည်။

(က) ဝယ်ယူမည့်ရွှေဆိုင်းအရွယ်အစား - ၁. ၇၅"×၁. ၇၅" ပတ်လည်ရွှေဆိုင်း
(ခ) ဝယ်ယူမည့်ရွှေဆိုင်းအရေအတွက် - အဆိုင်း (၁၀၀၀၀)
(ဂ) တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - (၁၀-၆-၂၀၂၃)
(ဃ) လျှောက်လွှာတင်သွင်းရမည့်နေ့ရက်/အချိန် - (၁၇-၆-၂၀၂၃)ရက်၊ မွန်းလွဲ (၃း၃၀)နာရီ
(င) လျှောက်လွှာ(၁)စောင်နှုန်း - ကျပ် ၂၀,၀၀၀/-

၂။ ချိပ်ပိတ်ဈေးပြိုင်တင်ဒါပုံစံများရောင်းချခြင်းနှင့်ဝယ်ယူရမည့်နေရာမှာ မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့ရုံး အခွန်ဘဏ္ဍာဌာနတွင် ဝယ်ယူတင်သွင်းရန်နှင့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉၇၉၇ ၃၂၈၂၈၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မဟာမုနိဘုရားကြီးဂေါပကအဖွဲ့**

## Jaguco Myanmar Int Co.,Ltd

**လူသုံးကုန်ဆေးနှင့် ဆေးဝါးဖြန့်ချိရေးလုပ်ငန်း**

**ဝန်ထမ်းအလိုရှိသည်။**

1. တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
2. အသက် (၂၅)နှစ်အောက်ဖြစ်ရမည်။
3. Sale & Marketing ကို စိတ်ပါဝင်စားသူဖြစ်ရမည်။
4. ဆိုင်ကယ်လိုင်စင်ရှိပြီး ဈေးကွက်သို့ သွား/လာနိုင်သူဖြစ်ရမည်။
5. နယ်သို့ ခရီးသွားလာနိုင်သူဖြစ်ရမည်။
6. ဆက်ဆံရေးပြေပြစ်ကောင်းမွန်ပြီး အများနှင့်ပူးပေါင်းဆောင်ရွက်နိုင်သူဖြစ်ရမည်။

**CV Form** ကို **Viber** မှ **(30-06-2023)**ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

**ဆက်သွယ်မေးမြန်းရန် Viber Phone No. 09-404060645 / 09-5108341**

*** အထက်ဖော်ပြပါဖုန်းနံပါတ်သို့သာ Viber မှတစ်ဆင့် CV Form များကို ပေးပို့လျှောက်ထားရန် ***

## မွေးသက္ကရာဇ်အမှန်

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အမက(၁၂)၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် Grade-1 (အောင်) မှ (အဘ) ဦးရဲမင်းဇော် ၏သား မောင်ဇေရဲကိုကို ၏ မွေးသက္ကရာဇ်အမှန်မှာ ဖွားစာရင်းအရ ၁၉-၁-၂၀၁၆ ဖြစ်ပါကြောင်း။ **၁၉-၁-၂၀၁၆**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မလှိုင်မြို့၊ မြို့သစ် အ. ထ. က၊ နဝမတန်း (Grade-9) မှ မမေသူအိမ် နှင့် တောင်သာမြို့နယ်၊ စွန်းလွန်း အ. မ. က ပဥ္စမတန်းမှ မသူဇာငြိမ်း တို့၏ဖခင် ဦးဝေလင်း (ခ) ဦးဝေလင်းဦး သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဝေလင်း (ခ) ဦးဝေလင်းဦး**
**(၉/တသန(နိုင်)၁၅၁၇၄၉)**

### ပျောက်ဆုံးကြောင်း

ကျောက်ဆည်မြို့နယ်နေ မောင်တင် လင်း (အဘ) ဦးထွန်းလှ (၁၄/ကတန(နိုင်)၁၂၁၆၆၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-755522)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၂၅၂၁၆၀၃

### ပျောက်ဆုံးကြောင်း

ဟသ်ာတမြို့နယ်နေ မောင်ဇော ဝင်း (အဘ) ဦးတင်စိုး (၁၄/ဟသတ(နိုင်) ၃၄၂၃၅၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-159043)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၇၇၂၀၁၉၂၂

### ပျောက်ဆုံးကြောင်း

ပန်းတနော်မြို့နေ မောင်စိုးသူ(အဘ) ဦးဝင်းလှိုင် (၁၄/ပတန(နိုင်)၂၈၅၇၁၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-570052)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၆၃၂၇၇၂၄၀

### ပျောက်ဆုံးကြောင်း

ဇလွန်မြို့နေ နော်ရွှေဆိုးဖော (အဘ) ဦးလေးမစ်ဘိုး (၁၄/ဇလန(နိုင်)၁၄၅၈၆၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-486116)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၀၀၉၇၂၁၈

### ပျောက်ဆုံးကြောင်း

ကျိုက်လတ်မြို့နယ်နေ မောင်ရဲထက်ပိုင် (အဘ)ဦးထွန်းထွန်း(၁၄/ကလန(နိုင်)၁၉၉၅၇၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-310835)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၀၀၉၆၉၆၅၀၇

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ပိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**စာအုပ်စာပေလှူဒါန်းစိတ်ဆွေ**

## မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## ခြင်ဆေးခွေ သုံးလျှင် သတိယှဉ် အောက်တွင် ခံခွက် မမေ့နှင့်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရန်နှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းရန်လိုအပ်...

❖ အလားတူ ဥပဒေအရ တည်ငြိမ်ရေးအတွက်လည်း ဆောင်ရွက်ရမည်ဖြစ်...

❖ နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်မှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများကိုလည်း အမြဲမပြတ်ဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိ...

❖ အကြမ်းဖက်မှုဖြစ်စဉ်များလျော့နည်းစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ပြုလုပ်သော မကွေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## အသေးစားအငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြား






အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၈**

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၃)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

**စာမျက်နှာ ၂၁ ကော်လံ ၁ ☆**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။